DR.HENRY C.LEE CRACKING CASES

mgyoe.com SAMPLE BOOK

# ဒေါက်တာဟင်နရီလီ ဖော်ထုတ်ခဲ့သော ဖြစ်ရပ်မှန်မှုခင်းများ

နိုင်းနိုင်းစနေ



mgyoe.com

mgyoe.com SAMPLE BOOK



illustrated by mar na

■

ဒေါက်တာလီ ဆိုတာ ဘယ်သူလဲ...
ဘာကြောင့် သူ့ကို ခေတ်သစ် ရှားလော့ဟုမ်းလို့ တင်စားသလဲ...
ဘာကြောင့် ကမ္ဘာက သူ့ကို ဒီလောက်လိုနေသလဲ...
ဘာကြောင့် သူ ဒီလောက်တော်ရသလဲ...

■

ဒေါက်တာဟင်နရီလီ ( နိုင်းနိုင်းစနေ )
9 782023 000571

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

စာ
ရိပ်
မြိုင်

# ဒေါက်တာ ဟင်နရီလီ ဖော်ထုတ်ခဲ့သော ဖြစ်ရပ်မှန် မှုခင်းများ

နိုင်းနိုင်းစနေ

Facebook Page - Sar Yeik Myaing – စာရိပ်မြိုင်စာပေ
Email - saryeikmyaing@gmail.com
Phone - 09762226020

mgyoe.com

mgyoe.com SAMPLE BOOK

စာရိပ်မြိုင်အမှတ်စဉ် (၅၇)

**ပုံနှိပ်မှတ်တမ်း**

စာမူ မူပိုင် - စာရိပ်မြိုင်



# နိုင်းနိုင်းစနေ

## ဒေါက်တာ ဟင်နရီလီ ဖော်ထုတ်ခဲ့သော ဖြစ်ရပ်မှန် မှုခင်းများ

ထုတ်ဝေသည့်အကြိမ် ♦ ပထမအကြိမ်၊ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ

မျက်နှာဖုံးဒီဇိုင်း ♦ မာဏ

အတွင်းဒီဇိုင်း ♦ နိုင်ဇင်ထွန်း

ထုတ်ဝေသည့်အုပ်ရေ ♦ ၁၀၀၀

စာအုပ်တန်ဖိုး ♦ ၁၁၀၀၀ ကျပ်

ထုတ်ဝေသူ ♦ ဦးပြည့်အာကာ(၀၃၀၉၄-စာရိပ်မြိုင်စာပေ)
အမှတ် (၂၅၃/၂၅၅)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်းမကြီး၊
ဗိုလ်ချုပ်လမ်းနဲ့ အနော်ရထာကြား၊ ကျောက်တံတားမြို့နယ်။

ပုံနှိပ်သူ ♦ ဒေါ်မျိုးမျိုးသန့်(မျိုးမျိုး ပုံနှိပ်လုပ်ငန်း) (၀၁၅၃၃)
အမှတ် ၁၁၊ ၅၆ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖြန့်ချိရေး ♦ စာရိပ်မြိုင်စာပေ၊ အမှတ် (၂၅၃/၂၅၅)၊ ပထမထပ်၊
ပန်းဆိုးတန်းလမ်းမကြီး၊ ဗိုလ်ချုပ်လမ်းနဲ့ အနော်ရထာကြား၊
ကျောက်တံတားမြို့နယ်။ ဖုန်း ၀၉ ၇၆၂၂၂၆၀၂၀

နိုင်းနိုင်းစနေ
ဒေါက်တာ ဟင်နရီလီ ဖော်ထုတ်ခဲ့သော ဖြစ်ရပ်မှန် မှုခင်းများ /
နိုင်းနိုင်းစနေ။ ရန်ကုန်။ စာရိပ်မြိုင်စာပေ။ ၂၀၂၃။
စာမျက်နှာ - ၃၀၄၊ ၁၃. ၉၇ စင်တီ × ၂၀. ၃၂ စင်တီ
(၅၇) ဒေါက်တာ ဟင်နရီလီ ဖော်ထုတ်ခဲ့သော ဖြစ်ရပ်မှန် မှုခင်းများ

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


- လက်တွေ့လောကက ခေတ်သစ် ရှားလော့ဟုမ်း
  (သို့မဟုတ်) **Dr. Henry Lee** ၅
- နိဒါန်း ၁၂
- အခန်း (၁) ၁၅
  ပျောက်ဆုံးသွားတဲ့ကောင်မလေး
- အခန်း (၂) ၇၉
  လျှို့ဝှက်တဲ့ သွေးစွန်းလက်ရာ
- အခန်း (၃) ၁၃၃
  သစ်မှုန့်ဖြတ်စက်အောက်က အပြစ်ကင်းဝိညာဉ်
- အခန်း (၄) ၁၈၃
  ရာစုနှစ် အမှုကြီးစစ်ဆေးမှု
- အခန်း (၅) ၂၆၇
  ကနေဒီနဲ့ ရှေးရေစက်


mgyoe.com

mgyoe.com SAMPLE BOOK

Facebookပေါ်မှာ “လက်တွေ့လောကရဲ့ ခေတ်သစ် ရှားလော့ဟုမ်း (သို့မဟုတ်) Dr. Henry Lee” ဆိုတဲ့ စာတစ်ပုဒ်ကို ကျွန်မ ရေးတင်ပြီး ကမ္ဘာကျော် စုံထောက် ဒေါက်တာလီကို စာဖတ်သူတွေနဲ့ စမိတ်ဆက်ပေး ဖြစ်ခဲ့ပါတယ်။ အဲဒီက အစပြုပြီး ဒီစာအုပ်ကို ကျွန်မ ဘာသာပြန်ရေးသားဖြစ်ခဲ့တာ ဖြစ်ပါတယ်။

♦ ♦ ♦

mgyoe.com

mgyoe.com SAMPLE BOOK

## လက်တွေ့လောကက ခေတ်သစ် ရှားလော့ဟုမ်း (သို့မဟုတ်)
## Dr. Henry Lee

၁၉၉၃ ခုနှစ်၊ ဇန်နဝါရီလက အမေရိကန် အီလီနွိုင်းပြည်နယ် ချီကာဂို မြို့ရဲ့ အနောက်မြောက်အရပ်မှာရှိတဲ့ ပါလဒိုင်း(Palatine)ဆိုတဲ့ ရွာတစ်ရွာမှာ ခုနစ်လောင်းပြိုင် လူသတ်မှုတစ်ခု ဖြစ်ခဲ့တယ်။ ဖြစ်ပုံက အဲဒီရွာမှာ Brown's Chicken ဆိုတဲ့ Fast food စားသောက်ဆိုင်တစ်ဆိုင် ရှိတယ်။ အဲဒီစားသောက် ဆိုင်ရဲ့ ဆိုင်ရှင်လင်မယားအပါအဝင် ဆိုင်ဝန်ထမ်း ငါးယောက်တို့ဟာ ညတစ်ညမှာ အသတ်ခံလိုက်ရတယ်။

သက်ဆိုင်ရာနယ်မြေက ရဲတွေလာစစ်တော့ ဆိုင်ဝန်ထမ်းတွေ ဝင်ထွက် သွားလာတဲ့ ဆိုင်နောက်က တံခါးကလွဲလို့ ကျန်တံခါးတွေအားလုံး ပိတ်ထားတာကို တွေ့ရတယ်။ ဒီအမှုဟာ ၆ လကြာတဲ့အထိ ဘာသဲလွန်စမှ မရခဲ့ဘူး။ ဒီလိုနဲ့ အမှုစစ်ရဲတွေက မှုခင်းဆေးသိပ္ပံပညာရှင်တစ်ဦးကို ရှာပြီး ဒီအမှုကို လာစစ်ဆေး ပေးဖို့ ဖိတ်ခေါ်ခဲ့တယ်။

အဲဒီ မှုခင်းဆေးသိပ္ပံပညာရှင်ကလည်း အလုပ်အရမ်းများတဲ့သူ၊ တခြား အမှုတွေလည်း စစ်နေရသေးတာမို့ ၇ လောင်းပြိုင်လူသတ်မှုအတွက် ချက်ချင်း မသွားနိုင်ခဲ့ဘူး။ ဒီလိုနဲ့ ၆ လ ကြာသွားပြန်တယ်။ အမှုဖြစ်ပြီး ၁ နှစ်ကြာမှ ဒီမှုခင်းဆေးသိပ္ပံပညာရှင်က အမှုကိုလက်ခံပြီး ဖြစ်ပွားတဲ့နေရာကို သွားခဲ့တယ်။ ၁ နှစ်ကြာပြီဆိုတော့ အလောင်းတွေလည်း မြှုပ်လိုက်ပြီ။ သဲလွန်စဆိုလို့ ရိုက်ထား

mgyoe.com

mgyoe.com SAMPLE BOOK

တဲ့ ခွက်ပုံနဲ့ အမှိုက်ပုံးထဲက အမှိုက်ထုပ်တစ်ထုပ်ပဲ ကျန်တော့တယ်။

သဲလွန်စလည်း မကျန်ဘူး။ ဖြစ်တာလည်း ၁ နှစ်ကြာပြီဆိုတော့ ဘယ်ကနေ စစစ်ဆေးရမှန်းမသိ ဖြစ်ခဲ့တယ်။ နောက်တော့ ကျန်ခဲ့တဲ့ အဲဒီအမှိုက်ထုပ်ကိုပဲ စစ်ဆေးဖို့ ရှိတော့တယ်ဆိုတော့ တချို့က အံ့သြကြတယ်။ တစ်နှစ်ကြာ ရေခဲသေတ္တာထဲ သိမ်းထားတဲ့ အဲဒီအမှိုက်ထုပ်မှာ ကြက်ကြော်နဲ့ အာလူးချောင်းကြော် တချို့ကလွဲပြီး ဘာမှ ထွေထွေထူးထူး မရှိဘူးပေါ့။

ဒါပေမဲ့ အဲဒီမှုခင်းဆေးသိပ္ပံပညာရှင်က ရတယ်. . . အဲဒီအမှိုက်ထုပ်ကိုပဲ စစ်မယ်ဆိုပြီး စစ်ပါတော့တယ်။ အာလူးချောင်းကြော်ကို သူ ရေတွက်ကြည့်တယ်။ ကြက်ကြော် ဘယ်နှတုံးလဲ၊ ကြက်ပေါင်လား၊ ကြက်ရင်အုံလား၊ ကြက်တောင်ပံလား သူ ခွဲးကြည့်တယ်။ ခွဲးကြည့်ပြီးတော့ ဒါဟာ တစ်ပွဲစာ၊ လူတစ်ယောက်စာအတွက် အစားအစာ ဖြစ်တယ်လို့ သူ ပိုင်းဖြတ်တယ်။

တစ်ပွဲစာဆိုပေမယ့် ကြက်တောင်ပံတစ်ချောင်းကတော့ ပိုနေတယ်။ ဒီအစားအစာတွေကို ဘယ်အချိန်မှာ လာဝယ်လို့ ရောင်းလိုက်သလဲ ဆိုပြီး ငွေသိမ်းတဲ့ စာရင်းကို ကြည့်တော့ ည ၉ နာရီ၊ ၇ မိနစ်မှာ လာဝယ်ထားတာ တွေ့ရတယ်။ တကယ်ဆို ဒီဆိုင်က ည ၉ နာရီဆိုပိတ်ပြီ။ ဆိုင်ပိတ်ပြီဆိုတာနဲ့ ဘယ်သူ လာဝယ်ဝယ် ရောင်းတော့တာ မဟုတ်ဘူး။ ဒါပေမဲ့ ဒီအစားအစာတွေကို ည ၉ နာရီ၊ ၇ မိနစ်မှာ ရောင်းလိုက်တယ်ဆိုတာကို ကြည့်ခြင်းအားဖြင့် ဒါဟာ လူရင်းထဲက လာဝယ်တာဖြစ်ရမယ်လို့ အဲဒီပညာရှင်က ပိုင်းဖြတ်ပြန်တယ်။

အဲဒီနောက် စားထားတဲ့ကြက်ကြော်တွေကို သူ ကြည့်ပြန်တယ်။ ကြက်ပေါင်ကို တစ်ကိုက်ပဲ ကိုက်ထားတယ်၊ ကြက်တောင်ပံကိုကျတော့ အကုန်စားပြီး တောင်ပံအရိုးထိပ်ကိုပါ ကိုက်ထားတာ တွေ့လိုက်တယ်။ လူမျိုးတွေမှာ မတူတဲ့ အကြိုက်တွေ ရှိကြတယ်။ ကြက်သားချင်းအတူတူ တချို့လူမျိုးက ကြက်တောင်ပံကို ပိုကြိုက်တယ်၊ တချို့က ရင်အုံကို ပိုကြိုက်တယ်၊ တချို့က ပေါင်သားကို ပိုကြိုက်တယ်။ ဒီလိုနဲ့ အဲဒီပညာရှင်က ဘယ်လိုလူမျိုးက ကြက်တောင်ပံကို ပိုကြိုက်တတ်သလဲဆိုပြီး လေ့လာကြည့်တော့ စပိန်လူမျိုးတွေက ကြက်တောင်ပံ ပိုကြိုက်တတ်တယ်ဆိုတာကို တွေ့လိုက်တယ်။ အဲဒီမှာ လူသတ်တရားခံ ဖြစ်နိုင်ချေရှိသူဟာ ဒီဆိုင်ရှင်နဲ့ ရင်းနှီးသူ ဖြစ်ရမယ်၊ စပိန်လူမျိုးဖြစ်ဖို့များတယ်လို့ သူ ပိုင်းဖြတ်လိုက်ပြန်တယ်။

အဲဒီနောက် စားထားတဲ့ ကြက်တောင်ပံကနေ တရားခံရဲ့ DNA ကို

mgyoe.com

mmyoe.com SAMPLE BOOK


ယူတယ်။ ဆိုင်မှာ အလုပ်လုပ်ခဲ့တဲ့လူတွေက များတော့ တစ်ယောက်ချင်း DNA လိုက် မစစ်နိုင်ခဲ့ဘူး။ မှုခင်းဆေးသိပ္ပံပညာရှင်ကတော့ ဖြစ်နိုင်ချေရှိတဲ့အရာတွေ ဖော်ထုတ်ပေးခဲ့ပေမယ့် ဖမ်းတဲ့အလုပ်က ရဲတွေရဲ့အလုပ်မို့ ဒီအမှုက တရားခံ မပေါ်ဘဲ နှစ်တော်တော်ကြာသွားခဲ့တယ်။

ဘယ်လောက်ထိ နှစ်ကြာသွားသလဲဆို ၁၅ နှစ်လောက် ကြာသွားခဲ့တယ်။ ၁၅ နှစ်ကြာလို့ ၂၀၀၇ ခုနှစ်ရောက်မှ အဲဒီကြက်တောင်ပံကနေ ယူထားတဲ့ DNAနဲ့ တူတဲ့ တရားခံကို ဖမ်းမိတယ်။

မှုခင်းဆေးသိပ္ပံပညာရှင် ခန့်မှန်းခဲ့သလိုပဲ အဲဒီတရားခံဟာ အဲဒီဆိုင်မှာ အလုပ်လုပ်ခဲ့ဖူးသူ ဖြစ်တယ်၊ ပြီးတော့ စပိန်လူမျိုး ဖြစ်တယ်။ အလုပ်ထွက်ခဲ့ပြီး နောက် ဆေးဖိုးလိုလို့ အပေါင်းအဖော်တစ်ယောက်နဲ့ အဲဒီဆိုင်မှာ အစားလာစားသလိုလိုနဲ့ ဒေါ်လာ ၂၀၀၀ လောက်ကို လုပြီး လူခုနစ်ယောက်ကို သတ်ခဲ့တာ ဖြစ်တယ်။

တစ်နေ့က ကမ္ဘာကျော် စုံထောက်တစ်ယောက်အကြောင်း ရေးမယ်လို့ ကျွန်မ စကားစခဲ့တယ်။ စုံထောက်ဆိုတာထက် မှုခင်းဆေးသိပ္ပံပညာရှင်ဆို ပိုမှန်ပါတယ်။ သူ့အကြောင်းကို ကျွန်မ နည်းနည်းပဲ ဖတ်ဖူးပါတယ်။ ပိုပြည့်ပြည့်စုံစုံ သိချင်တာနဲ့ သူ့ကို အင်တာဗျူးထားတဲ့ ဗီဒီယိုဖိုင်တွေကို နှစ်ရက်အတွင်း youtube မှာ မြေလှန်ရှာပြီး ကျွန်မ ကြည့်ပစ်လိုက်တယ်။ အပေါ်က ကျွန်မပြောတဲ့ ခုနစ်လောင်းပြိုင် လူသတ်မှုက သူဖော်ထုတ်ခဲ့တဲ့ အမှုတွေထဲက တစ်ခုဖြစ်တယ်။

အဲဒီ မှုခင်းဆေးသိပ္ပံပညာရှင်က ဘယ်သူလဲ. . . ။

သူ့ကို လူတွေက Dr. Lee လို့ ခေါ်ကြတယ်။ သူ့နာမည်အပြည့်အစုံက Dr. Henry Lee ဖြစ်တယ်။ တချို့ကလည်း သူ့ကို ခေတ်သစ် ရှားလော့ဟုမ်းတဲ့။ ဒီနှစ်မှာ သူ့အသက် ၇၈ နှစ်ရှိပြီ ဖြစ်တယ်။ (ဒီစာအုပ်ကို ဒုတိယအကြိမ် ပြန်ထုတ်ချိန်မှာတော့ ဒေါက်တာလီရဲ့အသက်က ၈၄ နှစ်ရှိနေပါပြီ)။ သူဟာ တစ်ကမ္ဘာလုံးမှာ ဈေးအကြီးဆုံးပေးရတဲ့ မှုခင်းဆေးပညာရှင်တွေထဲက တစ်ဦးဖြစ်တယ်။ ပြောစကားအရ သူ့ရဲ့လုပ်အားခက တစ်နာရီမှာ ဒေါ်လာတစ်သောင်းလို့ ဆိုတယ်။ ဖော်ထုတ်လို့ မရတဲ့ အမှုမှန်သမျှ သူ့လက်ထဲရောက်ရင် အကုန်ပေါ်တယ်။ ဒါကြောင့် သူဟာ တရားခံတွေကို အိပ်မပျော်စေတဲ့သူလို့ ဆိုစမှတ်ရှိကြတယ်။

သူ့အမှု လိုက်စစ်ဆေးခဲ့တဲ့ နိုင်ငံပေါင်း ၅၀ ကျော် ရှိခဲ့တယ်။ အမှုပေါင်း ၈၀၀၀ ကျော်ကို ဖော်ထုတ်ခဲ့တယ်။ နှစ်စဉ်နှစ်တိုင်း ကမ္ဘာအနှံ့က သူ့ဆီ

mmyoe.com

mgyoe.com SAMPLE BOOK

အကူအညီတောင်းတဲ့ အမှုပေါင်း နှစ်သောင်းကျော် ရှိခဲ့တယ်။ အဲဒီထဲက အမှု သုံးလေးရာလောက်ပဲ သူ လက်ခံခဲ့တယ်။ များသောအားဖြင့် ငွေကြေးမယူတဲ့ ပရဟိတ အမှုလိုက်ခြင်းနဲ့ သူ ကူညီခဲ့တာများတယ်။ အငြိမ်းစားယူခဲ့ပေမယ့် ဌာနက ပြန်ပြန်လာခေါ်လို့ သူ့တစ်သက်မှာ အငြိမ်းစား သုံးကြိမ် ယူခဲ့ရတယ်။ အငြိမ်းစား ယူပြီးလည်း သူ ငြိမ်ငြိမ်မနေခဲ့ဘူး။ သူ့အတွေ့အကြုံနဲ့ သင်တန်းပို့ချတာမျိုး၊ ကမ္ဘာ လှည့်ပြီး ဟောပြောတာမျိုးတွေ လုပ်ခဲ့တယ်။

❑

ဒေါက်တာလီဆိုတာ ဘယ်သူလဲ။

ဘာကြောင့် သူ့ကို ခေတ်သစ် ရှားလော့ဟုမ်းလို့ တင်စားသလဲ။

ဘာကြောင့် ကမ္ဘာက သူ့ကို ဒီလောက်လိုနေသလဲ။

ဘာကြောင့် သူ ဒီလောက်တော်ရသလဲ။

သူ့အကြောင်းအကျဉ်းကို ကျွန်မတို့ ဆက်ဖတ်ကြည့်ရအောင်။

ဒေါက်တာလီကို ၁၉၃၈ ခုနှစ်၊ နိုဝင်ဘာလမှာ တရုတ်ပြည် ကျန်စူး ပြည်နယ်မှာ မွေးဖွားခဲ့တယ်။ မွေးချင်း ၁၃ ယောက်ရှိတဲ့ထဲမှာ သူက ၁၁ မြောက် ဖြစ်တယ်။ ၄ နှစ်အရွယ်ရောက်တော့ သူတို့တစ်မိသားစုလုံး ထိုင်ဝမ်ကျွန်းကို ပြောင်းသွားခဲ့တယ်။ ၁၁ နှစ်အရွယ်မှာ သူ့ဖခင်သင်္ဘောမြုပ်ပြီး ကွယ်လွန်ခဲ့တယ်။ သူ့အမေတစ်ယောက်တည်းပဲ သားသမီး ၁၃ ယောက်ကို ရှာကျွေးခဲ့တယ်။ သူ့အမေ က အသက် ၁၀၆ နှစ်အထိ ကျန်းကျန်းမာမာ နေထိုင်ခဲ့ပါတယ်။

သူ့တို့မိသားစုမှာ ဒေါက်တာလီတစ်ယောက်တည်းပဲ Dr.(PhD)ဘွဲ့ရ မဟုတ်ပါဘူး။ သူတို့မောင်နှမ ၁၃ ယောက်လုံးက Dr.ဘွဲ့ရတွေ ဖြစ်တယ်။ အားလုံးက ရှေ့နေ၊ သိပ္ပံပညာရှင်၊ သုတေသနပညာရှင်၊ တက္ကသိုလ်ပါမောက္ခ၊ အနုပညာရှင်၊ အဝတ်အစား ဒီဇိုင်းပညာရှင်တွေအဖြစ် အသက်မွေးဝမ်းကြပါတယ်။ ဒေါက်တာလီ ကတော့ Dr.ဘွဲ့ချည်း ၂၃ ခု ရခဲ့ပါတယ်။ ဟိုက ချီးမြှင့် ဒီက ချီးမြှင့်နဲ့ တချို့ဘွဲ့တွေက ဘာအတွက်နဲ့ သူ့ကိုချီးမြှင့်မှန်း သူလည်း မသိခဲ့ပါဘူးလို့ ဆိုတယ်။

မိခင်တစ်ယောက်တည်း သားသမီး ၁၃ ယောက်ကို ကျွေးမွေးရလို့ အိမ်စီးပွားရေး ကျပ်တည်းခဲ့တယ်။ ဒါကြောင့် ဒေါက်တာလီက ကျောင်းလခပေးစရာ မလိုတဲ့ ရဲသင်တန်းကျောင်းကို တက်ခဲ့ပါတယ်။ ထိုင်ဝမ်မှာ ရဲသားအဖြစ် ၅ နှစ် တာဝန်ထမ်းခဲ့တယ်။ သူ့ရဲ့ထက်မြက်ထူးချွန်မှုကြောင့် ပထမနှစ်မှာပဲ တပ်ကြပ် အဆင့် ရာထူးတိုးခံခဲ့ရတယ်။ ထိုင်ဝမ်ကျွန်းမှာ အသက်အငယ်ဆုံး ရဲတပ်ကြပ်

mgyoe.com

အဖြစ် မှတ်တမ်းတင်ခံခဲ့ရတယ်။

အလုပ်ဝင်နေချိန်အတွင်းမှာပဲ အိမ်ထောင်ရေးကိုလည်း သူထည့်တွက် စဉ်းစားခဲ့တယ်။ ထိုင်ဝမ်ရောက် မလေးရှားဖွား တရုတ်ကောင်မလေးတစ်ယောက် ကို မြင်မြင်ချင်း သူ ချစ်ခဲ့ပြီး လက်ထပ်လိုက်တယ်။ အခုချိန်မှာ သူတို့ရဲ့ မင်္ဂလာ သက်တမ်းက ၅၆ နှစ်ရှိပြီ ဖြစ်တယ်။

အသက် ၂၇ နှစ်မှာ ဒေါက်တာလီဟာ ဇနီးမယားကိုခေါ်ပြီး အမေရိကန် ကို ကျောင်းတက်ဖို့ ရောက်လာခဲ့တယ်။ ရောက်လာစက အင်္ဂလိပ်စကား မတတ် တခေါက်နဲ့ ကျောင်းတစ်ဘက်တက်ရင်း တစ်ဘက်မှာ စားပွဲထိုး လုပ်တယ်၊ သိုင်း သင်တန်းဖွင့်တယ် (ရဲလုပ်တုန်းက ခါးပတ်နက်အထိ သိုင်းမသင်မနေရ သင်ခဲ့ ရတယ်လို့ ဆိုတယ်)၊ လက်တွေ့စမ်းသပ်မှု လုပ်တယ်။ ၄ နှစ်နဲ့ပြီးမယ့်ကျောင်းကို ၂ နှစ်တည်းနဲ့ပြီးအောင် သူ တက်ခဲ့တယ်။

အမေရိကားရောက်ပြီး ၁၀ နှစ်အတွင်းမှာ ဘဝက ပင်ပန်းခက်ခဲခဲ့ပေ မယ့် နယူးယောက်တက္ကသိုလ်ကနေ ဒေါက်တာဘွဲ့ရအောင် သူ ယူခဲ့တယ်။ သူ ရွေးချယ်ခဲ့တဲ့ဘာသာက သိပ္ပံဘာသာရပ်နဲ့ တွဲထားတဲ့ လူအရွေးနည်းတဲ့ မှုခင်းစစ် ဘာသာရပ် ဖြစ်တယ်။ တစ်ဘက်ကလည်း ရဲလုပ်ခဲ့ဖူး၊ တစ်ဘက်ကလည်း စိတ်ဝင် စားမှုရှိတာကြောင့် အဲဒီပညာရပ်နဲ့ သူ့ဘဝခရီးလမ်းကို စတင်ခဲ့တယ်။

တစ်ချိန်တုန်းက အမေရိကန်ရဲ့ ဥပဒေဟာလည်း လာဘ်စားမှု၊ ဘက်လိုက် မှုတွေ ရှိခဲ့တယ်။ ဒါပေမဲ့ ကြိုးစားမှုရှိတဲ့သူ့အတွက် အခွင့်ကောင်းအခါကောင်းက ရောက်လာခဲ့တယ်။

၁၉၉၄ ခုနှစ်၊ ဇွန်လမှာ အမေရိကန်ပြည်သူတစ်ရပ်လုံး လက်ထဲက အလုပ်တွေကိုချ၊ တချို့က အစည်းအဝေးတွေ ပိတ်သိမ်းပြီး တီဗွီသတင်းကိုပဲ စူးစိုက်ခဲ့ကြတယ်။ အဲဒီတုန်းက ကမ္ဘာကို ဟိုးဟိုးကျော်သွားခဲ့တဲ့ အမှုတစ်ခု ဖြစ်ပွား ခဲ့တယ်။ နာမည်ကျော် အမေရိကန်ဘောလုံးကစားသမား အိုဂျေဆင်ဆမ်က သူနဲ့ ကွာရှင်းထားတဲ့ သူ့မိန်းမကိုသတ်တဲ့ အမှုဖြစ်တယ်။ အဲဒီအမှုမှာ ရဲတွေက ဆင်ဆမ် ကို လူသတ်တရားခံအဖြစ် စွပ်စွဲခဲ့တယ်။

နောက်ဆုံး ဒီအမှုမှာ ဒေါက်တာလီ ဝင်ပါခဲ့ရပါတယ်။ အမှုဖြစ်ပွားနဲ့ နေရာကကျတဲ့ သွေးစက်၊ တရားခံပစ်ထားခဲ့တဲ့ သွေးစွန်းတဲ့လက်အိတ်၊ ဖိနပ်ရာတွေ ကနေတဆင့် ဆင်ဆမ်ဟာ တရားခံမဟုတ်ကြောင်း ဖော်ထုတ်နိုင်ခဲ့တယ်။ ဒီအမှု အပြင် သမ္မတဟောင်း ကလင်တန်ရဲ့ မော်နီကာလူးဝစ်စကီ လိင်ဇာတ်ရှုပ်မှု

mgyoe.com

အဖြစ်မှန်ကို ဒေါက်တာလီ ဖော်ထုတ်နိုင်ခဲ့သလို၊ ကိုယ့်သူငယ်ချင်းကိုသတ်တဲ့ တရားခံအဖြစ် စွပ်စွဲခံရတဲ့အမှုမှာ ကလင်တန် အပြစ်မဲ့ကြောင်းလည်း သက်သေပြ ဖော်ထုတ်နိုင်ခဲ့ပါတယ်။ ဒါတွေဟာ လူသိများတဲ့ ဒေါက်တာလီ အောင်မြင်စွာ ဖော်ထုတ်နိုင်ခဲ့တဲ့ အမှုတွေထဲက အမှုတချို့ဖြစ်တယ်။

သူ အမှုစစ်ပုံတွေကို စိတ်ဝင်စားရင် Trace Evidence ဆိုတဲ့ သူ လိုက်ခဲ့တဲ့ အမှုတွေနဲ့ သူ ပါဝင်ရိုက်ကူးခဲ့တဲ့ ရုပ်သံစီးရီးကို ရှာကြည့်နိုင်သလို သူ့ရဲ့ Documentry တွေကိုလည်း youtube မှာ ရှာကြည့်နိုင်ပါတယ်။ အလောင်းဖျောက်ထားတဲ့အမှုတွေကို သွေးစက်တွေကနေ၊ လက်ဗွေ တစ်ပိုင်းတစ်စတွေကနေတောင် သူ ဖော်နိုင်ခဲ့ပါတယ်။ နှစ် ၃၀ ကြာတဲ့ အမှုတွေတောင် သူ ဖော်နိုင်ခဲ့ပါတယ်။ ကျွန်မကတော့ စိတ်ဝင်စားလို့ ရှာနိုင်သမျှ ရှာကြည့်ပြီးပြီ။ နောက်မှ တစ်ပိုဒ်ချင်း စီရေးပြီး ဖြည်းဖြည်းချင်း ကျွန်မ မျှဝေသွားပါမယ်။ ဒီမှာတော့ စာရှည်သွားမှာစိုးလို့ မရေးတော့ပါဘူး။

အခုချိန်မှာ အသက် ၇၈ နှစ်ရှိပြီဖြစ်တဲ့ ဒေါက်တာလီဟာ ကမ္ဘာပတ်ပြီး ဟောပြောမှု၊ သင်တန်းပို့ချမှုတွေ လုပ်နေပါသေးတယ်။ မနက် ၅ နာရီမှထပြီး တစ်နေ့ကို ၁၆ နာရီ သူ အလုပ်လုပ်နေပါသေးတယ်။ သူဟာ ငွေလိုလို့ အလုပ်လုပ်နေတာ မဟုတ်ပါဘူး။ အမြင့်ဆုံးရာထူးကို လိုချင်လို့လည်း မဟုတ်ပါဘူး။

သူ့အင်တာဗျူးတစ်ခုမှာ သူ ဒီလိုဖြေခဲ့ဖူးပါတယ်။

"ကျွန်တော့်ကို အမြင့်ဆုံးရာထူး သူတို့ပေးကြတယ်၊ ကျွန်တော် ငြင်းခဲ့တယ်၊ မကြာခဏ ပေးတယ်၊ ကျွန်တော် ငြင်းခဲ့တာချည်းပဲ။ အမြင့်ဆုံးရာထူးရရင် တာဝန်ပိုကြီးတယ်။ တစ်နေ့ကို အစည်းအဝေးချည်း အခု ၃၀ လောက် တက်ရတယ်။ ပြည်သူတွေကို ချစ်ခင်ရင်းနှီးဟန်ပြပြီး ပွဲ့ဖက်ရတယ်၊ ကလေးတွေကို နမ်းရှုပ်ရတယ်။ တကယ်လို့ ကျွန်တော် အလုပ်ပြီး အိမ်ပြန်လို့ မိန်းမက ဒီနေ့ ဘာတွေလုပ်ခဲ့သလဲမေးရင် အစည်းအဝေး အခု ၃၀ တက်ခဲ့တယ်။ မိန်းမ အယောက် ၂၀ ကို ပွေ့ဖက်ခဲ့တယ်။ ကလေး ၁၅ ယောက်ကို နမ်းခဲ့တယ်လို့ပဲ ဖြေရမှာ ဒါကြောင့် မလုပ်ချင်ဘူး" လို့ သူက ဟာသနှော ပြောခဲ့ပါတယ်။ သူ့ရဲ့ဟောပြောပွဲ၊ သင်တန်းပို့ချပွဲ၊ အမှုစစ်တာတွေက များသောအားဖြင့် အခမဲ့တွေများတယ်။ သူက သူလုပ်ချင်တဲ့အလုပ်ကိုပဲ သူလုပ်နေရရင် ကျေနပ်ပါပြီလို့ ဆိုတယ်။

အလုပ်တစ်ခုကို တစ်စိုက်မတ်မတ်နဲ့ အသက်အိုမင်းတဲ့အထိ ဘယ်သူ လုပ်နိုင်ခဲ့မလဲ။

mgyoe.com

mgyoe.com

ကိုယ်လုပ်တဲ့အလုပ်အပေါ် အာရုံစူးစိုက်မှုနဲ့ စိတ်အားထက်သန်မှုက သူ့ကို သာမန်လူတစ်ယောက် မဟုတ်တဲ့ သာမန်လူတစ်ယောက်အဖြစ်နဲ့ ကျော်ကြားထင်ရှားအောင်မြင်စေခဲ့တာဖြစ်မယ် ထင်ပါတယ်။

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

# နိဒါန်း

ပြစ်မှုစုံစမ်းစစ်ဆေးရေးနဲ့ ပြစ်မှုကျူးလွန်မှု ဖော်ထုတ်ရေးမှာ တစ်ဖက်ကမ်းခတ်ကျွမ်းကျင်တဲ့ ကမ္ဘာကျော် ဒေါက်တာဟင်နရီလီ (Dr.Henry Lee) ဟာ အမှုမှန်များစွာ ဖော်ထုတ်နိုင်ခဲ့လို့ မီဒီယာလောကက သူ့ကို "ခေတ်သစ် ရှားလော့ဟုမ်"၊ "သက်သေခံပစ္စည်း ခွဲခြားထုတ်ဖော်ရေးဂုရု"၊ "သိပ္ပံပညာရှင်စုံထောက်"၊ "ပြစ်မှုကျူးလွန်သူတို့ကို အလွတ်မပေးသူ" စတဲ့ တင်စားမှုနဲ့ အမျိုးမျိုး တင်စားခဲ့ကြတယ်။ သူဟာ အမေရိကန်နိုင်ငံမှာ ထင်ရှားကျော်ကြားရုံတင်မက ကမ္ဘာ့နိုင်ငံအသီးသီးရဲ့ ဖိတ်ခေါ်မှုနဲ့ သွားရောက်ဟောပြော သင်တန်းပို့ချသူလည်း ဖြစ်တယ်။ ယနေ့အချိန်ထိ ဆုတံဆိပ်ပေါင်း ရှစ်ရာကျော် ချီးမြှင့်ခံထားရသူဖြစ်တယ်။ သူဟာ ထိုင်ဝမ်ကနေ ကမ္ဘာ့တစ်နံတစ်လျားထိ တက်ရောက်နိုင်ခဲ့တဲ့ အံ့ဩဖွယ်လူသားဖြစ်တယ်။

ဒေါက်တာလီဟာ အမေရိကန်ပြည်နယ်အတော်များများနဲ့ ကမ္ဘာ့ ၁၇ နိုင်ငံကျော်လောက်မှာ အမှုပေါင်း ၆ ထောင်ကျော်ကို ဖော်ထုတ်နိုင်ခဲ့တယ်။ ကမ္ဘာ့အနှံ့သွားရောက်ပြီး ပြစ်မှုဆိုင်ရာ သင်တန်းပို့ချမှု၊ ဟောပြောမှုတွေ ပြုလုပ်ခဲ့တယ်။ ဒါ့အပြင် သူဟာ ပြစ်မှုဆိုင်ရာဂျာနယ်ပေါင်း ၁၀ ဂျာနယ်လောက်မှာ အယ်ဒီတာအဖြစ် တာဝန်ထမ်းဆောင်ခဲ့တယ်။ စာတမ်း ၂၀၀ ကျော်နဲ့ စာအုပ်ပေါင်း ၂၀ ကျော်လည်း ရေးသားခဲ့တယ်။ သူစုံစမ်းစစ်ဆေးခဲ့တဲ့ အမှုတော်တော်များများဟာ

mgyoe.com

အပြည်ပြည်ဆိုင်ရာတရားရုံးနဲ့ ရဲလောကမှာ ပြဌာန်းသင်ခန်းစာအဖြစ် သတ်မှတ်ခံခဲ့ရပါတယ်။ ၁၉၉၈ ခုနှစ် ဇူလိုင်လမှာ ဒေါက်တာလီဟာ ကော်နက်တစ်ကပ်ပြည်နယ် ရဲဌာနမှာ ဌာနချုပ်ရဲမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ ဒါဟာ အမေရိကန်ရဲလောကမှာ ရာထူးအကြီးဆုံး တာဝန်ထမ်းဆောင်ခဲ့တဲ့ ပထမဆုံးသော အာရှသား ဖြစ်ပါတယ်။

ဒီစာအုပ်မှာ အဓိကပါဝင်တဲ့ အမှုတွေက ပြစ်ဒဏ်ချမှတ်ရခက်ခဲတဲ့ လျှို့ဝှက်လူသတ်မှုတွေကို ဖော်ပြထားတာဖြစ်တယ်။ ဒီလူသတ်မှုတွေက တိုက်ရိုက်မျက်မြင်သက်သေ ဒါမှမဟုတ် တရားခံကို ဝန်ခံစေတဲ့ သက်သေခံပစ္စည်းတွေ မရှိပါဘူး။ ဒါကို ဒေါက်တာလီက ထူးချွန်ထက်မြက်တဲ့ သူ့လုပ်ရည်ကိုင်ရည်နဲ့ အမှုမှန် ဖော်ထုတ်ပေးနိုင်ခဲ့ပါတယ်။ အမှုမှန်ဖော်ထုတ်နည်း၊ လက်တွေ့ကျတဲ့ စုံစမ်းရှာဖွေစစ်ဆေးနည်းတွေကို ဒေါက်တာလီက ဒီစာအုပ်ထဲမှာ ဖော်ပြရေးသားထားပါတယ်။

ဒေါက်တာလီရဲ့ ကိုယ်ရေးအကျဉ်းက-

- ၁၉၃၈ ခုနှစ်မှာ တရုတ်ကျန်စူပြည်နယ် ယူဂေါက် (Rugao) ဒေသမှာ မွေးဖွားခဲ့တယ်။
- ၁၉၅၉ ခုနှစ်မှာ ထိုင်ဝမ် ဗဟိုရဲအရာရှိသင်တန်းကျောင်းမှာ ကျောင်းပြီးတယ်။
- ၁၉၇၂ ခုနှစ်မှာ နယူးယောက်စီးတီးတက္ကသိုလ်မှာ ပြစ်မှုဆိုင်ရာ သိပ္ပံပညာဘာသာရပ်နဲ့ ကျောင်းပြီးတယ်။
- ၁၉၇၄ ခုနှစ်မှာ နယူးယောက်တက္ကသိုလ်မှာ ဇီဝဓာတုဘာသာရပ်နဲ့ မာစတာဘွဲ့ရခဲ့တယ်။
- ၁၉၇၅ ခုနှစ်မှာ နယူးယောက်တက္ကသိုလ်မှာ ဇီဝဓာတုဘာသာနဲ့ PhD. ဘွဲ့ရခဲ့တယ်။
- ၁၉၇၅ ခုနှစ်မှာ နယူးဟဲဗင်းတက္ကသိုလ်မှာ (New Haven) ပြစ်မှုဆိုင်ရာ သိပ္ပံဘာသာရပ် လက်ထောက်ပါမောက္ခအဖြစ် တာဝန်ထမ်းဆောင်ခဲ့တယ်။
- ၁၉၇၈ ခုနှစ်မှာ နယူးဟဲဗင်းတက္ကသိုလ်မှာ တွဲဖက်ပါမောက္ခ ဖြစ်ခဲ့ပြီး ပြစ်မှုဆိုင်ရာသိပ္ပံဘာသာရပ် ပါမောက္ခချုပ် ဖြစ်ခဲ့တယ်။
- ၁၉၇၉ ခုနှစ်မှာ ကော်နက်တစ်ကပ်ပြည်နယ် ရဲဌာနရဲ့ ပြစ်မှုဆိုင်ရာ

mgyoe.com

mgyoe.com SAMPLE BOOK

ဓာတ်ခွဲဌာနမှာ ဌာနညွှန်ကြားရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့တယ်။

- ၁၉၉၈ ခုနှစ်မှာ ကော်နက်တစ်ကပ်ပြည်နယ်ရဲ့ဌာနရဲ့ ဌာနမှူး ဖြစ်ခဲ့တယ်။

လွန်ခဲ့တဲ့ ၁၀ နှစ်ကျော် ကာလကတည်းက ကျွန်တော်ဟာ ပြစ်မှုဆိုင်ရာ စာအုပ်ပေါင်း ၁၀ အုပ်ကျော် ရေးသားထုတ်ဝေခဲ့တယ်။ ကျွန်တော် စုံစမ်းစစ်ဆေးခဲ့တဲ့ အမှုတော်တော်များများကို ရုပ်ရှင်နဲ့ တီဗွီဇာတ်လမ်းတွဲတွေအဖြစ် ရိုက်ကူးခဲ့ကြတယ်။ အမေရိကန်စာအုပ်ထုတ်ဝေရေးက ကျွန်တော့်ကို စာအုပ်တွေ အဆက်မပြတ် ရေးသားထုတ်ဝေဖို့ ကမ်းလှမ်းခဲ့တယ်။ အကြီးစား စာအုပ်ထုတ်ဝေရေးတိုက်တစ်တိုက်က ကျွန်တော့်ကို စာအုပ်ထုတ်ဝေနည်းတစ်ခု ကမ်းလှမ်းခဲ့တယ်။ အဲဒီနည်းက နာမည်ကြီး ရှဲဒိုးစာရေးဆရာက ကျွန်တော့်ကို ရေးပေးပြီး စာအုပ်မှာ ကျွန်တော့်နာမည်တပ်ရုံပါ။ ဒီလိုနဲ့ ကျွန်တော် ဒေါ်လာသန်းပေါင်းများစွာ ရမှာဖြစ်တယ်။ ဒါကို ကျွန်တော် ငြင်းဆန်ခဲ့ပါတယ်။ အိုဂျေဆင်ဆမ် (O.J Simpson) အမှုတစ်မှုမှာ ရှေ့နေနဲ့ ကျွမ်းကျင်သက်သေအများက သန်းကြွယ်သူဌေးတွေ ဖြစ်သွားခဲ့ကြပြီး ကျွန်တော်ကတော့ နဂိုဒုံရင်း အတိုင်းပဲ ရှိခဲ့ပါတယ်။ မိတ်ဆွေတွေက ကျွန်တော့်အတွက် နှမြောတသ ဖြစ်ခဲ့ကြတယ်။ ဒါပေမဲ့ ကျွန်တော်ကတော့ ကျွန်တော့်နဂိုစည်းမျဉ်းအတိုင်းပဲ ပြုမူနေထိုင်ခဲ့ပါတယ်။ ပြစ်မှုဆိုင်ရာသိပ္ပံနည်းပညာကို ငွေကြေးနဲ့ သိမ်းသွင်းလို့ မရနိုင်ပါဘူး။

♦ ♦ ♦

mgyoe.com

mgyoe.com SAMPLE BOOK

အခန်း | ၃

# ပျောက်ဆုံးသွားတဲ့ ကောင်မလေး

mgyoe.com

mgyoe.com SAMPLE BOOK

တရုတ်ပြည်မှာမွေးပြီး ထိုင်ဝမ်မှာကြီးပြင်းတဲ့ ဒေါက်တာဟင်နရီလီဟာ ထိုင်ဝမ်မှာနေတုန်းက ရဲအရာရှိလုပ်ခဲ့ဖူးတယ်။ အဲဒီနောက် အမေရိကန်နိုင်ငံမှာ ပညာဆက်သင်ဖို့ ရောက်ရှိလာခဲ့ပြီး နယူးဟဲဗင်း (New Haven) တက္ကသိုလ်မှာ ပြစ်မှုဆိုင်ရာ သိပ္ပံပညာဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့တယ်။ လွန်ခဲ့တဲ့ လအနည်းငယ်ခန့်က ကော်နက်တစ်ကပ်(Connecticut)ပြည်နယ် ရဲဌာနမှာ ရာဇဝတ်မှု ကျူးလွန်သူ ဖော်ထုတ်ရေး ဓာတ်ခွဲခန်းညွှန်ကြားရေးမှူးအဖြစ် တာဝန်ယူခဲ့ပါတယ်။ ဒီကနေ့မှာ ဒေါက်တာလီက တရားလိုပြ သက်သေအတွက် ဂျူရီလူကြီးအဖွဲ့တွေကို ဒီအမှုမှာ အရေးပါတဲ့သက်သေတွေ တင်ပြမှာဖြစ်တယ်။ ဒါဟာ ကော်နက်တစ်ကပ်ပြည်နယ်ရဲ့ ပထမဦးဆုံး သိပ္ပံပညာရပ်နဲ့ စုံစမ်းဖော်ထုတ်တဲ့ အမှုကြီးတစ်ခုဖြစ်ပါတယ်။

♦ ♦ ♦

mgyoe.com

mgyoe.com SAMPLE BOOK

# အပိုင်း (၁) မအိပ်တဲ့ည

၁၉၇၉ ခုနှစ် နွေရာသီမှာ အမေရိကန် ကော်နက်တစ်ကပ်ပြည်နယ်က တိုရင်းတန်(Torrington) လို့ခေါ်တဲ့ တိတ်ဆိတ်ငြိမ်သက်တဲ့ မြို့ကလေးက တစ်ညလုံး နိုးကြားနေခဲ့တယ်။ မြို့ခံပြည်သူတစ်ရပ်လုံး ညအမှောင်မှာ လှုပ်ရှားနေကြတယ်။ သူတို့ဟာ လက်နှိပ်ဓာတ်မီးတွေနဲ့ ဂျိုအန်နာ (Joanna)လို့ခေါ်တဲ့ ချစ်စရာ ၁၂ အရွယ် အလယ်တန်းကျောင်းသူ ကလေးမတစ်ယောက်ကို ရှာနေခဲ့တယ်။ ဂျိုအန်နာက နွေရာသီရေကူးသင်တန်းမှာ ပါဝင်ခဲ့သူပါ။ ဒီသင်တန်းမှာပါဝင်ခဲ့တဲ့ အခြားကျောင်းသားတွေလိုပဲ သူဟာ ညနေ ၂ နာရီ သင်တန်းပြီးချိန်မှာ အိမ်ပြန်ပါတယ်။ သင်တန်းစစချင်း ရက်တွေမှာ သူဟာ နေ့တိုင်း စက်ဘီးစီးပြီး အိမ်ကို အချိန်မှန် ပြန်ရောက်ခဲ့တယ်။ ဒါပေမဲ့ အဲဒီနေ့ညနေပိုင်းမှာ သူ့မိခင်က သူ့ကို ညနေ ၃ နာရီအထိ စောင့်ခဲ့ပေမယ့် အိမ်ကို သူ ပြန်ရောက်မလာခဲ့ပါဘူး။

ဂျိုအန်နာဟာ သင်တန်းပြီးပြီးနောက် သူငယ်ချင်းအိမ် ခဏဝင်လည်နေပုံရတယ်လို့ မိခင်ဖြစ်သူက ခန့်မှန်းပါတယ်။ ဒါကြောင့် သူ အိမ်ပြန်မရောက်သေးတာကို စိတ်ထဲ ထည့်မထားခဲ့ပါဘူး။ ၄ နာရီမတိုင်ခင်တော့ ပြန်ရောက်လိမ့်မယ် ဒါမှမဟုတ် အိမ်ကို သူဖုန်းဆက်လိမ့်မယ်လို့ပဲ ထင်ခဲ့တယ်။ ဒါပေမဲ့ ညနေ ၄ နာရီကျော်တဲ့အထိ ဂျိုအန်နာရဲ့ အရိပ်အယောင်ကို မတွေ့ခဲ့သေးဘူး။ အိမ်ကိုလည်း သူဖုန်းမဆက်ဘူး။ အဲဒီမှာ မိခင်ဖြစ်သူ စိတ်ပူပြီး ဂျိုအန်နာသူငယ်ချင်းအိမ်တွေကို

mgyoe.com

mgyoe.com SAMPLE BOOK

ဖုန်းဆက်မေးတော့တယ်။ သူ့သူငယ်ချင်းတွေက သင်တန်းပြီးပြီး သူတို့အိမ်ကို ဂျီအန်နာ မလာခဲ့ကြောင်း ပြောတယ်။ ဂျီအန်နာနဲ့ အတူအိမ်ပြန်တတ်တဲ့ အတန်းဖော်ကလည်း ညနေ ၂ နာရီ သင်တန်းပြီးတော့ ဂျီအန်နာတစ်ယောက်တည်း စက်ဘီးစီးပြီး ပြန်သွားပါတယ်လို့ ဆိုတယ်။

ညနေစောင်းလောက်မှာ သင်တန်းဦးစီးသူတွေကို ရှာပြီးမေးတော့ သူတို့အားလုံးကလည်း သင်တန်းပြီးတော့ ဂျီအန်နာတစ်ယောက်တည်း စက်ဘီးစီးပြီး ပြန်သွားပြီလို့ ပြောကြတယ်။

ဂျီအန်နာတို့ မိသားစုဆက်ဆံရေးက သင့်မြတ်ပါတယ်။ မိဘတွေနဲ့လည်း ရင်းရင်းနှီးနှီး ရှိပါတယ်။ မိဘစကားကိုလည်း သူ နားထောင်တယ်။ ဆွေမျိုးသူငယ်ချင်းတွေရဲ့အကြည့်မှာ ဂျီအန်နာက လိမ္မာရေးခြားရှိတဲ့ ကလေးမလေးပါ။ သူ့ဆရာမကလည်း သူ့ကို အတန်းသူအတန်းသားတွေနဲ့ သင့်သင့်မြတ်မြတ် ရှိတယ်၊ လူချစ်လူခင် ပေါများတယ်၊ သူဟာ ဆန့်ကျင်ပုန်ကန်တတ်တဲ့ကလေး မဟုတ်ဘူးလို့ ဆိုတယ်။

နွေရာသီသင်တန်းတက်ရလို့ သူ အရမ်းပျော်ကြောင်း အတန်းသားတွေက ပြောကြတယ်။ သူဟာ နေအိမ်ကနေ ကိုယ့်သဘောနဲ့ကိုယ် ထွက်သွားတာ မဟုတ်နိုင်ဘူးလို့ ဆိုကြတယ်။

တိုရင်းတန်မြို့သားတွေက များတော့အားဖြင့် လူလတ်တန်းစား လူဖြူမိသားစုတွေ ဖြစ်တယ်။ ကလေးပျောက်မှု တစ်ခါမှ မဖြစ်ခဲ့ဖူးဘူး။ အခု ဂျီအန်နာ အိမ်ပြန်မရောက်ဘူးဆိုတဲ့ သတင်းကိုကြားတော့ ရဲတွေက လူနှစ်ရာကျော်လောက်ပါတဲ့ ရှာဖွေရေးအဖွဲ့ကို ဖွဲ့ပြီး သင်တန်းသွားရင် ဂျီအန်နာ ဖြတ်သွားရတဲ့ တောအုပ်လမ်းသွယ်နဲ့ အနီးတစ်ဝိုက်ကို စရှာကြတယ်။

"ဂျီအန်နာ. . . ဂျီအန်နာ. . . " ဆိုတဲ့ခေါ်သံက လှိုင်းထလို့ တောင်နံရံကနေ "ဂျီအန်နာ. . . ဂျီအန်နာ. . . " ဆိုတဲ့ ပဲ့တင့်သံကိုတောင် ပြန်ကြားရတယ်။ မိုးလင်းထိတိုင် ရှာဖွေရေးအဖွဲ့က ဘာမှ ရှာမတွေ့ခဲ့သေးဘူး၊ ဂျီအန်နာရဲ့ အရိပ်အယောင်ကို ဘယ်သူမှ မတွေ့သေးဘူး၊ ရဲဘက်ကလည်း ဘာသဲလွန်စမှ လက်ခံမရသေးဘူး။

ရဲဌာနက ဒါဟာ အခြေအနေဆိုးလာပြီဆိုတာ သိလိုက်တယ်။ နောက်တစ်နေ့မှာ လူအင်အားပိုတောင့်တဲ့ ရှာဖွေရေးအဖွဲ့နဲ့ စလှုပ်ရှားတော့တယ်။ ဂျီအန်နာမိဘကလည်း ဂျီအန်နာဓာတ်ပုံကို ပရင့်ထုတ်ပြီး အမြန်ဖြန့်ဝေကြတယ်။

mgyoe.com

မြို့အနှံ့ အရပ်လေးမျက်နှာ ဖြန့်ကြတယ်။ လူတွေကို တွေ့တာနဲ့ "ဒီကလေးမကို တွေ့မိကြလား" လို့ မေးတယ်။ ခါတိုင်းမှာ ဂျီအန်နာက အိမ်ဝန်းကျင်က ကလေးတွေနဲ့အတူ ကျောင်းရန်ပုံငွေအဖြစ် တစ်အိမ်တက်ဆင်း ချိုချဉ်လိုက်ရောင်းတတ်ခဲ့တယ်။ မိသားစုအများက ဂျီအန်နာအပေါ် အမြင်ကောင်းကြတယ်။ ဒါကြောင့် ရှာဖွေရေးအဖွဲ့ထဲ စိတ်လိုလက်ရ ပါဝင်လာကြသူတွေ များခဲ့တယ်။

ဂျီအန်နာပျောက်ပြီး ဒုတိယနေ့အထိ အဖွဲ့သုံးဖွဲ့ခွဲပြီး ရှာကြတဲ့အဖွဲ့တွေမှာ တစ်ဖွဲ့မှ ဘာသဲလွန်စမှ မရခဲ့ကြသေးဘူး။ တောင်စောင်းအောက် နေဝင်ခါနီးအချိန်မှာ တောင်ကုန်းပေါ် ရှာကြတဲ့ အဖွဲ့ထဲက အဖွဲ့ဝင်တစ်ဦးဟာ သင်တန်းနဲ့ မနီးမဝေး တောအုပ်နက် တစ်နေရာက မြေကျင်းတစ်ခုထဲမှာ အဖြူရောင်အရာတစ်ခု တစ်စွန်းတစ ထွက်နေတာကို တွေ့လိုက်မိတယ်။ အဲဒီမြေကျင်းဆီ အားလုံးအပြေးသွားကြည့်တော့ အားကစားဖိနပ်ဖြူတစ်ရံ ဖြစ်နေတာကို တွေ့လိုက်တယ်။ အပြည့်ဖုံးနေတဲ့ သစ်ရွက်ကို ဖယ်ရှားကြည့်ကြတော့ ကောင်မလေးအလောင်းတစ်လောင်းကို တွေ့လိုက်တယ်။ အလောင်းက မီးရှို့ခံထားရလို့ ရုပ်ပျက်ဆင်းပျက်ဖြစ်နေတယ်။ မျက်နှာကို ကွဲကွဲပြားပြား မမြင်ရတော့ဘူး။

ရှာဖွေရေးအဖွဲ့က ဂျီအန်နာမိဘကို အမြန်ခေါ်ပြတယ်။ အလောင်းက ရုပ်ပျက်ဆင်းပျက် အရှို့ခံထားရပေမယ့် အလောင်းရဲ့အချိုးအစား၊ အဝတ်အစားတွေကို ကြည့်ပြီး ဒါဟာ သူတို့ရဲ့ ချစ်စရာသမီးလေး ဂျီအန်နာဖြစ်နိုင်တယ်ဆိုတာ သူတို့သိလိုက်တယ်။ မြင်ရက်စရာမရှိအောင် အရှို့ခံထားရတဲ့ ကိုယ့်သမီးလေးကို မြင်တော့ ဂျီအန်နာမိခင်က ရုတ်တရက် မူးမေ့သွားခဲ့တယ်။

ဒီမြို့က ရဲဌာနကလည်း တခြားမြို့က ရဲဌာနလိုပဲ အမှုသေးတွေ ဒါမှမဟုတ် ယာဉ်မတော်တဆမှုတွေသာ အဓိက ဖြေရှင်းဖူးတာပါ။ လူသေမှုတွေဖြစ်ရင်တော့ ပြည်နယ်ရဲဌာနက တာဝန်ယူဖြေရှင်းပါတယ်။ ပြည်နယ်ရဲဌာနက ရဲတွေ တိုရင်းတန်မြို့မှာ လူသေမှုဖြစ်တယ်လို့လည်း ကြားရော ကျွန်တော်တို့ ရာဇဝတ်မှုကျူးလွန်သူဖော်ထုတ်ရေး ဓာတ်ခွဲခန်းက ဝန်ထမ်းတွေကို ချက်ချင်းဖုန်းဆက်ပြီး အခင်းဖြစ်ပွားတဲ့နေရာမှာ လာရောက်ကူညီ စုံစမ်းစစ်ဆေးဖို့ အကြောင်းကြားတော့တယ်။

♦ ♦ ♦

mgyoe.com

mgyoe.com SAMPLE BOOK

# အပိုင်း (၂) အခင်းဖြစ်ပွားရာ စုံစမ်းဖော်ထုတ်မှု

အဲဒီတုန်းက ကျွန်တော်ဟာ ဓာတ်ခွဲခန်းညွှန်ကြားရေးမှူးအဖြစ် တာဝန်စထမ်းဆောင်ကာစ ရှိသေးတယ်။ သွားရလာရ အဆင်ပြေအောင်ဆိုပြီး အနီးနားက ဩရင်းချ်(Orange)လို့ခေါ်တဲ့ မြို့မှာ ရေကူးကန်ပါတဲ့ အိမ်တစ်လုံး ဝယ်လိုက်တယ်။ ကျွန်တော့်ကလေးနှစ်ယောက် လှုပ်ရှားဆော့ကစားလို့ရတဲ့ နေရာရှိအောင်ပေါ့။

ရေကူးကန်ပါတဲ့အိမ်မျိုး ကျွန်တော်တစ်ခါမှ မနေခဲ့ဖူးဘူး။ ဒါကြောင့် ရေကူးကန် သန့်ရှင်းရေးလုပ်ဖို့ မိတ်ဆွေတချို့ကို မေးရတယ်။ အလုပ်အားလပ်ချိန်စနေ၊ တနင်္ဂနွေနေ့မှာ ကျွန်တော် ရေကူးကန်သန့်ရှင်းရေး လုပ်နေခဲ့တယ်။ တော်တော်လေး အင်အားစိုက်ထုတ်ပြီး လုပ်လိုက်ရတယ်။ ရှင်းလင်းပြီးလို့ ရေထည့်လိုက်တော့ ရေကန်တစ်ခုလုံး အောက်ကို ထွင်းဖောက်မြင်ရတဲ့အထိ ကြည်လင်ပြာလဲ့ သွားတယ်။

ပင်ပန်းရကျိုးနပ်တဲ့ ကိုယ့်လုပ်အားကို ကိုယ်သဘောကျစွာ ကြည့်ရင်း ကုလားထိုင်တစ်လုံးကို ရေကူးကန်ဘေး ကျွန်တော် ယူလာခဲ့တယ်။ တစ်မိသားစုလုံး ရေကူးရင်း အောင်ပွဲကျင်းပမယ်ပေါ့။ သမီးကြီးက တရုတ်ရေနွေးကြမ်းတစ်အိုး သယ်လာတယ်။ မိန်းမက အထူးကောင်းမွန်တဲ့ အချိုပွဲကြီးတစ်ပွဲ ပြင်ဆင်တယ်။

ကလေးတွေရဲ့ ပျော်ရွှင်ရယ်မောနေတဲ့ မျက်နှာကိုမြင်တော့ "မင်းတို့သိပ်ကံကောင်းတာပဲ။ မင်းတို့ အမေနဲ့ငါ တစ်ခါမှ ဒီလိုသက်သောင့်သက်သာရှိတဲ့

mgyoe.com

mgyoe.com SAMPLE BOOK


အိမ်မျိုး မနေခဲ့ဖူးဘူး။ ရေကူးကန်ပါတဲ့အိမ်ဆို ဝေလာဝေးပေါ့" လို့ ကျွန်တော် ပြောလိုက်တယ်။

သမီးက ဖေဖေနဲ့ မေမေတို့ရဲ့ ငယ်ဘဝအကြောင်းပြောပြဖို့ ပူဆာတဲ့ အချိန်မှာ ဖုန်းမြည်လာတယ်။ ဖုန်းကို ကျွန်တော်ကောက်ကိုင်ပြီး နားထောင် လိုက်တော့ ပြည်နယ်ရဲဌာနကဆက်တဲ့ ဖုန်းဖြစ်နေတယ်။ တိုရင်းတန်မြို့မှာ မီးရှို့ ခံထားရတဲ့ အလောင်းတစ်လောင်းတွေ့တယ်။ အခင်းဖြစ်ပွားတဲ့နေရာကို ချက်ချင်း လာခဲ့ပါတဲ့။

ဖုန်းဆက်လာတဲ့အမှုစစ်ရဲက ကျွန်တော့်ကို လာရာလမ်းကြောင်းတွေ အသေးစိတ်ပြောပြတယ်။ အမှတ် ၈ အဝေးပြေးလမ်းကနေ မြောက်ဘက်ကို မောင်းခဲ့ပါ။ ထွက်ပေါက် ၃၈ ရောက်ရင် အဝေးပြေးလမ်းမပေါ်က ဆင်းပြီး ဘယ်ဘက်ကို ချိုးပါ။ အဲဒီမှာ ဓာတ်ဆီဆိုင်တစ်ဆိုင် တွေ့လိမ့်မယ်။ အနောက် အရပ်ကို ဆက်မောင်းပြီး တောင်ကုန်းတချို့ကို ဖြတ်လိုက်တာနဲ့ တောအုပ်တစ်ခုကို တွေ့လိမ့်မယ်။ အလောင်းက အဲဒီတောအုပ်ထဲမှာ၊ တောအုပ်အပြင်မှာ ကျွန်တော့် ကို သူတို့စောင့်နေမယ်လို့ ပြောတယ်။

ရေနွေးကြမ်းခွက်ကို ကျွန်တော် အမြန်ချပြီး ပါးစပ်ထဲ မုန့်တချို့ ကောက် ယူ ထည့်လိုက်တယ်။ ပြီးတော့ အိမ်ကနေ အလျင်စလို ထွက်လာခဲ့တယ်။ မိုးမချုပ်ခင် အခင်းဖြစ်ပွားရာနေရာကို အမြန်ဆုံးသွားရမယ်။

မိနစ် ၄၀ ကျော်လောက် ကားမောင်းပြီးနောက် တောအုပ်ကြီးတစ်ခုကို ကျွန်တော် တွေ့လိုက်တယ်။ ဒါပေမဲ့ အဲဒီတောအုပ်ဘေးမှာ စောင့်နေတဲ့ရဲကားကို မတွေ့ဘူး။ အခင်းဖြစ်ရာနေရာကို ထိန်းသိမ်းနေရလို့ လူလွှတ်ပြီး ကျွန်တော့်ကို လာမကြိုတာထင်တယ်လို့ ခန့်မှန်းရင်း တောအုပ်ထဲဝင်ပြီး သူတို့ကိုရှာဖို့ ကားပေါ် ကနေ ကျွန်တော် ဆင်းလိုက်တယ်။

ကောင်းကင်အရောင်က တဖြည်းဖြည်း မှိန်လာနေပြီ။ ထူထပ်တဲ့ တော အုပ်ထဲဝင်တော့ အလင်းရောင်က ပိုပြီး ဖျော့သွားတယ်။ ပတ်ဝန်းကျင်တစ်ခွင်လုံး တိတ်ဆိတ်နေတယ်။ လူရိပ်လူယောင်မတွေ့ရဘူး။ "ဟေ့. . . လူရှိလား" လို့ တောအုပ်ထူထူဘက် ကျွန်တော် အော်ခေါ်တယ်။ တောအုပ်က အသေကောင်လို ဘာသံမှ ပြန်မပြုဘူး။ ကျွန်တော်ဆက်တိုက် အော်ကြည့်ပေမယ့် ဘာသံမှ ပြန်မကြားရဘူး။

ကားရှိရာဆီ ကျွန်တော် အမြန်ပြန်လာတယ်။ ကားပေါ်ရောက်တော့

mgyoe.com

mgyoe.com SAMPLE BOOK

ရဲတွေအသုံးပြုတဲ့ ကြိုးမဲ့လေဒီယိုက "၀၀၇. . . ကြားလား. . . ၀၀၇ မင်း ဘယ်မှာလဲ" လို့ အော်နေတယ်။

အဲဒီအော်သံတွေကို ကျွန်တော် ဂရုမစိုက်အားဘူး။ ကျွန်တော့်ကို ဆက်သွယ်ခဲ့တဲ့ ရဲဝန်ထမ်းကိုပဲ တိုက်ရိုက်ဆက်သွယ်ပြီး "ကျွန်တော်က ဒေါက်တာလီပါ။ တိုရင်းတန်မြို့တောအုပ်က မီးရှို့ခံထားရတဲ့ အလောင်းတစ်လောင်းကို စစ်ဆေးပေးဖို့ ခင်ဗျားတို့ အကြောင်းကြားခဲ့တယ်။ တောအုပ်ဘေးမှာ စောင့်နေမယ်လို့လည်း ဆိုတယ်။ အခု ကျွန်တော် တောအုပ်နားရောက်နေပြီ။ ဒါပေမဲ့ ခင်ဗျားတို့ကို မတွေ့ဘူး။ အခင်းဖြစ်တဲ့နေရာက ဘယ်နားမှာလဲ"

"၀၀၇. . . ခင်ဗျားကို ကျွန်တော်တို့ အဆက်အသွယ်ရပြီ။ ခင်ဗျား တစ်ခုခုဖြစ်နေလားလို့ ကျွန်တော်တို့ စိုးရိမ်နေတာ" လို့ တစ်ဘက်က ဝမ်းသာအားရ ပြောတယ်။

"ဘာလဲ. . . ၀၀၇ ဆိုတာ ကျွန်တော့်ကိုခေါ်တာလား"

ဓာတ်ခွဲခန်းညွှန်ကြားရေးမှူးအဖြစ် ကျွန်တော် တာဝန်စထမ်းဆောင်တော့ ရဲဌာနက ကျွန်တော့်ကို ၂၀၅၆ ဆိုတဲ့ ကိုယ်ပိုင်နံပါတ်တစ်ခု ပေးတယ်။ အဲဒီနံပါတ်ကို ကျွန်တော်မှတ်မထားခဲ့ဘူး။ ရဲဌာနက ဆက်သွယ်ရေးပုဂ္ဂိုလ်တွေ စကားပြောမြန်တော့ ၂၀၅၆ ကို သူတို့ခေါ်တဲ့အချိန် တခြားဝန်ထမ်းကိုခေါ်တယ် လို့ ကျွန်တော် အမြဲထင်ခဲ့လို့ သူတို့အခေါ်ကို ဂရုမစိုက်ခဲ့မိဘူး။ နောက်ပိုင်း သူတို့နဲ့အတူ အမှုကြီးတချို့ ကျွန်တော် စုံစမ်းစစ်ဆေးနိုင်ခဲ့တော့ ကျွန်တော့်ကို သူတို့ အော်မကြား ခေါ်မကြားမှာစိုးလို့ ၀၀၇ လို့ခေါ်မယ်လို့ စနောက်ခဲ့ကြတယ်။

"ကျွန်တော်တို့ အခု တောအုပ်ထဲမှာပါ။ တောအုပ်ဘေးမှာ ခင်ဗျားကို စောင့်ဖို့ လူလွှတ်လိုက်တာပဲ။ ဘယ်လိုဖြစ်ပြီး ကျွန်တော်တို့ကို ရှာမတွေ့ရတာလဲ" လို့ တစ်ဘက်က ပြန်ပြောတယ်။

"ကျွန်တော်လည်း အခု တောအုပ်ထဲမှာပဲ"

"ဘယ်တောအုပ်မှာလဲ"

"ထွက်ပေါက် ၃၈ ဘယ်ဘက် မနီးမဝေးနားက တောအုပ်လို့ ခင်ဗျားတို့ ပြောတယ်လေ"

"ဟာ. . . ဒုက္ခပဲ၊ ကျွန်တော်တို့ အပြောမှားသွားတယ်။ ၃၈ မဟုတ်ဘူး။ ထွက်ပေါက်နံပါတ် ၃၉ ပါ။ ခင်ဗျားအခု ဘယ်မှ မသွားနဲ့၊ ကျွန်တော်တို့ ချက်ချင်း လူလွှတ်ပြီး အခင်းဖြစ်ရာနေရာဆီ ပို့ပေးမယ်"

mgyoe.com

mgyoe.com SAMPLE BOOK


၅ မိနစ်အကြာမှာ အရေးပေါ် အချက်ပြမီး တလက်လက်နဲ့ ရဲကားတစ်စီးက ကျွန်တော်ကို ဦးဆောင်ခေါ် သွားတယ်။ ရဲကားနဲ့အတူ ထူထပ်တဲ့တောအုပ်ကို ဖြတ်ပြီး အခင်းဖြစ်ရာနေရာဆီ ကျွန်တော် ရောက်သွားခဲ့တယ်။

အခင်းဖြစ်ရာရောက်တော့ မိုးချုပ်နေခဲ့ပါပြီ။ ဒါပေမဲ့ သတင်းထောက်တချို့နဲ့ စိတ်ဝင်စားတဲ့ ပြည်သူတချို့က ရပ်ကြည့်နေသေးတယ်။ အမှုစစ်ရဲနှစ်ယောက်နဲ့ ရဲဌာနဝန်ထမ်းတချို့က အရပ်လေးမျက်နှာ သွားလာလှုပ်ရှားနေကြတယ်။ ဒုက္ခပဲ၊ အခင်းဖြစ်ရာနေရာ ခြေရာလက်ရာ အဖျက်ခံရပြန်ပြီ ထင်တယ်လို့ ကျွန်တော် တွေးလိုက်တယ်။

အခြေခံအားဖြင့်ပြောရရင် လူသတ်မှုကို စူးစမ်းရှာဖွေဖော်ထုတ်တဲ့ အလုပ်ကို အမှုစစ်ရဲက တာဝန်ယူရတယ်။ သာမန်ရဲဝန်ထမ်းတွေက ကင်းလှည့်တဲ့ အလုပ်ကို လုပ်တယ်။ ဝန်ထမ်းသက် ကြာမှ၊ ပြစ်မှုတွေ ကိုင်တွယ်ဖြေရှင်းနိုင်တဲ့ အတွေ့အကြုံရှိလာမှသာ အမှုစစ်ရဲအဖြစ် ရာထူးတိုးတယ်။ အမှုစစ်ရဲက အမှုကို စစ်ဆေးပြီးနောက် အမှုကို စုံစမ်းဖော်ထုတ်ဖို့ တာဝန်ယူရတယ်။ သက်သေနဲ့ သက်သေခံပစ္စည်းတွေကို သိမ်းဆည်းရတယ်။ နောက်ဆုံး တရားရုံးထိ သက်သေထွက်ဆိုရတယ်။ မှုခင်းဆေးပညာဝန်ထမ်းက အခင်းဖြစ်ပွားတဲ့နေရာမှာ သက်သေခံပစ္စည်းတွေကို ရှာရတယ်။ ဓာတ်ခွဲစစ်ဆေးပြီး ဘယ်သူဘယ်ဝါဖြစ်ကြောင်း ရွေးထုတ်ရတယ်။ သဲလွန်စအသစ် ပေးရတယ်။ စုံစမ်းစစ်ဆေးဖို့ လမ်းညွှန်ရတယ်။ သက်ဘမကင်းသူကို အတည်ပြုပြီး သူကျူးလွန်တဲ့ပြစ်မှုကို သက်သေပြရတယ်။ အမှုတစ်ခု အောင်အောင်မြင်မြင် ဖော်ထုတ်နိုင်ဖို့ အမှုစစ်ရဲနဲ့ မှုခင်းဆေးပညာဝန်ထမ်းတို့ဟာ နီးနီးကပ်ကပ် အတူလက်တွဲလုပ်ဆောင်ဖို့ လိုအပ်တယ်။

ဒီအမှုကို တာဝန်ယူတဲ့ အမှုစစ် လူဖြူရဲနှစ်ယောက်ကို ကျွန်တော် သွားနှုတ်ဆက်တဲ့အခါ သူတို့ထဲက ကော်ဖီခွက်ကိုင်ထားတဲ့ ဝိုက်လို့ခေါ် တဲ့ အမှုစစ်ရဲတစ်ယောက်က ဟိတ်ကြီးဟန်ကြီးနဲ့ ရှေ့တက်ပြီး "လူတွေကို လိုက်သတ်နေတဲ့ လူသတ်သမား သတ်တာ ဖြစ်နိုင်တယ်။ ဘယ်သူလုပ်တယ်ဆိုတာ ကျွန်တော်တို့ သိထားပြီ။ အထက်က ခင်ဗျားကို ခေါ်ပြီး လာကြည့်ခိုင်းရုံလေးပါပဲ" လို့ဆိုတယ်။

ကျွန်တော်က ရယ်ပြပြီး "စိတ်မပူပါနဲ့. . . ထပ်ပြောကြတာပေါ့" လို့ ဆိုလိုက်တယ်။

အလောင်းဘေး ကျွန်တော် သတိထားပြီး ကပ်သွားတယ်။ မြေပြင်ပေါ် မှာ မတူတဲ့ခြေရာတွေ အများကြီး ရှိနေခဲ့တယ်။ အလောင်းရဲ့ဦးခေါင်းနဲ့ အဝတ်အစား

mgyoe.com

mgyoe.com


တွေကို ထိတွေ့ကိုင်တွယ်ထားကြပြီ။ ကျွန်တော် စိတ်တိုမိတယ်။ ဘာဖြစ်လို့ အခင်းဖြစ်ပွားတဲ့နေရာကို တားဆီးထိန်းသိမ်းတာတွေ မလုပ်တာလဲလို့ နယ်ခံရဲကို မေးလိုက်တယ်။ လူသတ်မှုဖြစ်ပွားတဲ့နေရာကို တစ်ခါမှ မဖြေရှင်းဖူးတဲ့ ရဲနှစ်ယောက်က ဟိုလိုလို ဒီလိုလိုနဲ့ ဘာမှ ပြန်မပြောနိုင်ခဲ့ဘူး။

အခင်းဖြစ်ပွားရာနေရာကို တားဆီးထိန်းသိမ်းတာဟာ အမှုတစ်ခုကို စုံစမ်းဖော်ထုတ်နိုင်ဖို့ အရေးကြီးဆုံးအချက်ဖြစ်တယ်။ ခြေရာလက်ရာမပျက် ထိန်းသိမ်းထားတဲ့ အခင်းဖြစ်ရာနေရာမှာ ပြစ်မှုကျူးလွန်သူရဲ့ လက်ဗွေရာ၊ ခြေရာ၊ အမွှေးအမှင်တွေကို မှုခင်းဆေးဝန်ထမ်းတွေက ရနိုင်မှာဖြစ်တယ်။ ဒီလိုလက်ဗွေရာ၊ ခြေရာနဲ့ သက်သေခံပစ္စည်းတချို့က သာမန်မျက်စိနဲ့ မြင်ချင်မှမြင်နိုင်တယ်။ ဒါပေမဲ့ ဓာတုဆေးတချို့၊ လေဆာ ဒါမှမဟုတ် ကိရိယာတချို့နဲ့ ဒီလိုဖုံးကွယ်နေတဲ့အရာတွေကို မြင်နိုင်၊ ရယူနိုင်ပါတယ်။ အခင်းဖြစ်ရာက အိမ်ပြင်ပဆိုရင် ဖိနပ်ရာရဲ့ အတိမ်အနက်နဲ့ ဦးတည်ရာကို ကြည့်ပြီး ပြစ်မှုကျူးလွန်သူရဲ့ ကိုယ်အလေးချိန်၊ သွားလာတဲ့လမ်းကြောင်းကို ရယူနိုင်တယ်။

အခင်းဖြစ်ရာနေရာကို ထိန်းသိမ်းဖို့ အရေးကြီးဆုံးအချက်က ခြေရာလက်ရာမပျက် ထိန်းသိမ်းတာပါပဲ။ အခင်းဖြစ်ရာနေရာကို အရင်ဆုံးရောက်တဲ့ ရဲဝန်ထမ်းက အဲဒီနေရာကို ဘယ်သူမှ ဝင်လို့မရအောင်၊ သက်သေခံပစ္စည်းတွေ ဖျက်ဆီးမိတာမျိုးတွေ မဖြစ်အောင် စည်းတားထားရတယ်။ အမှုစစ်ရဲ ဒါမှမဟုတ် မှုခင်းဆေးဝန်ထမ်းတွေကလည်း အခင်းဖြစ်ရာနေရာထဲ မဝင်ခင် အခင်းရဲ့ အခြေအနေကို အကြမ်းဖျင်း နားလည်ထားရတယ်။ ဒါမှ စည်းစနစ်ကျကျ သက်သေခံပစ္စည်းတွေကို သိမ်းဆည်းနိုင်မှာဖြစ်တယ်။

သာမန်အားဖြင့်ပြောရရင် သဘာဝနေရောင်က အခင်းဖြစ်ရာနေရာကို စစ်ဆေးဖို့အတွက် အကောင်းဆုံး အလင်းရောင်ဖြစ်တယ်။ မှုခင်းဆေးပညာဝန်ထမ်းတွေက အချိန်နဲ့အမြဲ အပြိုင်ပြေးရတယ်။ အိမ်ပြင်ပ အခင်းဖြစ်ရာနေရာကို ညအချိန်မှာစစ်ဆေးလို့ ရမရ အခြေအနေပေါ် မူတည်ပါတယ်။ အချိန် အပြောင်းအလဲက သက်သေခံပစ္စည်းအတော်များများကို ပျောက်ကွယ်သွားစေနိုင်ပါတယ်။ ဥပမာ. . . နှင်းရည်၊ အပင်ရဲ့ကြီးထွားမှု၊ တိရစ္ဆာန်တွေရဲ့လှုပ်ရှားသွားလာမှု စတာတွေက သက်သေခံပစ္စည်း ဒါမှမဟုတ် ခြေရာလက်ရာတွေကို ပျက်စီးစေနိုင်ပါတယ်။

သာဓကအနေနဲ့ ပြောရရင် မြက်ခင်းပြင်ပေါ် ကပ်နေတဲ့ သွေးစက်တွေဟာ အရောင် အမြန်ပြောင်းသွားတတ်ပြီး ရှာဖွေမရ ဖြစ်တတ်ပါတယ်။ မိုးတစ်ပြိုက်

mgyoe.com

ရှာလိုက်ရင်လည်း သွေးစက်တွေကို ဆေးကြောပစ်နိုင်ပါတယ်။ တခြား သက်သေခံ ပစ္စည်းတွေဖြစ်တဲ့ ဥပမာ. . . ဆံပင်၊ သုတ်ပိုးကွက်၊ ကျင်ငယ်ကွက်၊ မစင်၊ နှပ်ချီး၊ အရေပြားတစ်ရှူးနဲ့ ဦးနှောက်တွေဟာ ခြောက်သွေ့သွားလို့ ဒါမှမဟုတ် ရေစီးရေလာ ကြောင့်လည်း ပျောက်ပျက်သွားတတ်ပါတယ်။ ပိုးမွှားတွေ ကျင်လည်ကျက်စားတဲ့ ရာသီအချိန်အခါဆိုရင် ဒီလိုသက်သေခံပစ္စည်းတွေက ပိုးမွှားတွေ စားပစ်လိုက်တာ မျိုးလည်း ရှိနိုင်ပါတယ်။

အခင်းဖြစ်ရာနေရာကို သေချာ မထိန်းသိမ်းတဲ့အပြင် သေးငယ်တဲ့ သက်သေခံပစ္စည်းတွေက ရှာဖွေရ မလွယ်ကူနိုင်တာမို့ ညတွင်းချင်း စစ်ဆေးဖို့ ကျွန်တော် အမြန်လှုပ်ရှား ဆုံးဖြတ်လိုက်တယ်။ မြက်တွေကြားက အလောင်းကို စစ်ဆေးဖို့ ကျွန်တော် ထိုင်ချလိုက်ချိန် အလောင်းဟာ လောင်ကျွမ်းနေပြီဆိုပေ မယ့် ခြေရောလက်ပါ ကြိုးနဲ့ အတုပ်ခံထားရတဲ့ အရာထင်နေတာကို သတိထား မိလိုက်တယ်။ ခန္ဓာကိုယ်ပေါ်က ရေကူးဝတ်စုံဟာ အချွတ်ခံထားရပြီး မျက်နှာကို အုပ်ထားပါတယ်။ ရင်ဘတ်ပိုင်း ဗလာကျင်းနေပါတယ်။ ရေကူးဝတ်စုံနဲ့ မျက်နှာက မီးလောင်ခံထားရလို့ ပျက်စီးနေပါပြီ။ ခန္ဓာကိုယ်အောက်ပိုင်းနဲ့ လက်နှစ်ဖက်လည်း လောင်ကျွမ်းခံထားရပါတယ်။

လူ့ခန္ဓာကိုယ်က သူ့အလိုလို လောင်ကျွမ်းတဲ့အမျိုး မဟုတ်ပါဘူး။ ပြစ်မှု ကျူးလွန်သူကို စုံစမ်းဖော်ထုတ်ရေးပညာရပ်ရဲ့ ထုံးတမ်းစဉ်လာအရ လောင်ကျွမ်း ဖို့ရာ လောင်စာ၊ အောက်ဆီဂျင်နဲ့ အပူစွမ်းအင်တို့ လိုအပ်ပါတယ်။ ၈၀ ပြည့်နှစ်က 'လိုအပ်ချက်လေးရပ်' သီအိုရီမှာ လောင်ကျွမ်းဖို့ လောင်စာ၊ အောက်ဆီဂျင်၊ အပူ စွမ်းအင်နဲ့ မော်လီကျူးချိတ်ဆက်တုံ့ပြန်မှုတွေ လိုအပ်တယ်လို့ ဆိုပါတယ်။ ဒါပေမဲ့ ကျွန်တော်ကတော့ မီးလောင်ခံထားရတဲ့အလောင်းကို စစ်ဆေးရာမှာ 'လိုအပ်ချက် ငါးရပ်' သီအိုရီကို အသုံးပြုပါတယ်။ 'လိုအပ်ချက်လေးရပ်' ထဲပါဝင်တဲ့ အချက် လေးရပ်အပြင် လောင်ကျွမ်းရတဲ့အခြေအနေထဲမှာ လောင်ကျွမ်းဖို့ အကူပေးတဲ့ ပစ္စည်းလည်း ပါဝင်ပါတယ်။

အခြေခံအားဖြင့် အမှုအခင်းဖြစ်တဲ့နေရာမှာ အောက်ဆီဂျင်၊ အပူစွမ်း အင်နဲ့ မော်လီကျူး ချိတ်ဆက်တုံ့ပြန်မှုတွေက မမြင်နိုင်တဲ့ ဒြပ်မဲ့တွေဖြစ်တယ်။ ဒီလိုဆိုရင် ဖြစ်ပွားရာနေရာမှာ မြင်နိုင်တဲ့အရာ နှစ်ခုကို စစ်ဆေးရပါတယ်။ တစ်ခုက လောင်စာနဲ့ လောင်ကျွမ်းဖို့ အကူပေးတဲ့ပစ္စည်းဖြစ်တယ်။

အလောင်းအောက်က မြေကြီးတချို့နဲ့ အကြွင်းအကျန်တချို့ကို ကျွန်တော်

mmyoe.com

mgyoe.com

တို့ ကောက်သိမ်းလိုက်ပါတယ်။ စစ်ဆေးမှုအရ အကူပေးတဲ့ လောင်စာက ခဲမပါတဲ့ဓာတ်ဆီ (Un-Leaded Petrol) ဆိုတာကို သိလိုက်တယ်။ နေအိမ်ထဲ မီးလောင်ခံရရင် ဝါယာကြိုးရှော့ဖြစ်လို့၊ မီးဖိုအပူလွန်ကဲလို့ စတဲ့အကြောင်းတရား အခု ၂၀ ကျော် ရှိနိုင်ပေမယ့် အိမ်ပြင်ပ တောအုပ်မှာ မီးလောင်ခံရတာဟာ လောင်ကျွမ်းဖို့ အကူပေးတဲ့ပစ္စည်း ၉၀ ရာခိုင်နှုန်းလောက်က ဓာတ်မီးခြစ် ဒါမှမဟုတ် မီးခြစ်ဆံပဲ ဖြစ်မယ်ဆိုတာ သေချာနေပါတယ်။

ရဲဝန်ထမ်းနဲ့ ရဲအကူဝန်ထမ်းတွေက လူစုခွဲပြီး တောအုပ်ထဲ ရှာဖွေနေကြတယ်။ ကျွန်တော်နဲ့ အမှုစစ်ရဲနှစ်ယောက်က အလောင်းဘေးမှာ သက်သေခံပစ္စည်းတွေ သိမ်းနေကြတယ်။ တခြားအမှုစစ်ရဲတွေက ဘေးမှာနေပြီး ခါးကုန်းလိုက်၊ လက်ထဲမှာ လင်းအားကြီးဓာတ်မီးကို ကိုင်ပြီး တစ်ဆင့်ချင်း ထိုင်စစ်နေတဲ့ ကျွန်တော်တို့ကို ရပ်ကြည့်လိုက်လုပ်နေကြတယ်။ လောင်ကျွမ်းခံထားရတဲ့ မြက်ခင်းပြင်ကို ကျွန်တော် စစ်ဆေးချိန်မှာ မြက်တွေကြားထဲကနေ တစ်ဝက်တစ်ပျက် အလောင်ခံထားရတဲ့ မီးခြစ်ဆံတစ်ခုကို တွေ့လိုက်တယ်။ ဇာဂနာကို အသုံးပြုပြီး မီးခြစ်ဆံကို ကျွန်တော် ဂရုတစိုက်ညပ်ပြီး ဓာတ်ခွဲစစ်ဆေးဖို့ သက်သေခံပစ္စည်းငယ်တွေ သိမ်းတဲ့ဘူးထဲ ထည့်လိုက်တယ်။

မီးခြစ်ဆံကို သုံးရင် မီးခြစ်ဆံဘူး ရှိရမယ်လို့ ကျွန်တော် တွေးလိုက်တယ်။ ဒါကြောင့် အမှုစစ်ရဲတွေကို မီးခြစ်ဆံဘူးလို မသင်္ကာတဲ့ သက်သေခံပစ္စည်းတွေကို အရပ်လေးမျက်နှာမှာ ရှာကြည့်ဖို့ ကျွန်တော် ပြောလိုက်တယ်။ တကယ်ပဲ အလောင်းနဲ့ ၁၅ မီတာအကွာမှာ ကပ်ထူပြားခေါက် မီးခြစ်ဆံဘူးတစ်ခုကို တွေ့လိုက်တယ်။ ဒါပေမဲ့ မီးခြစ်ဆံဘူးက အလောင်ခံထားရပြီမို့ ဘူးပေါ် က စာလုံးတွေကို သာမန်မျက်စိနဲ့ မမြင်နိုင်တော့ပါဘူး။

ခန္ဓာကိုယ်ကို ဝပ်ချပြီး အလောင်ခံထားရတဲ့ မြက်ခင်းအနံ့ကို ကျွန်တော် နမ်းလိုက်ကြည့်တယ်။ ပြီးတော့ အလောင်ခံထားရတဲ့ ပြာကို အခင်းဖြစ်ရာနေရာ စမ်းသပ်တဲ့စက်နဲ့ စမ်းကြည့်လိုက်တော့ ခဲမပါတဲ့ဓာတ်ဆီဖြစ်ဖို့များတယ် ဆိုတာ တွေ့လိုက်တယ်။

ကျွန်တော့်ဘေးမှာ ရပ်ကြည့်နေပြီး အသံမထွက်ဘဲ မြက်ခင်းကို လျှောက်မွှေနေတဲ့ အမှုစစ်ရဲ ပို့က်က ကျွန်တော့်ဆီလျှောက်လာပြီး "ဘာအကူလောင်စာနဲ့ ရှို့လိုက်တာလဲ" လို့ မေးတယ်။

"ဓာတ်ဆီဖြစ်မယ်၊ ခဲမပါတဲ့ ဓာတ်ဆီတစ်မျိုးဖြစ်မယ်" လို့ ကျွန်တော်

mgyoe.com

ပြန်ဖြေလိုက်တယ်။

ကျွန်တော့်အဖြေကို ကြားတော့ ဗိုက်က "တကယ်ပဲ ခဲမပါတဲ့ ခာတ်ဆီဆိုတာ ခင်ဗျား သေချာပြီလား၊ ဘာတံဆိပ်လဲဆိုတာ ကျွန်တော့်ကို ခင်ဗျား ပြောပြနိုင်လား" လို့ မေးတယ်။

"အခုချိန်မှာ ဘာတံဆိပ်လဲဆိုတာ ခန့်မှန်းရ ခက်သေးပေမယ့် ဒါဟာ ခဲမပါတဲ့ ဓာတ်ဆီဆိုတာ ကျွန်တော် တပ်အပ်ပြောနိုင်ပါတယ်" လို့ ကျွန်တော် ပြန်ဖြေပါတယ်။

အလောင်းက မြင်မကောင်းအောင် အရှို့ခံထားရပြီ ဆိုပေမယ့် ဂျိုအန်နာရဲ့သွား၊ လက်ဗွေမှတ်တမ်းတွေကနေတဆင့် သေဆုံးသူဟာ ဂျိုအန်နာ အမှန်တကယ်ဖြစ်ကြောင်း အတည်ပြုနိုင်ခဲ့တယ်။ အခြေခံအားဖြင့် မှုခင်းဆေးပညာရပ်မှာ ဘယ်သူဘယ်ဝါဖြစ်ကြောင်း ဖော်ထုတ်နိုင်တဲ့နည်း ၁၆ နည်းရှိပါတယ်။ ဥပမာ. . . လက်ဗွေ၊ သွား၊ မျက်နှာ၊ ဦးခေါင်းခွံ စတာတွေ ဖြစ်တယ်။ တကယ်လို့ ဒီသက်သေပြနိုင်တဲ့အရာတွေ အဖျက်ဆီးခံရရင် သေဆုံးသူဟာ ဘယ်သူဘယ်ဝါဖြစ်ကြောင်း ဖော်ထုတ်ရခက်ပါတယ်။ ပြစ်မှုကျူးလွန်သူက ခန္ဓာကိုယ်အောက်ပိုင်းကို မီးရှို့ဖျက်ဆီးတာဟာ အစမွကျင့်ပြီး သတ်တာလည်း ဖြစ်နိုင်ပါတယ်။ ဒါဟာ လူသတ်သမားက သုက်ပိုးသက်သေကို ဖျက်ဆီးဖို့ ကြံစည်တာ ဖြစ်တယ်။ ယနေ့ခေတ်မှာ သိပ္ပံပညာရပ် ထွန်းကားနေပြီမို့ ခွဲခြားဖော်ထုတ်ဖို့ ပိုလွယ်ကူနေပါပြီ။ လူခန္ဓာကိုယ်ရဲ့ အရေးကြီးတဲ့အပိုင်းတွေ လောင်ကျွမ်းဖျက်ဆီးခံရပေမယ့် ကျွန်တော်တို့မှာ လက်ဗွေတွေကို ယူနိုင်တဲ့နည်းတွေ ရှိပါတယ်။ ဥပမာ. . . လက်ဖဝါးပြင်ပအရေပြား လောင်ကျွမ်းခံထားရလည်း အထဲဒုတိယအလွှာအရေပြားကနေ လက်ဗွေတွေကို ရယူနိုင်ပါတယ်။ ဦးခေါင်းခွံကို ကွန်ပျူတာနဲ့ နဂိုသဏ္ဌာန်ဖြစ်အောင် ပြုလုပ်နိုင်ပါတယ်။

ဂျိုအန်နာ မျက်နှာပေါ် က အလောင်ခံထားရတဲ့အရာကို ကြည့်ခြင်းအားဖြင့် လူသတ်သမားဟာ အစမွပြုကျင့်စဉ် သူ့မျက်နှာကို ဂျိုအန်နာ မမြင်အောင် ရေကူးဝတ်စုံကို အပေါ် ဆွဲတင်ပြီး ဂျိုအန်နာမျက်လုံးကို အုပ်ထားလိုက်ပုံရတယ်။

"ဒီမုဒိမ်းလူသတ်သမားက ဂျိုအန်နာနဲ့ သိတဲ့သူ ဖြစ်ရမယ်။ သူ့ အတန်းဖော်၊ သူငယ်ချင်း ဒါမှမဟုတ် အိမ်နီးချင်းဖြစ်နိုင်တယ်" လို့ အမှုစစ်ရဲ ဗိုက်ကို ကျွန်တော် ပြောလိုက်တယ်။

"ဒေါက်တာလီ. . . ခင်ဗျား ဘယ်လိုလုပ်သိတာလဲ" လို့ ဗိုက်က

mgyoe.com

သဘောမတူစွာ ပြန်မေးပါတယ်။

ပြစ်မှုကျူးလွန်သူစိတ်ကို စိစစ်ဝေဖန်ရေးပညာရပ် အတွေ့အကြုံနဲ့ "တကယ်လို့ ခင်ဗျားသိတဲ့လူကို ခင်ဗျား အစမွှသွားကျင့်ရင် အဲဒီခင်ဗျားနဲ့ ရင်းနှီးသူကို ခင်ဗျားမျက်နှာ မြင်စေချင်သလား" လို့ ကျွန်တော် ရှင်းပြလိုက်တယ်။

ဝှိုက်က စဉ်းစားပြီး ခေါင်းခါပါတယ်။

"မုဒိမ်းကောင်က ခံရသူကို မျက်နှာချင်းမဆိုင်ရဲလို့ နှုတ်ပိတ်တဲ့အနေနဲ့ ဒီလို ရက်စက်လိုက်တာ" လို့ ကျွန်တော် ဆက်ပြောပါတယ်။

သေဆုံးသူရဲ့ လက်တွေခြေတွေအားလုံး ဖိနပ်ကြိုးနဲ့ ချည်နှောင်ခံထားရတာကို ကျွန်တော် တွေ့လိုက်ပါတယ်။ လောင်ကျွမ်းခံထားရတဲ့ ဖိနပ်ကြိုးကို တဆင့် ဓာတ်ခွဲစစ်ဆေးဖို့ ကျွန်တော် ယူထားလိုက်တယ်။

သေဆုံးသူရဲ့ကိုယ်ပေါ်မှာ ဓားဒဏ်ရာ ၁၂ချက် တွေ့ရတယ်။ ဒဏ်ရာအနေအထားနဲ့ ဒဏ်ရာအတိုအရှည်အပေါ် ပိုင်းခြားချက်အရ လူသတ်လက်နက်ဟာ အသေးစား၊ အိတ်ကပ်ထဲထည့်လို့ရတဲ့ တစ်ဘက်လပ်ဓားသွား ဓားငယ်တစ်ချောင်းဆိုတာ သိလိုက်တယ်။

အခင်းဖြစ်ရာနေရာကို ညနေခင်းတစ်ခုလုံး အချိန်ယူပြီး စစ်ဆေးလိုက်တော့ သက်သေခံပစ္စည်းအတော်များများကို ကျွန်တော်တို့ သိမ်းဆည်းနိုင်ခဲ့ပါတယ်။ အမှုစစ်ရဲက လူတွေကိုခေါ်ပြီး အလောင်းသယ်ယူဖို့ ပြင်ဆင်တော့တယ်။ ဒါပေမဲ့ ကျွန်တော်က မပြီးသေးပါဘူး။ သေဆုံးသူရဲ့ ခန္ဓာကိုယ်အောက်ပိုင်းမှာ သုက်ပိုးသက်သေ ယူရပါဦးမယ်။

ခန္ဓာကိုယ်အောက်ပိုင်းက လောင်ကျွမ်းခံထားရပြီမို့ သာမန်အားဖြင့် ပြောရရင် သုက်ပိုးသက်သေက ပျက်စီးခံထားရပြီလို့ သူတို့ထင်ပြီး မယုံကြပါဘူး။ မှုခင်းဆေးပညာဝန်ထမ်းတွေက အဖြစ်မှန်စစ်ဆေးချက်ကို 'စိတ်ခန့်မှန်းယူဆချက်' နဲ့ ကျေနပ်လို့ မရနိုင်ဘူးလို့ သူတို့ကို ကျွန်တော်ပြောပြပါတယ်။ တကယ်ပဲ သေဆုံးသူရဲ့ လောင်ကျွမ်းခံထားရတဲ့အောက်ပိုင်းကနေ ဝါဂွမ်းချောင်းနဲ့ သုက်ပိုးတချို့ ကျွန်တော် ရခဲ့ပါတယ်။

ခန္ဓာကိုယ်အောက်ပိုင်းကို မှန်ဘီလူးနဲ့ ကျွန်တော် ရှာဖွေတော့ အမွေးအမှင်တချို့ကို တွေ့ပါတယ်။ အင်္ဂါစပ်အမွေး ဖြစ်နိုင်ချေရှိတာမို့ အဲဒီအမွေးအမှင်တွေကို သက်သေခံပစ္စည်းထည့်တဲ့ဘူးထဲ ကျွန်တော် ထည့်လိုက်ပါတယ်။

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

# အပိုင်း (၃) ဓာတ်ခွဲခန်းမှ သဲလွန်စ ဖော်ထုတ်ခြင်း

ဓာတ်ခွဲခန်း ပြန်ရောက်တာနဲ့ ပစ္စည်းကိရိယာ မစုံလင်ပေမယ့် အဏုကြည့်မှန်နဲ့ တခြားဓာတုနည်းပညာကို အသုံးပြုပြီး ကျွန်တော် စတင်စစ်ဆေးခွဲထုတ်ပါတယ်။

အလောင်းခံထားရတဲ့ မီးခြစ်ဆံဘူးပေါ်မှာ အင်္ဂလိပ်စာတချို့ကို ကျွန်တော်တွေ့လိုက်ပါတယ်။ ဖော်ထုတ်ကြည့်တော့ ဟတ်ဖို့ဒ်(Hartford)မြို့မှာ အခြေတည်ထားတဲ့ စက်မှုကုမ္ပဏီတစ်ခုဖြစ်နေတာကို တွေ့လိုက်တယ်။ အမှုစစ်ရဲကို အဲဒီကုမ္ပဏီ စစ်ဆေးကြည့်ဖို့ ကျွန်တော် ချက်ချင်းဖုန်းဆက်လိုက်ပါတယ်။

အမွေးအမှင်ကို စိတ်ဖြာလေ့လာကြည့်တော့ ဒီအမွေးအမှင်တွေဟာ လူဖြူယောကျ်ားတစ်ယောက်ရဲ့ အင်္ဂါစပ် အမွေးအမှင်ဖြစ်တာကို ကျွန်တော်သိလိုက်ရတယ်။ သေဆုံးသူကို အဓမ္မပြုကျင့်ချိန်မှာ ပွတ်တိုက်ကျွတ်ကျန်ခဲ့တာဖြစ်နိုင်ပါတယ်။

သေဆုံးသူကို ချည်နှောင်ထားတဲ့ ဖိနပ်ကြိုးက လည်ရှည်ဖိနပ်ကြိုး ဆိုတာကို ကျွန်တော် သိလိုက်ရတယ်။ လည်ရှည်ဖိနပ်မှာ စံနှုန်းမတူတဲ့ ကြိုးအရှည်တွေရှိပါတယ်။ ဥပမာ. . . ၂၅ လက်မ ဒါမှမဟုတ် ၃၂ လက်မ အရှည်တွေပါ။ ဒါပေမဲ့ဒီအမှုမှာတော့ ဖိနပ်ကြိုးက ၄၇ လက်မခွဲ ရှိနေပါတယ်။ အရမ်းထူးဆန်းပါတယ်။ တရားခံအိမ်မှာ ဖိနပ်ကြိုးတစ်စည်း ရှိလိမ့်မယ်လို့ ကျွန်တော် တွေးလိုက်တယ်။

mgyoe.com

mgyoe.com SAMPLE BOOK

အဲဒီဖိနပ်ကြိုးတွေကို ကိုယ်တိုင်လိုသလောက် ညှပ်ယူ အသုံးပြုပုံရတယ်။ နောက်ပြီး ဖိနပ်ကြိုးပေါ်မှာ အနီရောင်သုတ်ဆေးကို ကျွန်တော် တွေ့လိုက်ပါတယ်။ ဒီလို သုတ်ဆေးက နေအိမ်တွေမှာ အသုံးပြုတဲ့ တစ်လွှာသုတ် အိမ်သုတ်ဆေးပါ။ အိမ်သုတ်ဆေးကို ဓာတ်ခွဲကြည့်တော့ ဒီဆေးက လတ်ဆတ်နေပါသေးတယ်။ တရားခံဟာ အမှုကို မကျူးလွန်ခင် ဆေးသုတ်ခဲ့ဖူးသူဖြစ်ရမယ်လို့ ကျွန်တော်တို့ တွက်ချက်ခန့်မှန်းလိုက်ပါတယ်။

ဂျိအန်နာရဲ့ခန္ဓာကိုယ်ကို လောင်ကျွမ်းစေတဲ့ အကူလောင်စာက ခဲမပါတဲ့ ဓာတ်ဆီဖြစ်တယ်လို့ အမှုစစ်ရဲနှစ်ယောက်ကို ကျွန်တော် ပြောခဲ့ပါတယ်။ သူတို့က ဓာတ်ဆီရဲ့တံဆိပ်သိနိုင်ဖို့ မျှော်လင့်ကြတယ်။ တံဆိပ်သိရင် အဲဒီတံဆိပ်ရောင်းတဲ့ ဓာတ်ဆီဆိုင်ကနေတဆင့် သဲလွန်စထပ်ရှာဖို့ဖြစ်တယ်။ ဒါကြောင့် လူအင်အား တချို့နဲ့ အဲဒီမြို့က ဓာတ်ဆီဆိုင်တွေမှာ ဓာတ်ဆီနမူနာတွေ လိုက်သိမ်းကြပြီး ကျွန်တော် နှိုင်းယှဉ်ကြည့်နိုင်အောင် ဓာတ်ခွဲခန်းဆီ ပို့လိုက်ကြတယ်။ ဒါပေမဲ့ ဓာတ်ဆီဆိုင်က ဓာတ်ဆီတွေရဲ့ ပင်ရင်းနေရာတွေက မတူကြသလို ဓာတ်ဆီသန့်စင် နည်းကလည်းများတော့ ဓာတ်ဆီတံဆိပ်သိနိုင်ဖို့ နှိုင်းယှဉ်လို့ မရနိုင်ခဲ့ပါဘူး။

ကျွန်တော့်ဖြေရှင်းချက်ကို သူတို့ နားလည်သဘောမပေါက်ကြတော့ "ခင်ဗျားထက် ပိုတော်တဲ့ သိပ္ပံပညာရှင်ကို ကျွန်တော်တို့ ရှာနိုင်မယ်လို့ ယုံကြည်ပါတယ်။ အဲဒီပညာရှင်က ဓာတ်ဆီရဲ့ပင်ရင်းကို နှိုင်းယှဉ်ဖော်ထုတ်နိုင်လိမ့်မယ်" လို့ နောက်ကွယ်မှာ ကျွန်တော့်ကို ပြောကြပါတယ်။ သိပ္ပံပညာရပ်က ဘာမဆို လုပ်နိုင်တာ မဟုတ်ပါဘူး။ သူတို့က ဓာတ်ခွဲခန်းညွှန်ကြားရေးမှူးဟာ အရှေ့တိုင်း သား မျက်နှာပေါက်တစ်ဦး ဖြစ်နေတာမို့ ကျွန်တော့်ကို လက်ခံယုံကြည်မှု မရှိတာပါ။ FBI ဓာတ်ခွဲခန်းအကူနဲ့ သူတို့ဓာတ်ခွဲစမ်းသပ်ခဲ့ကြတယ်။ ရက်သတ္တပတ် တော်တော် ကြာမှာ အဖြေရတော့ အဲဒီအကူလောင်စာက ဓာတ်ဆီနဲ့ဆင်တူတယ် ဆိုတာက လွဲပြီး ဘာတံဆိပ်ဓာတ်ဆီမှန်း မခန့်မှန်းနိုင်ခဲ့ကြပါဘူး။

ဒီအမေရိကန်အမှုစစ် ရဲနှစ်ယောက်က ဒါနဲ့တင် မကျေနပ်သေးဘဲ ဗဟို လက်နက်ဆေးလိပ်ထိန်းချုပ်ရေးဌာန ဓာတ်ခွဲခန်းမှာ ဓာတ်ခွဲစမ်းသပ်ကြည့်ကြ ပြန်တယ်။ လေးပတ်အကြာမှာ ထွက်လာတဲ့အဖြေက အကူလောင်စာက ဓာတ်ဆီ ဖြစ်နိုင်တယ် ဆိုတာပဲဖြစ်တယ်။ ဒါနဲ့လည်း သူတို့က မကျေနပ်ကြသေးဘူး။ နောက်ဆုံး အမေရိကန် ပင်လယ်ကမ်းခြေထိန်းသိမ်းရေးဌာနရဲ့ ဓာတ်ခွဲခန်းမှာ ထပ်စမ်းသပ် ခဲ့ပြန်တယ်။ ပင်လယ်ကမ်းခြေထိန်းသိမ်းရေးဌာနက ပင်လယ်ရေပြင် ဆီယိုစိမ့်မှုနဲ့

mgyoe.com

ပြဿနာတချို့ကို ဖြေရှင်းတဲ့ဌာနဖြစ်တာကြောင့် အဲဒီအချိန်တုန်းက အမေရိကန် တစ်တိုက်လုံးမှာ အကြီးဆုံး ဓာတ်ဆီဓာတ်ခွဲစမ်းသပ်ခန်းတစ်ခု ပိုင်ပါတယ်။ အဲဒီ ဓာတ်ခွဲဌာနရဲ့ ဓာတ်ခွဲပညာရှင် ၇ ဦးဟာ အချိန်သုံးပတ်ကြာ အသုံးပြု ဓာတ်ခွဲကြည့်ပြီးနောက် ရလာတဲ့အဖြေက "အကူလောင်စာဟာ ဓာတ်ဆီဖြစ်နိုင်တယ်" ဆိုတာပဲ ဖြစ်တယ်။

ကျွန်တော်ရဲ့ဓာတ်ခွဲခန်းက အဲဒီဓာတ်ခွဲခန်းတွေထက်တောင် အသေးစိတ်ပါတယ်။ ဒါဟာ ခဲမပါတဲ့ ဓာတ်ဆီလို့တောင် ကျွန်တော်ပြောခဲ့တယ်။ အဲဒီဓာတ်ခွဲ အဖြေတွေနဲ့ ကျွန်တော်စခန့်မှန်းတဲ့အဖြေ တူညီမှုရှိတာကို တွေ့ပြီးတဲ့နောက် အဲဒီ အမေရိကန်အမှုစစ်ရဲတို့ဟာ အဝါရောင်အရေပြား ဒီအာရှသား တရုတ်လူမျိုးကို စပြီး စိတ်ရောကိုယ်ပါ ယုံကြည်လာတော့တယ်။

သေဆုံးသူရဲ့ အင်္ကျီစပ်ကနေ ရယူခဲ့တဲ့ အရည်ကနေတဆင့် သုက်ပိုးကို ကျွန်တော် ရှာတွေ့ခဲ့တယ်။ ဓာတ်ခွဲစမ်းသပ်ကြည့်ပြီးနောက် တရားခံရဲ့သွေးဟာ ဘီသွေးဆိုတာကို သိလိုက်တယ်။ အဲဒီအချိန်တုန်းက သွေးအင်ဇိုင်း (Blood enzymes) ခွဲခြမ်းစိတ်ဖြာနည်းက မှုခင်းဆေးပညာလောကထဲ ဝင်ရောက်နေခဲ့ပြီ ဖြစ်တယ်။ ဒီလိုနည်းဟာ သွေးထဲက မျိုးရိုးဗီဇကို တဆင့်တိုး ခွဲခြမ်းစိတ်ဖြာနိုင်ပြီး တရားခံကို ပိုတိကျ မှန်ကန်စွာ ဖမ်းဆီးနိုင်ပါတယ်။ အဲဒီအချိန်တုန်းက သွေး အင်ဇိုင်းခွဲခြမ်းစိတ်ဖြာတဲ့စက်တွေ ပေါပေါများများ မရှိသေးပါဘူး။ မှုခင်းဆေးပညာ လောကက ဒီခွဲခြမ်းစိတ်ဖြာတဲ့စက်ကိုတောင် အင်္ဂလန် စကော့ရပ်ဒ် (Scotland Yard လန်ဒန်ရဲဌာနချုပ် တည်ရှိတဲ့နေရာကို ခေါ် ဝေါ် တဲ့ဝေါဟာရ/ ဘာသာပြန်သူ) က တီထွင်ခဲ့တာ ဖြစ်တယ်။ အဲဒီအချိန်တုန်းက စကော့တလန်က ဇီဝဓာတု ဓာတ်ခွဲခန်းညွှန်ကြားရေးမှူးက ကျွန်တော်မိတ်ဆွေဖြစ်တယ်။ သူက ကျွန်တော့်ကို အဲဒီစက်တစ်လုံး လက်ဆောင်ပေးခဲ့ဖူးတယ်။ ဒါကြောင့် ဟိုးအစောကြီးကတည်း က ကျွန်တော်တို့ဓာတ်ခွဲခန်းဟာ ကြွင်းကျန်ရစ်တဲ့ သုတ်ပိုးကနေတဆင့် အင်ဇိုင်း ခွဲဖြာနိုင်ခဲ့ပါတယ်။ အဲဒီတရားခံသုက်ပိုးရဲ့ PGM ဟာ ၂-၁ အမျိုးအစားဖြစ်နေတာ ကို တွေ့လိုက်ပါတယ်။

လွန်ခဲ့တဲ့လအနည်းငယ်ခန့်က တိုရင်းတန်မြို့နဲ့ မိုင် ၈၀ ကျော်အကွာက မြို့လေးတစ်မြို့မှာ မိန်းမငယ်တချို့ကို အဓမ္မကျင့်၊ သတ်ဖြတ်ခံရတဲ့အမှုတွေ ဆက် တိုက် ဖြစ်ပွားခဲ့တယ်။ တရားခံကို မဖမ်းမိနိုင်ခဲ့သေးပါဘူး။ ဒါကြောင့် ဒီအမှုဟာ လည်း အဲဒီပြစ်မှုတွေကျူးလွန်ခဲ့တဲ့ တရားခံဖြစ်မယ်လို့ လူတွေ သံသယရှိခဲ့ကြတယ်။

mgyoe.com SAMPLE BOOK

'အဓမ္မကျင့်လူသတ်တရားခံ' ဆိုတဲ့ တိမ်မည်းကြီးဟာ တိုရင်းတန်မြို့ကို ဖုံးအုပ်လွှမ်းခြုံထားလို့ လူတွေ စိတ်ချောက်ချားကြတယ်။ အုပ်ထိန်းသူအများစုက ကိုယ့်သားသမီးကို နွေရာသီသင်တန်း ပေးမတက်ခဲ့ကြတော့ဘူး။

သုက်ပိုးအဖြေရပြီးနောက် အမှုစစ်ရဲ ဝှိုက်ကို ကျွန်တော် ချက်ချင်းအကြောင်းကြားလိုက်တယ်။ ဂျိုအန်နာအမှုက တသီးတခြားဖြစ်တဲ့အမှုလို့ ပြောပြလိုက်တယ်။ အခုအခင်းဖြစ်ရမှာရတဲ့ သုက်ပိုးနဲ့ ဟိုမုဒိမ်းကျင့် အသတ်ခံခဲ့ကြရတဲ့ ကောင်မလေးတွေကိုယ်ပေါ်ကရတဲ့ သုက်ပိုးက မတူပါဘူး၊ ဒါကြောင့် တရားခံဟာ တစ်ယောက်တည်း မဖြစ်နိုင်ပါဘူး။

အစတည်းက ဒါဟာ ဆက်တိုက် အဓမ္မကျင့်လူသတ်ခဲ့တဲ့ တရားခံဖြစ်ဖို့များတယ်လို့ ထင်ခဲ့တဲ့ ဝှိုက်က ဒီအဖြေကို ယုံဖို့ ခက်ခဲနေခဲ့တယ်။ သူ့ကို သိပ္ပံနည်းကျ သွေးခွဲခြမ်းစိတ်ဖြာနည်းမျိုးစုံကို ကျွန်တော် ရှင်းပြလိုက်တယ်။ ဒါ့အပြင် ကျွန်တော် ပိုင်းဖြတ်ခဲ့တဲ့ အကူလောင်စာဟာ ခဲမပါတဲ့ဓာတ်ဆီ ဖြစ်တယ်ဆိုတဲ့ အဖြေကို တခြားဓာတ်ခွဲခန်းတွေကလည်း လက်ခံသဘောတူခဲ့ကြတာကြောင့် ဝှိုက်က ကျွန်တော့်အပေါ် စပြီး ယုံကြည်လာပါတယ်။ နဂိုက မှန်းတန်းယူဆချက်တွေကို ပယ်ဖျက်ပြီး သိပ္ပံနည်းကျ သက်သေနဲ့ သဲလွန်စရယူစုံစမ်းမှုကို လက်ခံလာခဲ့ပါတော့တယ်။

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

# အပိုင်း (၄) လှည့်ပြောင်းမှတ် (Turning Point)

အမေရိကန်ပြည်ထောင်စုရဲ့ အစောပိုင်း အမှုစုံစမ်းစစ်ဆေးရေးမှာ သက်သေအဖြစ် အဓိကထား ရယူတာက မျက်မြင်သက်သေရဲ့ ထွက်ဆိုမှုနဲ့ တရားခံရဲ့ ဖြောင့်ချက်ပေးမှုတို့ ဖြစ်တယ်။ အမေရိကန်အစောပိုင်းကာလ လူ့ဘောင် လူ့အဖွဲ့အစည်းက သိပ်မရှုပ်ထွေးခဲ့ဘူး။ အထူးသဖြင့် တောရွာဒေသမှာဆိုရင် အချင်းချင်း သိကြ၊ ရင်းနှီးကြတယ်။ သက်ကြီးပိုင်းအများစုက အိမ်ရှေ့မှာ ကုလားထိုင်လေးနဲ့ ထိုင်ပြီး လမ်းသွားလမ်းလာတွေကို ကြည့်ကြတယ်။ အမှုအခင်းတစ်ခု ဖြစ်ရင် မျက်မြင်သက်သေ ထွက်ဆိုပေးမယ့်သူ များခဲ့တယ်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာတာနဲ့အညီ လူ့လောက,က တဖြည်းဖြည်း ရှုပ်ထွေးလာခဲ့တော့တယ်။ မိသားစုတော်တော်များများမှာ ဇနီးမောင်နှံတွေက အလုပ်များကြရတယ်။ မျက်မြင်သက်သေလည်း နည်းသွားခဲ့တယ်။ နောက်ပြီး အမေရိကန်တရားစီရင်စနစ်ကလည်း တစ်နေ့တခြား ရှုပ်ထွေးလာခဲ့ပါတယ်။ တရားရုံးမှာ သုံးရက်လောက်စောင့်လည်း ကိုယ်သက်သေထွက်ဆိုတဲ့အလှည့် မရောက်တာကြောင့် ပြည်သူအများဟာ ကိုယ့်စီးပွားရေး မပျက်မခံနိုင်ကြတော့ဘဲ သက်သေထွက်ဆိုဖို့ကို ရှောင်လာခဲ့ကြတော့တယ်။ 'တွေ့ရက်နဲ့ မမြင်၊ ကြားရက်နဲ့ မသိ' ဆိုတာမျိုးတွေ များလာခဲ့တော့တယ်။

၇၀ ပြည့်ခုနှစ် နှစ်စမှာ ဗဟိုအမြင့်ဆုံးတရားရုံးက 'မီရန်ဒါ (Miranda) အား စွဲချက်တင်ခြင်း' (People V.Miranda) အမှုကို စီရင်ချက်ချရာမှာ နဂိုရှိခဲ့တဲ့

mgyoe.com

mgyoe.com

အမှုစုံစမ်းစစ်ဆေးနည်း အစဉ်အလာဟာ တစ်ခါမှမဖြစ်ခဲ့ဖူးတဲ့ စိန်ခေါ်မှုမျိုးနဲ့ ကြုံခဲ့ရတယ်။ အယ်ရီဇိုးနားပြည်နယ်မှာနေတဲ့ မီရန်ဒါဆိုသူဟာ အဓမ္မကျင့် ပြန်ပေး ဆွဲမှုနဲ့ အဖမ်းခံခဲ့ရတယ်။ ရဲဘက်က သူ့ကို သူဟာ ဥပဒေနဲ့အညီ ရယူနိုင်တဲ့ အခွင့်အရေးတွေကို မပြောပြဘဲ စ,စစ်ဆေးခဲ့တယ်။ နှစ်နာရီကြာတဲ့ စစ်ဆေး မေးမြန်းမှုအပြီးမှာ မီရန်ဒါက သူ ကျူးလွန်ခဲ့ကြောင်း ဝန်ခံတယ်။ တရားရုံးနဲ့ ခုံသမာဓိအဖွဲ့က သူ့ကို အပြစ်ချမှတ်လိုက်တယ်။ ဒါပေမဲ့ အမြင့်ဆုံးတရားရုံးက ဒီစွဲချက်တင်တဲ့အမှုမှာ တရားခံရဲ့ ဖြောင့်ချက်နဲ့ပဲ တရားရုံးက စီရင်ဆုံးဖြတ်လို့ မရနိုင်ဘူးလို့ ဆိုတယ်။ ရဲဘက်က မီရန်ဒါကို သူ့မှာ အခြေခံလူ့အခွင့်အရေး ရယူခွင့်ရှိကြောင်း မပြောပြခဲ့လို့ဖြစ်တယ်။ ဥပမာ. . . သူဟာ ရေလုံနှုတ်ပိတ်နေခွင့် ရှိတယ်၊ ရှေ့နေငှားခွင့် ရှိတယ်၊ ရှေ့နေငှားဖို့ မတတ်နိုင်ရင် အစိုးရဘက်က သူ့ကို လိုအပ်တဲ့ ဥပဒေဝန်ဆောင်မှု ပေးနိုင်တယ်။ ဒီအမှုဖြစ်ပြီးတဲ့နောက် တရားခံ အများစုဟာ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ ကာကွယ်မှုကို သိသွားခဲ့ကြလို့ ရဲကို ဘာ သဲလွန်စမှ မပေးချင်ခဲ့ကြတော့ဘူး။ တရားခံက ရှေ့နေငှားခွင့်ရပြီးတဲ့နောက် အမှုစစ်ရဲတွေက တရားခံကိုယ်တိုင်ထုတ်ပြောတဲ့ အကျိုးရှိတဲ့သဲလွန်စရဖို့ အခွင့် အရေး ပိုပိုနည်းသွားခဲ့တော့တယ်။

မျက်မြင်သက်သေထွက်ဆိုသူ လျော့နည်းလာတဲ့အပြင်၊ ကိုယ်တိုင်ဖြောင့် ချက်ပေးမှု၊ စစ်ဆေးမေးမြန်းချက် ကန့်သတ်ခံရမှုတို့ကြောင့် ရှေးရိုးစဉ်ဆက်ကျင့် သုံးလာခဲ့တဲ့ စုံစမ်းစစ်ဆေးနည်းဟာ ခေတ်ရဲ့လိုအပ်ချက်နောက် အမီမလိုက်နိုင်ခဲ့ တော့ပါဘူး။ ဒီလိုအခြေအနေမျိုးကြောင့် အမှုကြီးတော်တော်များများကို မဖော် ထုတ်နိုင်ခဲ့ကြဘူး။ ဒီလိုအမှုကြီးတွေ မဖော်ထုတ်နိုင်တာဟာ ပြည်သူတို့ရဲ့စိတ်ကို အရိပ်မည်း လွှမ်းမိုးစေနိုင်ပါတယ်။ အဲဒီအပြင် တစ်မြို့လုံးရဲ့ လုံခြုံရေးပုံရိပ်ကိုပါ လှုပ်ခါစေပါတယ်။

ကျွန်တော်က လက်တွေ့ကျူးလွန်ပုံနဲ့ သက်သေခံပစ္စည်းတချို့ကို အမှုစစ်ရဲတွေ စုံစမ်းစစ်ဆေးနိုင်အောင် တင်ပြပါတယ်။ တရားခံဟာ ရေကူးဝတ်စုံ ကို အပေါ် ဆွဲတင်ပြီး အသတ်ခံရသူရဲ့မျက်နှာကို ဖုံးအုပ်ထားတယ်။ ဒါဟာ တရားခံ ဟာ ဂျိအန်နာနဲ့ သိတယ်လို့ ဆုံးဖြတ်နိုင်ပါတယ်။ အလောင်းဖျောက်ဖျက်ဖို့ ဓာတ်ဆီ ကို အသုံးပြုတာကို ကြည့်ခြင်းအားဖြင့် တရားခံဟာ သက်သေခံပစ္စည်းတွေကို ဘယ်လို ဖျက်ဆီးပစ်ရမယ်ဆိုတာကို သိတယ်။ ဒါကြောင့် သူဟာ ဉာဏ်ရည်နိမ့်သူ မဟုတ်ဘူး။ အင်္ဂါစပ်အမွေးကို ခွဲခြမ်းစိတ်ဖြာခြင်းအားဖြင့် တရားခံဟာ လူဖြူ

mgyoe.com SAMPLE BOOK


ယောက်ျားတစ်ယောက် ဖြစ်နိုင်တယ်။ ဖိနပ်ကြိုးကို ခွဲခြမ်းကြည့်ခြင်းအားဖြင့် တရားခံရဲ့ အိမ်မှာ ဖိနပ်ကြိုးတစ်စည်း ရှိလောက်တယ်။ ဒါ့အပြင် သိပ်မကြာသေးခင်က ဆေးသုတ်တဲ့အလုပ်ကို သူ လုပ်ခဲ့တယ်။ မီးခြစ်ဆံဘူးခွံကို စုံစမ်းစစ်ဆေးခြင်းအားဖြင့် ဘူးပေါ်က ကုမ္ပဏီကို ရှာတွေ့ရင် မီးခြစ်ဆံဘူးပိုင်ရှင်ကို ရှာတွေ့နိုင်တယ်။

အဓိက အရေးကြီးဆုံးက အခုချိန်ထိ တရားခံအသုံးပြုတဲ့ လက်နက်ကို ရှာမတွေ့သေးတာပါပဲ။ ဒါကြောင့် လူသတ်လက်နက်ကို ပိုက်စိတ်တိုက် ရှာဖွေကြည့်ဖို့ ရဲတွေကို ကျွန်တော် အကြံပေးလိုက်တယ်။ ဇွဲလုံ့လရှိသူကို လောကကြီးက မျက်ကွယ်မပြုပါဘူး။ နှစ်ပတ်အကြာ တောအုပ်တစ်နေရာမှာ ဂျပန်လုပ် တစ်ဘက်လပ် ဓားသွားပါတဲ့ ဓားငယ်တစ်ချောင်းကို အမှုစစ်ရဲတွေ ရှာတွေ့ခဲ့ပါတယ်။ ဓားပေါ်မှာ သွေးတွေ ပေကျံနေပါသေးတယ်။

ဓားပေါ်ကသွေးနဲ့ ဂျိုအန်နာရဲ့ သွေးအမျိုးအစားက တူနေပါတယ်။ ဓားသွားရဲ့ အနေအထားကလည်း ဂျိုအန်နာကိုယ်ပေါ်က ဓားဒဏ်ရာနဲ့ တူနေပါတယ်။ ဒါကြောင့် ဒီဓားဟာ ဂျိုအန်နာကိုသတ်ရာမှာ အသုံးပြုတဲ့ဓား ဖြစ်တယ်ဆိုတာကို ဆုံးဖြတ်နိုင်ပါတယ်။ ဓာတုဆေးအသုံးပြုပြီး ဓားလက်ကိုင်ကို စစ်ဆေးကြည့်တော့ လက်ဗွေရာတချို့ ထင်လာပါတယ်။ ဒီလက်ဗွေရာတွေဟာ အမှုကို ဖော်ထုတ်နိုင်မယ့် အဓိကသော့ချက် ဖြစ်ပါတယ်။

လက်ဗွေရာနဲ့ ဘယ်သူဘယ်ဝါဖြစ်တယ်ဆိုတာကို ခွဲခြားဖော်ထုတ်ခြင်းဟာ ဟိုးအစောဆုံး တရုတ်ပြည် ထန်ခေတ်မှာ စတင်ခဲ့တာပါ။ အဲဒီတုန်းက အရေးကြီးတဲ့ဖိုင်တွေ၊ စာချုပ် စတာတွေကို လက်ဗွေရာနဲ့ လက်မှတ်ရေးထိုးတာမျိုး ဒါမှမဟုတ် အမှတ်အသားပြုလုပ်တာမျိုးတွေ ရှိခဲ့ပါတယ်။ နောက်တော့ မှုခင်းဆေးလောကမှာ လူတိုင်းရဲ့လက်ဗွေရာတွေ မတူကြဘူးဆိုတာကို အတည်ပြု ပြဌာန်းခဲ့ပါတယ်။ လောကမှာ လက်ဗွေရာ၊ လက်ဖဝါးရာ၊ ခြေဗွေရာတွေ တူညီတဲ့လူ နှစ်ယောက် မရှိပါဘူး။ ၁၉ ရာစုနှောင်းပိုင်းမှာ လက်ဗွေရာကို အမှုအခင်းစစ်ဆေးမှုမှာ စတင်သုံးစွဲလာခဲ့ပါတယ်။

ဖြစ်မှုကျူးလွန်ချိန်မှာ တရားခံက လက်အိတ်စွပ်ထားရင် အခင်းဖြစ်ရာမှာ လက်ဗွေရာကျန်ခဲ့ဖို့ ခဲယဉ်းပါတယ်။ တရားခံက ပစ္စည်းတစ်ခုကို ယူချိန် ဒါမှမဟုတ် ဖမ်းဆုပ်ချိန်မှာလည်း လက်ဗွေရာတွေ ထင်ကျန်ခဲ့တတ်ပါတယ်။ လက်ဗွေရာက လက်ဖဝါးနဲ့ အရာဝတ္ထု ထိတွေ့ချိန် ဆီကြောင့်၊ ချွေးကြောင့် ကျန်ရစ်ခဲ့တဲ့အရာဖြစ်တယ်။ လက်ချောင်းတွေက ဖုန်၊ သွေးနဲ့ မင်စက်တချို့ကို ထိတွေ့ပြီးနောက်

mgyoe.com

mgyoe.com

အခြားအရာဝတ္ထုကို သွားထိတွေ့ချိန်မှာလည်း ထပ်ဆင့်လက်ဗွေရာ ကျန်ခဲ့တတ်ပါတယ်။

လက်ဗွေရာကို သုံးမျိုးသုံးစားခွဲနိုင်ပါတယ်။

(၁) ထင်ရှားတဲ့လက်ဗွေရာ. . . မျက်စိနဲ့ လက်ဗွေရဲ့ အစင်းအရာတွေကို မြင်နိုင်တယ်။ ဥပမာ. . . အိမ်သုတ်ဆေး၊ သွေးစက်၊ မင်စက်တို့ကြောင့် ဖြစ်လာတဲ့ လက်ဗွေရာ ဖြစ်တယ်။ အခြေခံအချက်အလက်အဖြစ် လက်ဗွေရာ ကတ်ပေါ်မှာ ခတ်နှိပ်တဲ့လက်ဗွေရာဖြစ်တယ်။

(၂) ပုန်းကွယ်နေတဲ့လက်ဗွေရာ. . . ပျော့ပြောင်းတဲ့အရာဝတ္ထုတွေပေါ်က လက်ဗွေရာဖြစ်တယ်။ ဥပမာ. . . ဖယောင်းတိုင်ပေါ်က လက်ဗွေရာ၊ နွံ့မြေစေးတွေပေါ်က လက်ဗွေရာ။

(၃) ငုပ်နေတဲ့လက်ဗွေရာ. . . ဒီလိုလက်ဗွေရာက ကိုယ်ခန္ဓာရဲ့သဘာဝဓာတ် ဥပမာ. . . ချွေးတွေကြောင့် ထပ်ဆင့်ဖြစ်လာတဲ့ လက်ဗွေရာဖြစ်တယ်။ သာမန်မျက်စိနဲ့ အလွယ်တကူ မတွေ့မြင်နိုင်တဲ့ လက်ဗွေရာဖြစ်ပြီး အမှုအခင်းဖြစ်ပွားတဲ့နေရာမှာ အများဆုံး တွေ့မြင်ရတတ်တဲ့ လက်ဗွေရာဖြစ်တယ်။ ငုပ်နေတဲ့ ဒီလိုလက်ဗွေရာက လက်ချောင်းတွေဟာ အဆီ၊ ချွေး ဒါမှမဟုတ် ဖုန်တွေနဲ့ ထိတွေ့ပြီးနောက် အခြား သန့်ရှင်းတဲ့အရာဝတ္ထုကို ကိုင်တွယ်ချိန်မှာ ကျန်ခဲ့တာဖြစ်တယ်။ သာမန်မျက်စိနဲ့ မမြင်နိုင်ပေမယ့် ထူးခြားတဲ့ ဓာတုဗေဒနည်းတွေကို အသုံးပြုပြီး ရှင်းရှင်းလင်းလင်း မြင်အောင် ပြုလုပ်နိုင်ပါတယ်။

မှုခင်းဆေးပညာဝန်ထမ်းတွေ အမြဲတစေ တွေ့မြင်ရတတ်တဲ့ လက်ဗွေရာက ငုပ်နေတဲ့ လက်ဗွေရာဖြစ်တယ်။ လက်ဗွေရာက သတ္တု၊ ပလပ်စတစ်၊ ဖန်၊ ကြွေစတဲ့ ရေမစုပ်တဲ့ပစ္စည်းတွေအပေါ် ထင်ကျန်နေရင် ရှာဖွေစစ်ဆေးရ လွယ်ကူပါတယ်။ သာမန်အားဖြင့် အမှုန့်နည်းနဲ့ ရှာဖွေနိုင်ပါတယ်။ အရောင်ပါတဲ့အမှုန့်ကို အရာဝတ္ထုပေါ် ပက်ဖြန်းခြင်းအားဖြင့် ပြီးပြည့်စုံတဲ့လက်ဗွေကို ရရှိနိုင်ပါတယ်။ အခြားနည်းတစ်ခုက သံမှုန့်နည်းဖြစ်တယ်။ သေးငယ်တဲ့သံမှုန့်တွေကို သံမှင်ဘီးနဲ့ အသုံးပြုပြီး ရှာနိုင်ပါတယ်။

တကယ်လို့ လက်ဗွေရာက စက္ကူ၊ ကတ်၊ သားရေ၊ သစ်သားစတဲ့ ရေစုပ်တဲ့ ပစ္စည်းတွေအပေါ် ထင်ကျန်နေရင် ဓာတုဗေဒနည်းနဲ့ ဓာတ်ခွဲကြည့်မှ မြင်နိုင်ပါတယ်။ သာမန်အားဖြင့် ဓာတုဗေဒနည်းက-

mgyoe.com

အိုင်အိုဒင်းမှိုင်းတိုက်နည်း. . . အိုင်အိုဒင်းကို အပူပေးပြီး အငွေ့ပျံစေတယ်။ အဲဒီအငွေ့က လက်ဗွေရာထင်ကျန်တဲ့ အရာဝတ္ထုနဲ့ ထိတွေ့တဲ့အခါ ညိုဝါရောင်လက်ဗွေရာအဖြစ် ထွက်ပေါ်လာတယ်။ လက်ဗွေရာ ပေါ်လာတဲ့အချိန် ချက်ချင်း ဓာတ်ပုံရိုက် ဒါမှမဟုတ် ဓာတုနည်းထိန်းသိမ်းတာမျိုး ပြုလုပ်ရပါတယ်။

Ninhydrin နည်း. . . စစ်ဆေးတဲ့အရာဝတ္ထုပေါ် ဓာတ်စမ်းရည် ဖြန်းတာဖြစ်တယ်။ အဲဒီအရည်နဲ့ လက်ဗွေရာပေါ်ကဓာတ်တို့ ထိတွေ့တဲ့အခါ ခရမ်းရောင်လက်ဗွေရာအဖြစ် ထွက်ပေါ်လာပါတယ်။

Silver nitrate နည်း. . . Silver nitrate အရည်နဲ့ ငုပ်နေတဲ့လက်ဗွေရာထဲက Sodium chloride တို့ ဓာတ်ပြုပြီးနောက် နေရောင်အောက်မှာ အမည်းရောင်လက်ဗွေရာအဖြစ် ထွက်ပေါ်လာပါတယ်။

ဓာတ်မီးချောင်းစမ်းသပ်နည်း. . . ဓာတ်မီးချောင်းအမှုံနီးယားဓာတ်ငွေ့နဲ့ o-Phthalaldehyd တို့က လက်ဗွေရာထင်ကျန်ခဲ့တဲ့ အရာဝတ္ထုပေါ်က ပရိုတင်း ဒါမှမဟုတ် အမိနိုအက်စစ်နဲ့ ချက်ချင်းဓာတ်ပြုပြီး လင်းလက်တဲ့လက်ဗွေရာအဖြစ် ထွက်ပေါ်လာပါတယ်။ ဒီလိုနည်းကို အရောင်ပါတဲ့အရာဝတ္ထုတွေပေါ်မှာ အသုံးပြုနိုင်ပါတယ်။

သက်သေခံပစ္စည်းရှာဖွေဖို့ အခြားနည်းတွေကိုလည်း အသုံးပြုနိုင်ပါတယ်။ ဥပမာ. . . သုံးစက္ကန့်ကော်ကပ်နည်းက Cyanoacrylate အငွေ့က ရေနဲ့ အမိနိုအက်စစ်မော်လီကျူးကို ဓာတ်ပြုခြင်းအားဖြင့် လက်ဗွေရာကို ထွက်ပေါ်စေပါတယ်။

တကယ်လို့ လူအရေပြားပေါ်က လက်ဗွေရာကိုရယူဖို့ အိုင်အိုဒင်းမှိုင်းတိုက်နည်း Silver plate transfer method နဲ့ အသုံးပြုနိုင်ပါတယ်။ အိုင်အိုဒင်းနဲ့ ထိတွေ့ထားတဲ့ လက်ဗွေရာဟာ ငွေပြားနဲ့ ထပ်ထိတွေ့တဲ့အခါ အမည်းရောင်လက်ဗွေရာအဖြစ် ထွက်ပေါ်လာပါတယ်။ ဒါမှမဟုတ် သုံးစက္ကန့်ကော်ကပ်နည်းနဲ့ အသုံးပြုပြီး လေဆာ ဒါမှမဟုတ် Multi-band light source (မီးရောင်စုံတွေ စုစည်းထားတဲ့အရာ)နဲ့ ထပ်စစ်ဆေးနိုင်ပါတယ်။

၁၉၇၂ ခုနှစ်မှာ ဗဟိုစုံစမ်းစစ်ဆေးရေးလက်ဗွေရာဌာနက ကွန်ပျူတာနဲ့ လက်ဗွေရာ အထောက်အထားကို စတင် အသုံးပြုခဲ့ပါတယ်။ ၁၉၈၀ ပြည့်နှစ်အရောက်မှာ လက်ဗွေရာဌာနက ဗဟိုနဲ့ပြည်နယ်အစိုးရ ဥပဒေဌာနမှာ ရှိတဲ့ လက်ဗွေကတ်အားလုံးကို ကွန်ပျူတာထဲ ထည့်သွင်းပြီး လက်ဗွေရာ သိုလှောင်ရေး

mgyoe.com SAMPLE BOOK


စခန်းကြီးတစ်ခုကို တည်ထောင်ခဲ့ပါတယ်။ အဖမ်းခံခဲ့ဖူးသူ ဒါမှမဟုတ် ထောင်ကျနေသူတွေရဲ့ လက်ဗွေရာတွေကို ဥပဒေဌာနက သိမ်းဆည်းထားရုံမက ပြည်သူတွေထဲက အစိုးရ ဒါမှမဟုတ် ရဲဘက်အလုပ် လျှောက်သူတိုင်း၊ ဒါမှမဟုတ် နိုင်ငံသား လျှောက်သူတိုင်းလည်း လက်ဗွေရာ နှိပ်ရပါတယ်။ ၁၉၈၉ ခုနှစ် ဇွန်လ ၅ ရက်နေ့မှာ ဗဟိုစုံစမ်းစစ်ဆေးရေးဌာန (FBI)က တစ်နိုင်ငံလုံးမှာရှိတဲ့ ဥပဒေဌာနအဆင့်ဆင့်ကို ကွန်ပျူတာကနေတဆင့် လက်ဗွေရာ နှိုင်းယှဉ်ကြည့်နိုင်တဲ့ ဝန်ဆောင်မှုပေးခဲ့ပါတယ်။ ဒီလိုဝန်ဆောင်မှုပေးခြင်းအားဖြင့် အရင်တုန်းက တစ်ပတ်လောက်ကြာတဲ့အချိန်ဟာ အခုချိန်မှာ တစ်ရက်တည်းနဲ့ ပြီးသွားပါတယ်။ တစ်နိုင်ငံလုံးက ဥပဒေဌာနအများစုမှာ အလိုအလျောက် လက်ဗွေရာ ခွဲခြားနိုင်တဲ့စနစ်တော့ မရှိသေးပါဘူး။

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

# အပိုင်း (၅) အသေးစိတ် စုံစမ်းစစ်ဆေး

အမှုစစ်ရဲတွေက မီးခြစ်ဆံဘူးကနေ စလှုပ်ရှားပါတယ်။ မီးခြစ်ဘူးထွက်ရာ ဟတ်ဖို့ဒ်မြို့က စက်မှုကုမ္ပဏီတစ်ခုကို သူတို့သွားရောက်စုံစမ်းပါတယ်။ မီးခြစ်ဘူး က ကြော်ငြာအတွက် လက်ဆောင်ပေးတာပါ။ ကုမ္ပဏီနဲ့ စီးပွားရေးအဆက်အသွယ် ရှိတဲ့ ဆောက်လုပ်ရေးသမား ဒါမှမဟုတ် ဆောက်လုပ်ရေးပစ္စည်း ရောင်းဝယ်သူတွေ ကို လက်ဆောင်ပေးတာ ဖြစ်တယ်။ တိုရင်းတန်မြို့က ဖောက်သည်ကုမ္ပဏီနှစ်ခုကိုပဲ သူတို့ပေးခဲ့ပါတယ်။

အမှုစစ်ရဲတွေက တိုရင်းတန်မြို့ကို ပြန်လာပြီး မီးခြစ်ဘူးလက်ဆောင် ရတဲ့ ကုမ္ပဏီနှစ်ခုကို စစ်ဆေးရာမှာ နယူးဟောက်စ် (New Hourse) မျိုးရိုးနာမည် ပါတဲ့ အိမ်ဟာ ဂျီအန်နာတို့နေအိမ်နဲ့ မနီးမဝေးမှာရှိတာကို တွေ့လိုက်ရတယ်။ အဲဒီအိမ်က သားကြီး ရော်နာက ဂျီအန်နာနဲ့ ကျောင်းတူပါတယ်။ သူတို့နှစ်ယောက် ရင်းနှီးပုံ ရပါတယ်။

သိပ်မကြာပါဘူး. . . အမှုစစ်ရဲတွေဟာ ကျွန်တော် အကြံပေးတဲ့အတိုင်း ပြတင်းတံခါးတွေကို လောလောလတ်လတ် ဆေးသုတ်ထားတဲ့အိမ် ရှိ,မရှိ အိမ် ပေါက်စေ့ လိုက်ကြည့်ပါတော့တယ်။ အဲဒီလို လိုက်ကြည့်တဲ့အခါမှာ အိမ်တစ်အိမ် ရဲ့ ကားဂိုဒေါင်တံခါးဟာ သိပ်မကြာခင်ကမှ အနီရောင်ဆေး သုတ်ထားသလိုပါပဲ။ အိမ်ရှင်ကိုမေးမြန်းကြည့်တော့ အိမ်ရှင်က အသက် ၆၀ ကျော် အမျိုးသားတစ်ဦး

mgyoe.com

mgyoe.com

ဖြစ်ပြီး အိမ်ထဲကအိမ်ပြင် သိပ်မထွက်သူ ဖြစ်တယ်။ သူဟာ လွန်ခဲ့တဲ့ လအနည်းငယ် ခန့်က ရော်နာလို့ခေါ်တဲ့ အလယ်တန်းကျောင်းသားကိုခေါ်ပြီး ကားဂိုဒေါင်တံခါး ကို အနီရောင်ဆေး သုတ်ခိုင်းခဲ့ကြောင်း ပြောပါတယ်။ အဲဒီ ၁၆ နှစ်အရွယ် ကောင်လေးက သူတို့အိမ် မျက်စောင်းထိုးမှာနေကြောင်း ညွှန်ပြပါတယ်။ သူ ညွှန်ပြတဲ့ မျက်စောင်းထိုးအိမ်က နယူးဟောက်စ်အိမ် ဖြစ်နေပါတယ်။

သဲလွန်စအားလုံးက ရော်နာကိုပဲ ညွှန်ပြနေပါတယ်။ ဒါပေမဲ့ ရော်နာကို ဖမ်းဆီးစစ်ဆေးဖို့ ဒါမှမဟုတ် သူ့အိမ်ကိုရှာဖွေဖို့အတွက် သက်သေခံပစ္စည်းတွေ အများကြီး လိုအပ်နေပါသေးတယ်။ ဥပဒေအရ အရေးကြီးတဲ့ အခြေအနေမဟုတ် ရင် ရဲတွေဟာ အိမ်ကို ရှာဖွေဖို့ ဒါမှမဟုတ် နေအိမ်ထဲဝင်ဖို့အတွက် တရားသူကြီး ဆီကနေ ရှာဖွေခွင့် ဒါမှမဟုတ် ဝရမ်း အရင်လျှောက်လွှာတင်ရပါတယ်။ လျှောက် လွှာတင်ချိန်မှာ ဒီနေအိမ်ကို ဘာကြောင့် ရှာဖွေရတယ်၊ ဒီလူကို ဘာကြောင့် ဖမ်းရတယ်ဆိုတဲ့ ခိုင်လုံပြည့်စုံတဲ့အကြောင်းပြချက် သက်သေတွေနဲ့ လျှောက်ရ ပါတယ်။

ရဲဘက်က ပြည့်စုံတဲ့သက်သေတွေ မသိမ်းဆည်းနိုင်သေးပေမယ့် အသစ် ရှာဖွေ တွေ့ရှိထားတဲ့ သဲလွန်စတွေနဲ့ ရော်နာကို စမ်းကြည့်ဖို့ ဆုံးဖြတ်လိုက်ကြ တယ်။ နယူးဟောက်စ်အိမ်ကို သူတို့သွားလိုက်ကြတယ်။ အမှုစစ်ရဲဝိုက်နဲ့ ဘရောင်း တို့က နယူးဟောက်စ်ရဲ့ နေအိမ် ကားပါကင်မှာ ကားတစ်စီး ရပ်ထားတာကို တွေ့လိုက်တယ်။ အိမ်ထဲမှာ လူရှိနေတယ်ဆိုတာကိုသိလို့ တံခါးခေါက်လိုက်တယ်။ အချိန်အတော်ကြာတဲ့အထိ အိမ်ထဲက တုံ့ပြန်သံ မကြားမိပါဘူး။ မိနစ်တော် တော်ကြာမှ အသက် ၄၀ ကျော် အမျိုးသမီးတစ်ယောက်ဟာ ပြတင်းပေါက်ခန်းဆီး ကို အသာလေးဟပြီး တံခါးခေါက်တဲ့လူကို ချောင်းကြည့်လိုက်တာ တွေ့ရတယ်။

"ကျွန်တော်တို့က ရဲတွေပါ၊ မေးစရာတချို့ရှိလို့ပါ" လို့ ဘရောင်းက ပြောတယ်။

"ဘာကိစ္စလဲ" အမျိုးသမီးက စိတ်လှုပ်ရှားစွာ မေးတယ်။

လှုပ်လှုပ်ရှားရှား မဖြစ်စေချင်တာကြောင့် "ပုံမှန် လုပ်ရိုးလုပ်စဉ် မေးမြန်း မှု" လို့ ရဲက ဖြေလိုက်တယ်။

အမျိုးသမီးက တံခါးဖွင့်လိုက်တယ်။

ရဲက "ခင်ဗျားက ရော်နာမိခင်လား၊ ရော်နာ ရှိလား" လို့မေးတယ်။

အမျိုးသမီးက ပိုစိတ်လှုပ်ရှားသွားသလိုနဲ့ ကပျာကယာ-

mgyoe.com

"ဘာဖြစ်တာလဲ၊ ရော်နာ ဘာပြဿနာလုပ်မိပြီလဲ" လို့ ပြန်မေးတယ်။

"ဘာမှလုပ်ပါဘူး၊ သူ့ကို ဓားတစ်ချောင်းနဲ့ ပတ်သက်တာလေး မေးချင်လို့ပါ"

"သူ အိမ်မှာ မရှိဘူး"

ဘရောင်းက ဓာတ်ပုံရိုက်ထားတဲ့ ဓားပုံကို ပြလိုက်ပြီး "ဒီဓားကို ခင်ဗျား တွေ့ဖူးလား" လို့ မေးလိုက်တယ်။

အမျိုးသမီးက ဓာတ်ပုံကိုကြည့်ပြီး ခဏလောက် မှင်သက်သွားတယ်။ ပြီးမှ ခေါင်းခါပြီး ပလုံးပထွေးနဲ့ "မ. . . မတွေ့. . . တွေ့ဖူးဘူး. . ." လို့ ဖြေတယ်။

အမှုစစ်ရဲက တဆင့်တိုးပြီး "အိမ်ထဲ ခဏဝင်ကြည့်လို့ရနိုင်မလား" လို့ သွေးတိုးစမ်းမေးကြည့်တယ်။

အမျိုးသမီးက ချက်ချင်း အသိဝင်လာသလိုနဲ့ "ရှင်တို့ ဘာရှာချင်တာလဲ။ ဒီဓားကို မတွေ့ဖူးပါဘူးလို့ ကျွန်မ ပြောပြီးပြီပဲ။ ရှာဖွေခွင့်လက်မှတ်မပါရင် ကျွန်မ အိမ်ထဲဝင်ဖို့ ရှင်တို့မစဉ်းစားနဲ့"

ရော်နာမိခင်က ပုလင်းဝဘူးဆို့ထားသလို ဘာမှ ထပ်မပြောတော့ဘူး။ အိမ်ထဲလည်း ဝင်ရှာဖို့ခက်တယ်။ ဒါပေမဲ့ အမျိုးသမီးရဲ့အပြုအမူက ရဲကို သံသယ ဖြစ်နေစေခဲ့ပါပြီ။

အိမ်ကနေခွာဖို့ ရဲတွေပြင်နေချိန် တံခါးဝမှာ အပြင်ကနေ တက်တက် ကြွကြွ အပြေးပြန်လာတဲ့ ရော်နာရဲ့ညီ ဂျော်နီကို တွေ့လိုက်တယ်။ ရဲကဓာတ်ပုံ ထုတ်ပြီး "ဟေ့ ကောင်လေး. . . ဒီဓားကို မင်းတွေ့ဖူးလား" လို့ မေးလိုက်တယ်။

ဂျော်နီက မျက်လုံးတစ်ချက်လက်သွားပြီး ချက်ချင်းပဲ "ဒါ ကျွန်တော့် အစ်ကိုဓား မဟုတ်လား။ ခရစ္စမတ်လက်ဆောင်ဆိုပြီး အဖေက သူ့ကိုဝယ်ထား ပေးတာ။ သူက ဒီဓားကို အရမ်းတန်ဖိုးထားတာ၊ တခြားလူကို ပေးမကိုင်ဘူး" လို့ ဆိုတယ်။

ပိုက်က တဆက်တည်းပဲ "ဒီဓား အခုဘယ်မှာလဲ မင်း သိလား" လို့ မေး လိုက်တယ်။

"ရှေ့ရက်က မတော်တဆ ဘယ်နားကျကျန်ခဲ့မှန်းမသိဘူးလို့ သူ ပြောပါ တယ်။ သူ့ကို အဖေလက်ဆောင်ပေးပြီးတဲ့နောက် သူက ဒီဓားကို ကိုယ်နဲ့မခွာ သေချာသိမ်းထားတယ်၊ ဒီဓားကို သူ လုပ်ဖျောက်လိုက်တယ်လို့ ပြောရင် ကျွန်တော်

mgyoe.com

SAMPLE BOOK


ယုံမှာ မဟုတ်ဘူး"

"ဂျော်နီ. . . စကားလျှောက်မပြောနဲ့၊ အိမ်ထဲ အမြန်ဝင်ခဲ့စမ်း"

ရော်နာရဲ့မိခင်က တံခါးဝမှာရပ်ပြီး အော်တာကြောင့် ဂျော်နီက လက်ပြပြီး အိမ်ထဲဝင်သွားတယ်။

ရော်နာ အိမ်အပြန်ကို စောင့်ပြီး သေချာမေးမယ်လို့ ရဲတွေ ဆုံးဖြတ်လိုက်တယ်။ သိပ်မကြာဘူး ရော်နာ အိမ်ပြန်လာပါတယ်။ အိမ်အပြင်မှာ ရဲရောက်နေတာကိုတွေ့တော့ သူ ထိတ်ထိတ်ပျာပျာ ဖြစ်သွားတယ်။ ဒါပေမဲ့ ဟန်ကို ချက်ချင်းထိန်းပြီး ရဲတွေ မေးမြန်းသမျှကို သူ မှုမပျက်ပြန်ဖြေတယ်။ ဓား ဘယ်ရောက်သွားသလဲလို့ ရဲတွေမေးတဲ့အခါ အိမ်ပေါ်ထပ်မှာလို့ သူ ထစ်ထစ်ငေါ့ငေါ့ ဖြေတယ်။

အိမ်ပေါ်တက်ပြီး သွားရှာကြည့်ပါလို့ ရဲတွေပြောတော့ အိမ်ထဲ သူ ဝင်သွားတယ်။ နာရီဝက်ကျော်ကြာမှ အိမ်အောက်ပြန်ဆင်းပြီး ဓားကို သူ ရှာမတွေ့ကြောင်း၊ ကြည့်ရတာ မတော်တဆ လုပ်ဖျောက်လိုက်မိတာဖြစ်နိုင်ကြောင်း ပြောတယ်။

လူသတ်လက်နက်က ရော်နာရဲ့ဓားဖြစ်တယ်ဆိုတိုင်း ဒီလူသတ်မှုကို ရော်နာ ကျူးလွန်တာ မဟုတ်နိုင်ပါဘူး။ သူ့ဓားကို တခြားလူကောက်ရပြီး လူသတ်လိုက်တာလည်း ဖြစ်နိုင်ပါတယ်။ ဒါကြောင့် ဓားကို ရော်နာ လုပ်ဖျောက်လိုက်မိတယ်ဆိုတာကို တကယ်ဟုတ်မဟုတ် ရဲတွေက စမ်းသပ်ကြည့်ချင်ပါသေးတယ်။

ဒါကြောင့် ဒီအကြောင်း ရော်နာကို သေချာရှင်းပြဖို့ ရဲစခန်းကို ခဏလောက်လိုက်ခဲ့နိုင်မလားမေးတော့ ရော်နာက ဘာမှမဖြစ်သလိုနဲ့ "သွားဆိုလည်း သွားတာပေါ့" လို့ ပြောတယ်။

ရဲစခန်းရောက်တော့ အမှုမဖြစ်ခင် နွေရာသီသင်တန်းကို သူလည်း ပါဝင်ခဲ့တယ်လို့ ဝန်ခံပါတယ်။ ဒါပေမဲ့ ဂျိုအန်နာနဲ့ နှစ်ယောက်တည်း သွားလာ ဆက်ဆံဖူးတာတော့ မရှိဘူးလို့ ဆိုတယ်။ သင်တန်းပြီးတော့ သူ့တစ်ယောက်တည်း တောင်ပေါ်တက် လမ်းလျှောက်ထွက်တယ်လို့ ဆိုတယ်။ ဒါပေမဲ့ လမ်းမှားသွားလို့ ညမှ အိမ်ပြန်ရောက်ကြောင်း ပြောတယ်။ ရော်နာရဲ့အိမ်က တောင်ခြေမှာမို့ တောင်ပေါ်ကို သူ မကြာခဏ သွားလာတတ်မှာပါ။ လမ်းမှားတယ်ဆိုတဲ့ အပြောက သက်သာမကင်းဖြစ်တာမို့ သူ့ကို ပိုလီဂရမ် (Polygraph) လိမ်ညာစမ်းသပ်စက် (လူရဲ့သွေးခုန်နှုန်း၊ နှလုံးခုန်နှုန်းကနေတဆင့် ဒီလူရဲ့ပြောစကားဟာ အလိမ်အညာ စကားလား ဆိုတာကို လျှပ်စစ်လှိုင်း အနေအထားကနေတဆင့် စူးစမ်းကြည့်တဲ့ကိရိယာ)

ဘာသာပြန်သူ) နဲ့ စမ်းသပ်ကြည့်ဖို့ သဘောတူလားလို့ မေးလိုက်တယ်။

လိမ်ညာစမ်းသပ်စက်ရဲ့ ရလဒ်အဖြေက တရားရုံးမှာ ထွက်ဆိုချိန် သက်သေခံအဖြစ် တင်ပြလို့ မရနိုင်ပေမယ့် ရဲတွေက တရားခံရဲ့ စိတ်အခြေအနေကို ဒီစက်နဲ့ စမ်းသပ်အသုံးပြုနေဆဲဖြစ်တယ်။

ရော်နာက စမ်းသပ်ကြည့်ဖို့ သဘောတူတာမို့ စမ်းသပ်သူက ကိရိယာတွေကို ပြင်ဆင်ပြီး စမ်းသပ်ဖို့ စတင်ချိန်မှာ ရော်နာရဲ့မိဘနဲ့ ရှေ့နေတစ်ဦးက ရဲစခန်းကို အလျင်စလို ရောက်လာပါတယ်။ ရော်နာရဲ့ လက်မှာ၊ ခေါင်းမှာ လိမ်ညာစမ်းသပ်စက်နဲ့စမ်းသပ်ဖို့ ဝါယာကြိုးတွေကပ်ထားတာကို မြင်တော့ ရှေ့နေက ရဲတွေကို ဝရမ်းထုတ်ပြဖို့၊ မထုတ်ပြနိုင်ရင် စမ်းသပ်မှုလုပ်နေတာကို ချက်ချင်းရပ်ဖို့ ဆိုပါတယ်။

ရော်နာကို ရဲတွေက ရဲစခန်းကို 'ပင့်ဖိတ်' ခဲ့တာပါ။ တရားရုံးကနေ ဝရမ်း မတင်ရသေးပါဘူး။ ဒါကြောင့် ရော်နာကို အတင်းအဓမ္မ ဘာမှ စစ်ဆေးခွင့် မရှိပါဘူး။ ဒါနဲ့ ရော်နာကို အိမ်ပြန်လွှတ်လိုက်ရပါတယ်။ ရဲစခန်းကနေ ဟိတ်ကြီးဟန်ကြီးနဲ့ ထွက်သွားတဲ့ ရော်နာကို ရဲတွေက ဒီအတိုင်းသာကြည့်နေခဲ့ရတယ်။

အမေရိကန် အခြေခံဥပဒေက လူတွေကို ကိုယ်ရေးကိုယ်တာကာကွယ်နည်းတွေ အများအပြား ပံ့ပိုးပေးထားပါတယ်။ ဒါဟာ အမှုအခင်းစစ်ရာမှာ ရဲဘက်ကို အဆင်မပြေမှု၊ ခက်ခဲမှုတွေ များစွာပေးလာနိုင်ပေမယ့် ရဲတွေကို အကူအညီမဲ့စေ၊ လက်လျှော့စေလိုစိတ်တွေတော့ မဖြစ်စေခဲ့ပါဘူး။ ရော်နာရဲ့သွေးနဲ့ လက်ဗွေရာကိုသာ ကျွန်တော်တို့ ရနိုင်ခဲ့ရင် ဂျိအန်နာကိုယ်ပေါ်က သုက်ပိုးကို ကျွန်တော်တို့ အတည်ပြုနိုင်ပါပြီ။ အမွေးအမှင်နဲ့ ဓားလက်ကိုင်ပေါ်က လက်ဗွေရာတို့ တူညီရင် ရော်နာဟာ ဒီအမှုရဲ့တရားခံဆိုတာ တပ်အပ်ပြောနိုင်ပါပြီ။

ချက်ချင်းပဲ တရားရုံးသွားပြီး ကျွန်တော်တို့ ဆင့်ခေါ်စာသွားလျှောက်ပါတယ်။ ဒီအမှုမှာ ရော်နာ တရားခံဖြစ်နိုင်ခြေများတာမို့ ရော်နာဆီကနေ သွေးနမူနာနဲ့ လက်ဗွေနမူနာ ရယူနိုင်အောင် သဘောတူညီချက်ပေးဖို့ တရားသူကြီးကို တင်ပြပါတယ်။

တရားသူကြီးက ကျွန်တော်တို့ရဲ့ တင်ပြချက်ကို သဘောတူပါတယ်။ ဒါပေမဲ့ မမျှော်လင့်ဘဲ ရော်နာတို့မိသားစုဟာ နယူးယောက်ကို ရုတ်တရက် ပြောင်းသွားပါတယ်။ သိပ်မကြာပါဘူး၊ ရဲဘက်က ရော်နာကို ရှာတွေ့ပြီး လိုအပ်တဲ့ သွေးနဲ့ လက်ဗွေရာကို ရခဲ့ပါတယ်။

mgyoe.com

စမ်းသပ်စစ်ဆေးမှုအပြီးမှာ ရော်နာရဲ့သွေးဟာ ဘီသွေးဖြစ်ပြီး PMG အင်ဇိုင်းက ၂-၁ အမျိုးအစားဖြစ်နေတာကို တွေ့လိုက်ရတယ်။ ဒါဟာ သေဆုံးသူ ဂျိအန်နာကိုယ်ပေါ်မှာရရှိခဲ့တဲ့ သွေးအမျိုးအစားနဲ့ တူညီနေပါတယ်။ တစ်ချိန်တည်းမှာပဲ ရော်နာရဲ့ လက်ဗွေရာဟာ ဓားလက်ကိုင်ပေါ်က လက်ဗွေရာနဲ့ တူညီနေပါတယ်။ အမွေးအမှင်အသွင်အပြင်ကလည်း တူညီနေပါတယ်။

ဒီသက်သေခံပစ္စည်းတွေနဲ့ ရော်နာကို ဖမ်းဆီးလိုက်ပါတယ်။ ဖမ်းဆီးချိန်မှာပဲ သူ့အိမ်မှာ ဖိနပ်ကြိုးတစ်စည်းကိုလည်း ရှာဖွေတွေ့ခဲ့ပြီး ဓာတ်ဆီ အနည်းငယ် ကျန်နေသေးတဲ့ ဓာတ်ဆီပုံးတစ်ခုကိုလည်း တွေ့ခဲ့ပါတယ်။ ဓာတ်ဆီကို ဓာတ်ခွဲ စမ်းသပ်ကြည့်တော့ အခင်းဖြစ်ပွားရာမှာတွေ့ခဲ့တဲ့ ဓာတ်ဆီနဲ့ ကိုက်ညီနေပါတယ်။

တရားခံကို ရှာဖွေတွေ့ရှိပြီဆိုရင် အမေရိကန် ရာဇဝတ်မှုဖော်ထုတ်ရေးမှာ အမှုကို တစ်ဝက်ဖော်ထုတ်နိုင်ခဲ့ပြီလို့ ဆိုရပါမယ်။ ကျန်တစ်ဝက်က တရားရုံးမှာ ခိုင်လုံတဲ့သက်သေပြမှု၊ တွက်ဆိုမှုတွေနဲ့ သံသယရှိသူမှာ ပြစ်မှုထင်ရှားကြောင်း ဂျူရီလူကြီးအဖွဲ့တွေ သံသယမကင်း မဖြစ်အောင် တွက်ဆိုရပါတယ်။ တရားလိုဘက်က တွက်ဆိုချက်တွေကို ဂျူရီလူကြီးအဖွဲ့ယုံအောင် ပြောရသလို အတိုင်ခံရသူရဲ့ သက်သေခံပစ္စည်းတွေနဲ့ လူသတ်ရခြင်းရဲ့အရင်းခံ၊ လူသတ်ပုံ၊ လူသတ်နိုင်တဲ့ အခွင့်အရေးတွေကို ထွက်ဆိုရပါတယ်။

တရားလိုဘက်က လိုအပ်တဲ့ သက်သေခံပစ္စည်းတွေကို စုစည်းပြီး စိတ်ကူးပုံဖော်မှုတစ်ခု ပြုလုပ်ခဲ့တယ်။ အဲဒီစိတ်ကူးပုံဖော်မှုက. . . အဲဒီနေ့က ဂျိအန်နာဟာ နွေရာသီစခန်းချသင်တန်းပြီးတော့ တစ်ယောက်တည်း အိမ်ကို စက်ဘီးစီးပြန်လာခဲ့တယ်။ လမ်းမှာ သူနဲ့သိတဲ့ ရော်နာကို တွေ့ခဲ့တယ်။ ရော်နာက ဂျိအန်နာနောက်မှာ ကားမောင်းလာနေတယ်။ ဂျိအန်နာနားရောက်ချိန် သူ့ကားနဲ့ လျှောက်လည်မလားလို့ ရော်နာက မေးတယ်။ ဂျိအန်နာသဘောတူပြီး ရော်နာ့ကားပေါ် တက်လိုက်တယ်။ လမ်းတစ်ဝက်ရောက်တော့ ဘာကြောင့်မှန်းမသိ ဂျိအန်နာအပေါ် ရော်နာ စိတ်ဖောက်ပြန်လာခဲ့ပြီး ဂျိအန်နာကို တောအုပ်ထဲခေါ်သွားတယ်။ ပြီးတော့ သူ့ကိုချည်တုပ်ပြီး အဓမ္မကျင့်လိုက်တယ်။ အိမ်ကို ဂျိအန်နာ ပြောပြမှာစိုးလို့ မစဉ်းစားမဆင်ခြင်ဘဲ ဓားနဲ့ထိုးသတ်လိုက်တယ်။ အဲဒီနောက် ဓာတ်ဆီလောင်းမီးရှို့ပြီး အလောင်းကို ဖျောက်ဖျက်လိုက်တယ်။

ဒီလိုစိတ်ကူးပုံဖော်မှုမှာ ဂျိအန်နာရဲ့ သက်သေခံစက်ဘီး လိုနေပါတယ်။

mgyoe.com

mgyi... SAMPLE BOOK

ဂျီအန်နာက စက်ဘီးကို လမ်းဘေးမှာ ပစ်ထားခဲ့မှာ မဟုတ်လောက်ဘူး။ ကားနောက်ဖုံးခန်းမှာ ထည့်ထားနိုင်ပါတယ်။ ကားနောက်ဖုံးခန်းကို ကျွန်တော်တို့ ဖွင့်ကြည့်တော့ စက်ဘီးကို မတွေ့ပါဘူး။ ဒါပေမဲ့ ကားဘော်ဒီသတ္တုပြားတစ်နေရာ ဟာ အခြစ်ခံထားရပြီး ဆေးကျွတ်ကျန်နေခဲ့တာကို တွေ့လိုက်ရပါတယ်။ ဆေးက အနီ၊ အဝါ၊ အမည်းပါတဲ့အရောင် ဖြစ်တယ်။ စက်ဘီးကို ရော်နာ မ,ယူချိန် မတော်တဆ ကားဘော်ဒီပြားကိုခြစ်မိပြီး စက်ဘီးရဲ့ဆေးတွေ ကျွတ်ကျန်ခဲ့ပုံ ရပါတယ်။ ဒါပေမဲ့ ဂျီအန်နာရဲ့စက်ဘီးကို ရှာမတွေ့သေးတာကြောင့် နှိုင်းယှဉ်လို့ မရခဲ့သေးပါဘူး။ အမှုကိုဖော်ထုတ်နိုင်ဖို့ ကံတရားလည်း လိုအပ်ပါတယ်။ သက်သေခံပစ္စည်း စက်ဘီးကို ရှာမတွေ့သေးလို့ ကျွန်တော်တို့ စိတ်ပူနေတဲ့တစ်နေ့မှာ ဒေသခံပြည်သူ တစ်ဦးက ကီလို ၆၀ အကွာနေရာမှာ သူအပြေးကျင့်နေတုန်း တောအုပ်တစ်နေရာမှာ စွန့်ပစ်ထားတဲ့ စက်ဘီးတစ်စီးကို တွေ့ခဲ့ကြောင်း အကြောင်းကြားလာခဲ့ပါတယ်။ ရဲတွေက စက်ဘီးကိုသိမ်းပြီး ဂျီအန်နာမိဘတွေကို မေးကြည့်တော့ ဒါဟာ ဂျီအန်နာ အမှုဖြစ်တဲ့နေ့က စီးခဲ့တဲ့ စက်ဘီးဖြစ်တယ်ဆိုတာကို အတည်ပြုခဲ့ပါတယ်။ နှိုင်းယှဉ် စမ်းသပ်မှုအပြီးမှာ ရော်နာ့ကား နောက်ဖုံးခန်းခြစ်ရာပေါ် တွေ့ခဲ့တဲ့ဆေးနဲ့ ဂျီအန်နာ စက်ဘီးရဲ့ဆေးတို့ဟာ တူညီနေတာကို တွေ့ခဲ့ရပါတယ်။

ဒီလိုသက်သေခံပစ္စည်းတွေနဲ့ တရားလိုတိုင်တန်းထားသူက ရော်နာကို အရှယ်ရောက် အဓမ္မကျင့်လူသတ်မှုနဲ့ စွဲချက်တင် တိုင်ကြားပါတယ်။ ဒီအမှုမှာ မျက်မြင်သက်သေ မရှိတာကြောင့် သက်သေခံပစ္စည်းတွေနဲ့သာ အမှုဖွင့်ရတာမို့ တရားလိုဘက်က စွဲချက်တင်နိုင် မတင်နိုင် ဂျူရီလူကြီးအဖွဲ့ရဲ့ အမှုစစ်ဆေးချက်နဲ့သာ ဆုံးဖြတ်နိုင်ပါတယ်။

အမေရိကန်ဗဟိုရဲ့ အမှုစုံစမ်းစစ်ဆေးမှုအများစုက ဂျူရီလူကြီးအဖွဲ့ရဲ့ အကြိုစစ်ဆေးမှုကို ခံရပါတယ်။ ဂျူရီလူကြီးအဖွဲ့က ဖော်ထုတ်ပြောကြားတဲ့အဆင့် ကို စစ်ဆေးပြီးနောက် သက်သေတွေပြည့်စုံမှု ရှိတယ်လို့ အတည်ပြုမှ တရားလိုက တရားဝင် စွဲချက်တင်ရပါတယ်။ ဂျူရီလူကြီးအဖွဲ့ကို သာမန်အရပ်သားတွေနဲ့ ဖွဲ့စည်းထားတာဖြစ်ပြီး ဘယ်သက်သေခံပစ္စည်းကိုမဆို သူတို့ ဆန်းစစ်ဖတ်ရှုနိုင် ပါတယ်။ သက်သေတွေကို သက်သေထွက်ဆိုဖို့ အာဏာနဲ့ ဆင့်ခေါ်နိုင်ပါတယ်။ ဂျူရီလူကြီးအဖွဲ့ စစ်ဆေးမေးမြန်းမှုပြုစဉ်အတွင်းမှာ တရားလိုဟာ ဥပဒေနဲ့ ကာကွယ်ခွင့် မရှိပါဘူး။ အခုချိန်မှာတော့ ပြည်နယ်တော်တော်များများက ဂျူရီလူကြီးအဖွဲ့ရဲ့ အကြိုစစ်ဆေးမှု လုပ်ထုံးလုပ်နည်းကို ပယ်ဖျက်လိုက်ပြီဖြစ်ပါတယ်။ အမှုဖွင့်စွဲချက်

mgyibe.com

mgyoe.com
SAMPLE BOOK


တင်မလား ဒါမှမဟုတ် သက်သေခိုင်လုံမှု ရှိ/မရှိဆိုတာကို အစိုးရရှေ့နေကပဲ ဆုံးဖြတ်ပါတယ်။ ဒါပေမဲ့ အခြားအရေးကြီးတဲ့အမှုကိစ္စတွေကို လုပ်ကိုင် ဆောင်ရွက်ချိန်မှာတော့ ဂျူရီလူကြီးအဖွဲ့ကို အကြိုစစ်ဆေးမှုအတွက် အရင်တင်ပြနေရဆဲ ဖြစ်ပါတယ်။

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

# အပိုင်း (၆) တရားလိုဘက်က ကျွမ်းကျင်သက်သေ

ကော်နက်တစ်ကပ်ပြည်နယ် ရဲဌာနရဲ့ ရာဇဝတ်မှုကျူးလွန်သူ ဖော်ထုတ်ရေး ဓာတ်ခွဲခန်း ညွှန်ကြားရေးမှူးအဖြစ် တာဝန်မထမ်းဆောင်ခင်မှာ အမှုတော်တော်များများကို သက်သေထွက်ဆိုဖို့အတွက် တရားရုံးကို ကျွန်တော် မကြာခဏ ရောက်ခဲ့ပါတယ်။ ဒီဂျိုအန်နာရဲ့အမှုကတော့ ဓာတ်ခွဲခန်းညွှန်ကြားရေးမှူးအဖြစ် ကျွန်တော် စတာဝန်ထမ်းဆောင်ချိန်မှာဖြစ်လာတဲ့ အမှုကြီး ဖြစ်နေတယ်။ ဓာတ်ခွဲရလဒ်သက်သေနဲ့ ရော်နာကို ကျွန်တော်တို့ ဖမ်းဆီးလိုက်ပါတယ်။ ရော်နာကတော့ သူဟာ အပြစ်မဲ့သူလို့ ဆိုတယ်။ ရော်နာရဲ့မိဘကလည်း ရဲတွေဟာ ခိုင်လုံတဲ့၊ ယုံကြည်နိုင်တဲ့ မျက်မြင်သက်သေ၊ သက်သေခံပစ္စည်းတွေမရှိဘဲ ရော်နာကို ဖမ်းလိုက်တယ်လို့ သတင်းထောက်တွေကို ပြောတယ်။ အရင်တုန်းကလည်း ဒီပြည်နယ်မှာ ဓာတ်ခွဲရလဒ်နဲ့ တရားခံကိုဖမ်းတဲ့အမှုမျိုး မရှိခဲ့ဖူးပါဘူး။ ဒီလိုနဲ့ ဂျူရီလူကြီးအဖွဲ့က သက်သေတွေကို ဆင့်ခေါ်တဲ့အခါ သတင်းထောက်တွေ၊ ပြည်သူလူထုတွေရဲ့အာရုံကို ချက်ချင်းဖမ်းစားခဲ့တော့တယ်။

မျက်မြင်သက်သေမရှိတဲ့အခြေအနေမှာ ဂျူရီလူကြီးအဖွဲ့က ဒီစွဲချက်တင်မှုကို လက်ခံ၊မခံဆိုတာကို တရားလိုဘက် တင်သွင်းမယ့် အခင်းဖြစ်ပွားရာကရတဲ့ စုံစမ်းစစ်ဆေးမှုသက်သေတွေနဲ့ ဆုံးဖြတ်မှာဖြစ်ပါတယ်။ သက်သေအဖြစ်ရုံးမထွက်ခင် ရှေ့တစ်ညမှာ အမှုအခင်းရဲ့ အကြောင်းအရာတွေကို ကျွန်တော် အစ

mgyoe.com

mgyoe.com


အဆုံး အသေးစိတ် တစ်ခေါက်ထပ်စစ်၊ ထပ်ဖတ်ပါတယ်။ ဓာတ်ခွဲစမ်းသပ်မှုရလဒ် အားလုံးက သိပ္ပံဘာသာရပ်နဲ့ ကိုက်ညီတာမို့ လုံးဝစိတ်ချရပြီလို့ ကျွန်တော် ထင်ပါတယ်။

သက်သေထွက်ဆိုတဲ့နေ့မှာ အနောက်တိုင်းဝတ်စုံကို ကျွန်တော် ကျကျ နန ဝတ်လိုက်ပါတယ်။ အိမ်သူ အဆင်သင့်ပြင်ဆင်ပေးထားတဲ့ နက်ခ်တိုင်ကို စည်းပြီး စာရွက်စာတမ်းအပြည့်ပါတဲ့အိတ်ကို ဆွဲပြီး တရားရုံးကို ကျွန်တော် အစောကြီး ရောက်လာပါတယ်။

အစောင့်ရဲက ကျွန်တော့်ကို တိတ်ဆိတ်ငြိမ်သက်တဲ့ အခန်းတစ်ခုထဲ ခေါ်သွားပါတယ်။ အခန်းထဲထိုင်စောင့်နေတုန်း စားပွဲပေါ်က သတင်းစာတစ်စောင် ကို ကျွန်တော် ဆွဲယူကြည့်လိုက်ပါတယ်။ သတင်းစာခေါင်းကြီးပိုင်းမှာ ဒီအမှုရဲ့ သတင်း ပါနေပါတယ်။ *'ကျိုအန်နာအမှုအတွက် ဒေါက်တာလီက တရားလိုဘက်မှ သက်သေထွက်ဆိုမည်'* လို့ ခေါင်းစဉ်တပ်ထားတဲ့ သတင်းတစ်ပုဒ်က သိပ်မရှည် ဘူး။ သတင်းအစမှာ-

*'တရုတ်ပြည်မှာမွေးဖွားပြီး ထိုင်ဝမ်တွင်ကြီးပြင်းသော ဒေါက်တာ ဟင်နရီ လီ သည် ယခင်က ထိုင်ဝမ်တွင် ရဲအရာရှိအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးသည်။ အမေရိကန်ပြည်ထောင်စုသို့ ပညာဆက်သင်ရန် ထွက်ခွာလာပြီးနောက် နယူးဟဲဗင်း တက္ကသိုလ်တွင် မှုခင်းသိပ္ပံပညာရှင်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ လွန်ခဲ့သော လအနည်းခန့်က ကော်နက်တစ်ကပ်ပြည်နယ် ရဲဌာနတွင် ရာဇဝတ်မှုကျူးလွန်သူ ဖော်ထုတ်ရေးဓာတ်ခွဲခန်း ညွှန်ကြားရေးမှူး အဖြစ် စတင်တာဝန်ထမ်းဆောင်သည်။ ယနေ့တွင် ဒေါက်တာလီမှ တရားလို သက်သေအဖြစ် ကျူရီလူကြီးအဖွဲ့ အား ဤအမှု၏ အဓိကအရေးကြီးသော သက်သေခံ ပစ္စည်းများကို တင်ပြမှာဖြစ်ပါသည်။ ဤအမှုမှာ သိပ္ပံပညာရပ်ဖြင့် ပထမဆုံးဖော်ထုတ်သော လူသတ်မှုတစ်ခု ဖြစ်နိုင်ပါသည်။'*

ရေးထားတာက သိပ်မရှည်ပါဘူး။ ဒါပေမဲ့ အဲဒီစာက တရုတ်ပြည်ကနေ ထိုင်ဝမ်ထိ ပြောင်းရွှေ့အခြေချခဲ့တဲ့ ကျွန်တော် ဖြတ်သန်းကြီးပြင်းလာခဲ့တဲ့ နေ့ရက် တွေဆီ ဆွဲခေါ်သွားခဲ့တော့တယ်။ သတင်းစာကို လက်ထဲကိုင်ပြီး ကျွန်တော်ဦးနှောက် အတွေးက ဟိုးငယ်စဉ်ဘဝ ရှည်လျားတဲ့နေ့စွဲတွေဆီ မျှောလွင့်သွားခဲ့ပါတော့တယ်။

❑

ကျွန်တော် ဘိုးဘွားမျိုးရိုးက တရုတ်ပြည် ကျန်စူးပြည်နယ်က ဖြစ်ပါတယ်။ အဲဒီဒေသမှာပဲ ကုန်သွယ်စီးပွားရေး လုပ်ပါတယ်။ စီးပွားရေးအောင်မြင်တာကြောင့်

mgyoe.com

mgyoe.com

မိသားစု ချမ်းသာကြွယ်ဝကြပါတယ်။ ရပ်မိရပ်ဖတို့ရဲ့ ချစ်ခင်ရိုသေမှုကိုလည်း ခံခဲ့ကြရတယ်။ စီးပွားရေးကို ဖခင်ဖြစ်သူ ဆက်လက်အမွေခံထိန်းသိမ်းပြီးနောက် စီးပွားရေးနယ်ပယ်ကို တိုးချဲ့ချင်ခဲ့ပါတယ်။ ရှန်ဟိုင်းဘက်မှာ ကုန်သွယ်ကူးသန်း ရောင်းဝယ်ဖို့ နေရာကောင်းတစ်ခုရှိတယ်လို့ ကြားတာနဲ့ အဖေဟာ ရှန်ဟိုင်းတောင်ဘက်တစ်လျှောက်မှာ ဓာတ်ဆီနဲ့ အခြား နေ့စဉ်အသုံးအဆောင်တွေ ကူးသန်းရောင်းဝယ်ခဲ့ပါတယ်။ စီးပွားရေး အရမ်းအောင်မြင်ခဲ့ပါတယ်။

အဖေက သားသမီးတွေကို အရမ်းချစ်ခင်ပါတယ်။ နေအိမ် စားဝတ်နေရေးအတွက် နေ့တိုင်း အပြင်မှာအလုပ်များပေမယ့် အားတာနဲ့ နေအိမ်ကိုပြန်လာပြီး ကလေးတွေနဲ့ ဆော့ကစားပါတယ်။ အဲဒီအချိန်တုန်းက အဖေနဲ့ အမေမှာ ကလေး တစ်ဆယ်ယောက် ရှိနေပါပြီ။ ၁၉၃၈ ခုနှစ်မှာ အမိဝမ်းတွင်းကကျွတ်ပြီး ကျွန်တော်ဟာ သူတို့ရဲ့ တစ်ဆယ့်တစ်ယောက်မြောက်ကလေး ဖြစ်လာခဲ့ပါတယ်။ ကလေးများရင် မိသားစုတာဝန် မထမ်းရွက်နိုင်မှာကို လူအများစိုးရိမ်ကြပေမယ့် ကျွန်တော့်မိဘနှစ်ပါးက ဒီလောက် ကလေးအများကြီးထိန်းရ ကျွေးမွေးရတာကို ကျင့်သားရနေခဲ့ပြီမို့ တစ်ယောက်ပိုလာလည်း သူတို့အတွက် ဘာမှမထူးဘူးလို့ ဆိုပါတယ်။

ကျွန်တော် တစ်နှစ်သားအရွယ်ရောက်တော့ နဂိုနေတဲ့ ရွာကနေ အဲဒီတုန်းက 'အစည်ကားဆုံးမြို့' လို့ တင်စားတဲ့ ရှန်ဟိုင်းမြို့ကို ကျွန်တော်တို့ ပြောင်းရွှေ့လာခဲ့ကြတယ်။ ရှန်ဟိုင်းလို မြို့ကြီးပြကြီးရဲ့ ဆူညံလှုပ်ရှားမှုတွေက ကျွန်တော်တို့လို ရွာက ပြောင်းရွှေ့လာသူအဖို့ အလွန်သူစိမ်းဆန်နေခဲ့ပေမယ့် ကျွန်တော်တို့ တစ်မိသားစုလုံး အိမ်ကြီးတစ်အိမ်မှာ အတူနေခဲ့ကြပါတယ်။ အတူနေ၊ အတူရယ်နဲ့ နေ့ရက်တွေကို ပျော်ပျော်ရွှင်ရွှင် ဖြတ်သန်းခဲ့ကြတယ်။ အဖေ့စီးပွားရေးက လုပ်လေ တိုးချဲ့လေပါပဲ။ ကျွန်တော်တို့ရဲ့ဘဝက သက်သောင့်သက်သာ ရှိလွန်းလှခဲ့တယ်။ အမေတစ်ယောက်တည်း မနိုင်မနင်းဖြစ်လို့ အိမ်အကူခေါ်ထားရပါတယ်။ ရွာက လူတချို့ ရှန်ဟိုင်းကိုရောက်လာပြီး အဖေ့ဆီမှာ လာမှီခိုခဲ့ကြတယ်။ အဖေက လူတွေအပေါ် ကြင်နာတတ်သူမို့ လိုက်လိုက်လှဲလှဲ ကူညီခဲ့တယ်။ သူတို့ကို ကျွန်တော်တို့နဲ့ အတူနေထိုင်စေတာမို့ နေအိမ်ဟာ လူဝင်လူထွက်များပြီး စည်ကားခဲ့ပါတယ်။

ရှန်ဟိုင်းကို ကျွန်တော်တို့ ပြောင်းရွှေ့လာပြီးနောက် အဖေဟာ ပိုအလုပ်များတော့တယ်။ ဒါပေမဲ့ အားလပ်ချိန်လေးရှာပြီး ကျွန်တော်တို့ကို သူ စာသင်ပေးတတ်တယ်။ အဖေက စည်းကမ်းတကျ သင်ကြားပေးပါတယ်။ တစ်ခါခါ

mgyoe.com

mgyoe.com

ကျွန်တော် အမှားရွတ်ဖတ်မိရင် သူက ထမင်းစားတူနဲ့ ကျွန်တော့်လက်ဖဝါးကို ရိုက်တတ်တယ်။ ဒါကြောင့် သင်ယူမှုမှာ ကျွန်တော် လုံးဝမပေါ့ဆခဲ့ဘူး။ အဖေ အိမ်ပြန်လာလို့ စာအလွတ် ရွတ်ဆိုခိုင်းရင် အမှားအယွင်းမရှိ ကျွန်တော် တတွတ်တွတ် ရွတ်ဆိုနိုင်ခဲ့ပါတယ်။

မျက်စိတစ်မှိတ်အတွင်းမှာပဲ ရှန်ဟိုင်းကို ပြောင်းရွှေ့လာခဲ့တာ ၃ နှစ် ရှိသွားခဲ့ပါတယ်။ ၁၉၄၇ ခုနှစ်မှာ အဖေဟာ စစ်အန္တရာယ်ကြောင့် မိသားစု လုံခြုံရေးကို စိုးရိမ်ပြီး ကျွန်တော်တို့ကို အမေနဲ့အတူ ထိုင်ဝမ်ကို ပြောင်းရွှေ့ဖို့ စီစဉ်ခဲ့ပါတယ်။ ကျွန်တော့်ရဲ့ ဒုတိယအစ်ကိုဟာ အစောကြီးကတည်းက လယ်ယာစိုက်ပျိုးရေးနဲ့ ထိုင်ဝမ်ကို ရောက်နှင့်နေပြီ ဖြစ်ပါတယ်။ တတိယအစ်ကိုကလည်း ထိုင်ဝမ်မှာ အင်ဂျင်နီယာအလုပ် လုပ်ကိုင်နေပြီဖြစ်ပါတယ်။ သူတို့က ကျွန်တော်တို့နေထိုင်ဖို့ အဆင်သင့် ပြင်ဆင်ထားပြီ ဖြစ်ပါတယ်။ ဆွေမျိုးတော်တော်များများလည်း ထိုင်ဝမ်ကိုလာပြီး ကျွန်တော်တို့ကို မှီခိုလာကြတယ်။ အဖေက ရှန်ဟိုင်းကနေ ထိုင်ဝမ်ကို ပုံမှန် ပိုက်ဆံတွေ ပေးပို့နေခဲ့တယ်။ ချမ်းသာကြွယ်ဝတာကြောင့် လာရောက်မှီခိုတဲ့ ဆွေမျိုးသားချင်းတွေကို အမေက လိုလိုလားလား ရက်ရက်ရောရော ရှိခဲ့ပါတယ်။

မှတ်မိပါသေးတယ်၊ ကျွန်တော်အသက် ၉ နှစ်အရွယ်တုန်းက တစ်မိသားစုလုံး ပျော်ပျော်ရွှင်ရွှင်နဲ့ နှစ်သစ်ကူးဖို့ ပြင်ဆင်နေခဲ့ကြတယ်။ အဖေရဲ့အပြန်ကို တစ်မိသားစုလုံး ဆီးကြိုဖို့ ပြင်ဆင်နေခဲ့ကြတယ်။ အဲဒီအချိန်မှာပဲ အဖေစီးလာတဲ့ သင်္ဘော နစ်မြုပ်သွားပြီဆိုတဲ့ သတင်းကို ရခဲ့ပါတယ်။ သင်္ဘောပေါ်ပါလာတဲ့ လူပေါင်း ရာကျော် သေဆုံးခဲ့ပါတယ်။ စစချင်းမှာ ဒါကို ကျွန်တော်တို့ မယုံကြည်ခဲ့ကြပါဘူး။ ဒါပေမဲ့ သတင်းစာ၊ ရုပ်မြင်သံကြားသတင်းတွေမှာ ဒီသတင်းဆိုးကို တွေ့မှ ယုံကြည်ခဲ့ပါတယ်။ လူပေါင်းရာကျော်နဲ့ ရွှေထည်ပစ္စည်းပေါင်းများစွာဟာ သင်္ဘောနဲ့အတူ နစ်မြုပ်သွားခဲ့ပါပြီ။ အသက်ရှင်ကျန်ရစ်သူတစ်ယောက်မှ မရှိခဲ့ပါဘူး။

ဒီသတင်းဆိုး ရောက်လာတာ ရက်တရက်နိုင်လွန်းတာမို့ ဘယ်သူမှ မယုံကြည်ချင်ခဲ့ကြဘူး။ အမေ အခုလို ဝမ်းနည်းတာကို ကျွန်တော်တစ်ခါမှ မမြင်ခဲ့ဖူးဘူး။ သင်္ဘောနစ်မြုပ်ခဲ့လည်း အဖေ အသက်ရှင်လွတ်မြောက်သွားတယ်လို့ သူ ထင်မြင်နေခဲ့ပါတယ်။ ဒါကြောင့် ငွေကြေးအကုန်အကျခံပြီး ရဟတ်ယာဉ်တစ်စီးငှားပြီး အခင်းဖြစ်ရာကို ရှာဖွေခဲ့ပါတယ်။ ဒါပေမဲ့ ဘာမှ အကြောင်းမထူးခဲ့ပါဘူး။

အဖေဟာ ဒီလိုနဲ့ပဲ ကျွန်တော်တို့ကို ထာဝရ ခွဲခွာသွားခဲ့ပါတယ်။

mgyoe.com

mgyoe.com

ထိုင်ဝမ်မှာ အခြေချဖို့ သူစီစဉ်ခဲ့တဲ့ အိပ်မက်ဟာလည်း ပြိုကွဲသွားခဲ့ပါတယ်။ ကျွန်တော်တို့ဆီ လာမှီခိုနေတဲ့ ဆွေမျိုးတွေလည်း အသီးသီး ထွက်ခွာသွားခဲ့ကြပြီး နေအိမ်မှာကျန်ရစ်ခဲ့သူက တစ်ခါမှ အပြင်မှာ အလုပ်မလုပ်ဖူးတဲ့ အသက် ၅၀ နားနီးတဲ့ အမေပဲ ဖြစ်ပါတယ်။ လင်ယောကျ်ားသေဆုံးတဲ့ နာကျင်မှုနဲ့အတူ အခြေအနေ ယိုင်လာတဲ့ စီးပွားရေးနဲ့ သူစိမ်းတစ်ရံနယ်မြေမှာ အရွယ်မရောက်သေးတဲ့ သားသမီး တစ်ဆယ်ယောက်ကျော်ရဲ့ ကြီးလေးတဲ့တာဝန်ကို အမေ ပခုံးထမ်းခဲ့ပါတယ်။

အမေက ဇွဲသတ္တိပြည့်စုံပြီး အပင်ပန်းခံနိုင်သူပါ။ အဖေသေဆုံးပြီးနောက် အမေဟာ မျက်ရည်တွေသုတ်ပြီး သားသမီးတစ်ဆယ်ယောက်ကို ပြုစုပျိုးထောင်မယ့် တာဝန်ကို ပခုံးလွှဲပြောင်းယူခဲ့ပါတယ်။ အိမ်မှာ အစ်ကိုနှစ်ယောက်နဲ့ အစ်မနှစ်ယောက်ပဲ အလုပ်လုပ်သေးတာမို့ ပိုလျှံငွေက သနားစရာကောင်းလောက်အောင် နည်းခဲ့ပါတယ်။

ဒီလောက်များတဲ့ သားသမီးကို ကျွေးမွေးပြုစုဖို့ အမေဟာ မနက် မိုးမလင်းခင်ကတည်းက အရပ်လေးမျက်နှာ ပြေးလွှားခဲ့ရပါတယ်။ ကျွန်တော်တို့ ဗိုက်ပြည့်ဖို့၊ ကျောင်းနေဖို့ စီစဉ်ရပါတော့တယ်။ တခြားသူတွေမှာ အဖေ ရှိပြီး ကိုယ့်မှာမရှိတာကိုတွေ့တဲ့အခါ ကျွန်တော် ဝမ်းနည်းသွားတတ်ပါတယ်။ အမေကတော့ သူ့နာကျင်ဝမ်းနည်းမှုကို ဖုံးအုပ်ပြီး ကျွန်တော်တို့ကို ပညာကောင်းကောင်းသင်ယူဖို့၊ ကျွန်တော်တို့အပေါ် ထားတဲ့ သူ့မျှော်လင့်ချက်မပဲ့စေဖို့၊ ဒါမှ သွားလေသူအဖေ့ကို နှစ်သိမ့်ရာရောက်မယ့်အကြောင်း ပြောပါတယ်။ အိမ်က အခက်အခဲတွေကို ကျွန်တော်တို့ မောင်နှမတွေ သိကြပါတယ်။ အိမ်ဝေယျာဝစ္စတွေ လုပ်ကိုင်ကူညီပေးသလို အပြင်ထွက်ပြီး နေအိမ်စားရိတ်အတွက် တတ်နိုင်သလောက် ကူရှာပေးခဲ့ကြပါတယ်။

ရှန်ဟိုင်းမှာနေခဲ့တဲ့ရက်တွေနဲ့စာရင် ထိုင်ပေမှာနေရတဲ့ဘဝက ဆီနဲ့ရေလို ကွာခြားလှပါတယ်။ အိမ်မှာ မကြာခဏ ငွေပြတ်လပ်တာတွေ၊ ဝဝလင်လင် မစားရတာတွေ၊ အကြီးဝတ်ပြီးသား အဝတ်အထည်ကို အငယ်ဝတ်တာ၊ ဖာရာဗလပွနဲ့ အင်္ကျီဘောင်းဘီတွေ၊ မီးဆိုလည်း ချွေတာရ မီးချွေတာဖို့အတွက် ကလေးတွေအားလုံး စာကြည့်စားပွဲတစ်လုံးမှာ ဝိုင်းထိုင်ပြီး စာတွေကြည့်ခဲ့ရတယ်။ အိပ်ချိန်ရောက်တာနဲ့ မီးကို ချက်ချင်းပိတ်ပစ်ရတယ်။ အမေက ပညာမသင်ကြားခဲ့ဖူးပေမယ့် အဖေက ကလေးပညာရေးကို ဦးစားပေးတယ်ဆိုတာ သူ သိလို့ သူ ဘယ်လောက် အလုပ်များများ အားလပ်ချိန်လေးရှိတာနဲ့ ကျွန်တော်တို့ရဲ့ ကျောင်းသင်ခန်း

mgyoe.com

 mgyoe.com SAMPLE BOOK 

စာကို စစ်ကြည့်တတ်တယ်။ အိမ်မှာ ပိုက်ဆံမရှိပေမယ့် စာအုပ်ဝယ်ဖို့၊ ကျောင်းလခပေးဖို့အတွက်ဆိုရင် အမေဟာ အမျိုးမျိုး ရှာကြံပေးတတ်ခဲ့တယ်။ အဲဒီတုန်းက ကျွန်တော်တို့က ထိုင်ပေနဲ့ မလှမ်းမကမ်းက ထောက်ယွမ် (Táo yuán)ဆိုတဲ့ မြို့လေးရဲ့ ဆင်ခြေဖုံးမှာ နေတာပါ။ ကျောင်းက မြို့ထဲမှာ သွားတက်ရတာမို့ ခရီးလမ်း တော်တော်လျှောက်ရပါတယ်။ ကျွန်တော် ကျောင်းစတက်တဲ့နှစ်တုန်းက ကျောင်းမှာ ခြေဗလာနဲ့ ကျောင်းတက်ခွင့် မပေးခဲ့ပါဘူး။ ဒါကို အမေ သိတော့ ပိုက်ဆံချေးတာပြီး ကျွန်တော့်အတွက် ဖိနပ်တစ်ရံ ဝယ်ပေးခဲ့ပါတယ်။ အဖေဆုံးပြီးတဲ့နောက် ကျွန်တော် ဖိနပ်သစ် မစီးခဲ့ဖူးတော့ပါဘူး။ အချိန်တော်တော်များများမှာ ခြေဗလာနဲ့ပဲ နေခဲ့ပါတယ်။ အိမ်က အရမ်းဆင်းရဲပေမယ့် အမေဟာ ချေးတာနိုင်သမျှ ချေးတာပြီး ကျွန်တော့်အတွက် ဖိနပ်အသစ်တစ်ရံ ဝယ်ပေးခဲ့ပါတယ်။ အဲဒီ ဖိနပ်တစ်ရံဝယ်ဖို့ မလွယ်ခဲ့ဘူးဆိုတာ ကျွန်တော် သိပါတယ်။ ဒါကြောင့် မပျက်စီးစေချင်ခဲ့ပါဘူး။ ကျောင်းသွားရင် ခြေဗလာနဲ့ သွားပြီး ကျောင်းပေါက်ဝရောက်မှ အဲဒီဖိနပ်ကို ကျွန်တော် ထုတ်စီးခဲ့ပါတယ်။ ညနေကျောင်းဆင်းချိန် ကျောင်းတံခါးဝက ထွက်တာနဲ့ ဖိနပ်ကိုချွတ်ပြီး ခြေဗလာနဲ့ ကျွန်တော် အိမ်ပြန်ပါတယ်။ အဲဒီလိုနဲ့ တခြားကျောင်းသားတွေ တစ်နှစ်တစ်ရံ ဖိနပ်တွေလဲနေချိန်မှာ ကျွန်တော့် ဖိနပ်ကတော့ ကျွန်တော်နဲ့ နှစ်အတော်ကြာ ရှိနေခဲ့ပါတယ်။

အိမ်မှာ ပိုက်ဆံမရှိပေမယ့် အမေက ကျွန်တော်တို့ကို ပညာကောင်းကောင်း သင်ယူစေခဲ့ပါတယ်။ နံပါတ်တစ် အစ်မ၊ နံပါတ် သုံး၊ လေး၊ ခြောက် အစ်မတို့ဟာ တက္ကသိုလ်အသီးသီး ရောက်ကုန်ကြပါတယ်။ အဲဒီနောက် မိခင်ဟာ နံပါတ်သုံး အစ်မနဲ့အတူ အမေရိကန်နိုင်ငံကို ထွက်လာခဲ့ပါတယ်။ ကျွန်တော်က ထိုင်ပေမှာ နံပါတ်လေး အစ်မနဲ့ သူ့ယောကျ်ားအိမ်မှာ နေတယ်။ အိမ်မှာ ကျွန်တော်က အငယ်ဆုံးဖြစ်ပြီး ကျောင်းစာအဆင့်ကလည်း အတော်အတန်မို့ အမေ နိုင်ငံခြားမထွက်ခင် ကျွန်တော့်ကို စာကြိုးစားဖို့ ထပ်ခါထပ်ခါ မှာခဲ့ပါတယ်။ ကျွန်တော့်ကို မာစတာဘွဲ့ရအောင်ယူဖို့ မျှော်လင့်ခဲ့တယ်။ မိခင် စိတ်မပူအောင် ကျွန်တော် မာစတာတန်းအထိ ပညာသင်မယ့်အကြောင်း ပြောခဲ့တယ်။ ကျွန်တော့်ပညာသင်ယူကာလမှာ ညီအစ်ကိုမောင်နှမတွေက ကျွန်တော့်ကို အရမ်းဂရုစိုက်ခဲ့ကြတယ်။ နံပါတ်လေး အစ်ကို၊ နံပါတ်ငါး အစ်မ၊ နံပါတ်ခြောက် အစ်မနဲ့ ကျွန်တော့်အောက်က ညီမငယ်နှစ်ယောက်၊ နောက်ပြီး တူနှစ်ယောက်တို့ဟာ အသက်အရွယ် သိပ်မကွာကြတာကြောင့် ပိုပေါင်းသင်း ပြောဆိုနိုင်ခဲ့တယ်။ ကျွန်တော်တို့က

mgyoe.com

ဆင်းရဲတဲ့ဘဝကနေ ကြီးပြင်းလာခဲ့ကြတဲ့ ညီအစ်မကိုမောင်နှမတွေဖြစ်တယ်။

အလယ်တန်းကို အစ်မကြီးအိမ်မှာ တည်းပြီး ကျွန်တော် ကျောင်းတက်ခဲ့တယ်။ အလယ်တန်း၊ အထက်တန်း အဲဒီကာလတွေမှာ စိတ်တူကိုယ်တူ သူငယ်ချင်းတော်တော်များများနဲ့ ကျွန်တော် ရင်းနှီးခဲ့တယ်။ အဲဒီတုန်းက အတန်းခေါင်းဆောင်က ဝူတုံ့မင် (Wu Dong Ming) ဆိုတာကို ကျွန်တော် မှတ်မိနေသေးတယ်။ အခုချိန်မှာ သူဟာ နိုင်ငံ့ကာကွယ်ရေးညီလာခံမှာ ဒုအတွင်းရေးမှူး ဖြစ်နေပါတယ်။ နောက်သူငယ်ချင်းတစ်ယောက်က အတန်းထဲမှာ အနုပညာအသင်းခေါင်းဆောင် လုပ်တယ်။ အခုတော့ သူက နာမည်ကြီး ပန်းချီဆရာဖြစ်နေခဲ့ပါပြီ။ ကျွန်တော်က အတန်းထဲမှာ အတန်းသန့်ရှင်းရေး၊ သပ်ရပ်ရေး၊ ညီညွတ်ရေး ခေါင်းဆောင် လုပ်ခဲ့တယ်။ နောက်တော့ ရဲဝန်ထမ်းဘဝ ရောက်ခဲ့တယ်။ အလယ်တန်းတုန်းက ဘတ်စကက်ဘောကစားသမားတစ်ယောက် ကျွန်တော် အရမ်းဖြစ်ချင်ခဲ့တယ်။ အားတာနဲ့ ဘတ်စကက်ဘော ကစားခဲ့တယ်။ ဒါပေမဲ့ အာဟာရ မလုံလောက်တာကြောင့် ခန္ဓာကိုယ် မဖွံ့ဖြိုးခဲ့ဘူး။ ဒါပေမဲ့ ဘတ်စကက်ဘောအသင်းထဲတော့ ဝင်ချင်ခဲ့ပါတယ်။ နည်းပြဆရာက ကျွန်တော့်စိတ်ဆန္ဒကို မငြင်းပယ်ချင်တော့ ကျွန်တော်အရပ် ၆ ပေကျော်မှ လာခဲ့ဖို့ ပြောပါတယ်။ ကိုယ့်အရပ် အဲလောက်ရှိနိုင်မှာ မဟုတ်ဘူးဆိုတာ သိလို့ ကျွန်တော့် ဘတ်စကက်ဘောအိပ်မက်လည်း ပြိုပျက်သွားခဲ့ပါတယ်။ ဘတ်စကက်ဘောကစားလို့ ကုန်လွန်သွားခဲ့တဲ့ အချိန်တွေလည်း ပြန်အဖတ်ဆယ်လို့ မရခဲ့တော့ပါဘူး။

ဘတ်စကက်ဘော ကစားသမားတစ်ယောက်ဖြစ်ဖို့ မလွယ်ကူဘူး ဆိုတာကို သိလိုက်တာနဲ့ ကျွန်တော် ကျောင်းသင်ခန်းစာလည်း ထိခိုက်သွားခဲ့တယ်။ အဆင့်က အလယ်အလတ်မှာပါပဲ။ ဆတိုးကြိုးစားမှရတော့မယ်။ ၁၉၅၇ ခုနှစ်မှာ ကျွန်တော် တက္ကသိုလ်ဝင်တန်းဖြေဆိုခဲ့တယ်။ တက္ကသိုလ်နှစ်ခုက ဝင်ခွင့်လက်ခံခဲ့ပြီး တက္ကသိုလ်တစ်ခုမှာ တစ်ပတ်လောက်တက်ပြီးတာနဲ့ ဗဟိုရဲအရာရှိကျောင်းက ကျောင်းသားတွေ လက်ခံနေတယ်ဆိုတာကို သိလိုက်တယ်။ ဒီအရာရှိကျောင်းက အပြင်ကျောင်းသားတွေကို ပထမဦးဆုံး လက်ခံတာဖြစ်တယ်။ ဒီသတင်းက ကျွန်တော့်ကို အတော်ဆွဲဆောင်ခဲ့ပါတယ်။ ကျောင်းသားတွေ ကျောင်းလခပေးစရာ မလိုသလို နေရေးစားရေးအတွက်လည်း တာဝန်ယူတယ်လို့ ဆိုတယ်။ လက်ရှိကျွန်တော်တက်နေတဲ့ တက္ကသိုလ်ကလည်း မဆိုးလှပါဘူး။ ဒါပေမဲ့ ကျောင်းလခနဲ့ ကိုယ့်ရဲ့နေထိုင်စားဝတ်နေရေးက မိသားစုအပေါ် ဖိအားတွေဖြစ်စေမှာ ကျွန်တော်

mgyoe.com

စိုးရိမ်ခဲ့တယ်။ တစ်သက်လုံးလည်း ညီအစ်ကိုမောင်နှမတွေအပေါ် မှီခိုအားထားလို့ မဖြစ်ပါဘူး။

ကျွန်တော် စဉ်းစားမိတာတွေကို မိသားစုနဲ့အတူ ဆွေးနွေးတိုင်ပင်တော့ အားလုံးက လက်မခံကြဘူး။ သူတို့ရဲ့စိုးရိမ်ပူပန်မှုကို ကျွန်တော် နားလည်ပါတယ်။ သူတို့က ကျွန်တော်ရဲ့လုံခြုံရေးကို ဂရုစိုက်တယ်။ အရင်ခေတ် လူ့အဖွဲ့အစည်းမှာ ရဲဝန်ထမ်းတွေအပေါ် ပြည်သူတွေက အမြင်မကြည်ခဲ့ကြပါဘူး။

အခု အစိုးရက အပြင်ကျောင်းသားတွေကို ခေါ်ယူလက်ခံနေတာမို့ ရဲလောက ပြောင်းလဲရေးတွေ လုပ်ဖို့ရှိနိုင်တယ်လို့ အိမ်ကလူတွေကို ကျွန်တော် ရှင်းပြပါတယ်။

အိမ်ကလူတွေ သဘောမတူတဲ့ကြားက ရဲဝန်ထမ်းစာမေးပွဲကို ကျွန်တော် ခိုးပြီး သွားဖြေခဲ့ပါတယ်။ ကံကောင်းစွာနဲ့ ကျွန်တော် အရွေးခံခဲ့ရပြီး အဲဒီကျောင်းက အပြင်ကျောင်းသားတွေ တက်ခွင့်ရတဲ့ အပတ်စဉ် ၂၄ က ကျောင်းသားတစ်ဦး ဖြစ်လာခဲ့ပါတယ်။ အဲဒီအပတ်စဉ်မှာ ကျောင်းသား အယောက် ၅၀ ပဲ ရွေးခဲ့တယ်။ အဲဒီကမှတဆင့် ရဲလောကထဲ ကျွန်တော် စတင် ဝင်ရောက်ခဲ့တာဖြစ်ပါတယ်။

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

# ရဲအရာရှိ ကျောင်းသားဘဝ

ကျောင်းစတက်တဲ့နေ့မှာပဲ ကျောင်းအုပ်ဆရာကြီးနဲ့ လုံထိန်းတွေက ကျောင်းသားသစ်တွေကို ဆုံးမစကား ပြောကြားပါတယ်။ ဘာကြောင့် ရဲဝန်ထမ်းတစ်ယောက်ဖြစ်ဖို့ ရဲကျောင်းကို ရွေးချယ်ခဲ့သလဲလို့ မေးပါတယ်။ တချို့ကျောင်းသားတွေက အခြားလူ အနိုင်ကျင့်တာကိုခံရလို့ ကိုယ်ရဲဖြစ်သွားတဲ့အခါ အနိုင်မကျင့်ရဲကြအောင်လို့ ဆိုတယ်။ တချို့ကလည်း ရဲလုပ်တာ အရမ်းခန့်ညားသလို လူတွေကို ကာကွယ်နိုင်တယ်လို့ ဆိုတယ်။ တချို့ကလည်း အရာရှိကြီးတွေဖြစ်ဖို့ အခြေခံအုတ်မြစ်ချတာလို့ ဆိုတယ်။ ကျွန်တော်ကတော့ အမှန်အတိုင်းပဲ ကျောင်းလခပေးရတဲ့ကျောင်းကို စွန့်ပြီး ကျောင်းလခ မပေးရတဲ့ကျောင်းကို ရွေးတာလို့ ဖြေလိုက်တယ်။ ပြီးတော့ အသုံးစရိတ်လည်းရပြီး ကျောင်းပြီးတာနဲ့ အလုပ်ရှာဖို့အတွက် မပူရတော့ဘူးလို့ ဖြေလိုက်တယ်။ ဒါကို အခြားကျောင်းသားတွေက ဝိုင်းရယ်ခဲ့ကြတယ်။

ရဲကျောင်းတက်ရတာဟာ ကျွန်တော့်ဘဝရဲ့ အပိုင်းအခြားအသစ်တစ်ခုကို စတက်လှမ်းတာနဲ့ တူတယ်လို့ ကျွန်တော် ထင်တယ်။ အကောင်အထည် မဖော်နိုင်တဲ့ စိတ်ကူးအိပ်မက်ကို ကျွန်တော်စွန့်ပြီး ရဲကျောင်းက သင်ကြားရေးကို ကျွန်တော် ပိုအလေးစိုက်ခဲ့တယ်။ ကောင်းမွန်တဲ့ ရဲတပ်သားတစ်ဦးဖြစ်ဖို့ အခြေခံခိုင်ခိုင်ထားခဲ့တယ်။ ရဲကျောင်းက ကျွေးမွေးတဲ့ အစားအသောက်တွေက အိမ်မှာ

mgyoe.com

mgyoe.com SAMPLE BOOK

ဗိုက်ပြည့်ရုံသာစားရတဲ့ ကျွန်တော့်အဖို့ အရမ်းပြည့်စုံခဲ့တယ်။ အာဟာရလည်း ဖွံ့ဖြိုးခဲ့တယ်။ ကျွန်တော်ခန္ဓာကိုယ်တွေ တစ်နေ့ထက်တစ်နေ့ သန်မာလာခဲ့တယ်။ ရဲအရာရှိကျောင်းမှာ စည်းကမ်းကြီးသလို လေ့ကျင့်မှုတွေကလည်း တင်းကျပ်ခဲ့တယ်။ မနက် ၆ နာရီ အိပ်ရာထ ခရာမှုတ်တာနဲ့ ၅ မိနစ်အတွင်းမှာ မျက်နှာသစ် အိပ်ရာသိမ်းတာတွေပြီးစီးရပြီး လေ့ကျင့်ရေးကွင်းကို ရောက်ရတယ်။ ဒီလို လေ့ကျင့်မှုတွေက ကျွန်တော်ကို မနက်စောစောထ၊ ည နောက်ကျအိပ်ရာဝင်တဲ့ အကျင့်ကို မွေးမြူပေးခဲ့တာ ဖြစ်တယ်။

ဘတ်စကက်ဘောကစားတာကို မစွန့်လွှတ်သေးတဲ့အပြင် ကျောင်းက အခြား အားကစားလှုပ်ရှားမှုတွေထဲလည်း ကျွန်တော် ပါဝင်ခဲ့တယ်။ ဂျူတို၊ အလွတ် နပမ်းသတ်နည်း စတာတွေပါ။ ဒီသင်ခန်းစာတွေထဲကနေ တရုတ်သိုင်းပညာကို ကျွန်တော် သင်ယူနိုင်ခဲ့ပါတယ်။ ရဲဝန်ထမ်းဆိုတာ ပြည်သူတွေနဲ့ ပြောဆို ဆက်ဆံရတဲ့အလုပ် ဆိုတာ ကျွန်တော် သိထားပါတယ်။ ဒါကြောင့် စကားပြောကောင်းမှ အရည်အချင်းရှိတဲ့ ရဲတစ်ဦးဖြစ်မှာဖြစ်တယ်။ ဒါကြောင့် ကျောင်းဟောပြောပွဲ၊ စကားရည်လုပွဲတွေမှာ ကျွန်တော် ပါဝင်ခဲ့တယ်။ ဆုတွေလည်း အများအပြား ရခဲ့ပါတယ်။

ဒီလို သင်ယူလေ့လာမှုတွေ အလွယ်တကူ မရနိုင်ဘူးဆိုတာကို ကျွန်တော် သိလို့ ကျောင်းက သတ်မှတ်ထားတဲ့ သင်ခန်းစာတွေအပြင် နိုင်ငံခြားဘာသာ စကားတွေကိုလည်း ကျွန်တော် အရမ်းစိတ်ဝင်စားခဲ့ပါတယ်။ ကျောင်းနေစဉ်အခါမှာ အင်္ဂလိပ်စာ သင်ယူလေ့လာမှုတွေကို ကျွန်တော် လက်မလွှတ်ခဲ့ပါဘူး။ အားတာနဲ့ စာတွေကို ဖတ်ရှုနေခဲ့ပါတယ်။ တစ်နှစ်နေပြီးနောက် ကျောင်းက ခန္ဓာကိုယ် အချိုးအစားနဲ့ လေ့ကျင့်မှုတွေကို သတ်မှတ်ပေးတော့ ကျွန်တော်ဟာ အာဟာရ ပိုမိုဖွံ့ဖြိုးလာခဲ့လို့ ခန္ဓာကိုယ်လည်း အရင်ကထက် ပိုသန်မာလာခဲ့ပါတယ်။ ဒါ့အပြင် ခံနိုင်ရည်စွမ်းအား လေ့ကျင့်မှုတွေကြောင့် အသက် ၂၀ သာ ရှိသေးပေမယ့် ကျွန်တော်ဟာ ရင့်ကျက်နေခဲ့ပါပြီ။ ကျောင်းစာအဆင့်ကလည်း ရှေ့ရောက်နေပြီမို့ အိမ်ကလူတွေ ကျွန်တော့်အတွက် စိုးရိမ်ပူပန်စရာ မလိုခဲ့တော့ပါဘူး။

ကျောင်းက နွေရာသီရောက်တိုင်း ရဲစခန်း၊ ရဲဌာနတွေမှာသွားပြီး အလုပ်သင်အဖြစ် ဝင်ရောက်လုပ်ကိုင်ရပါတယ်။ ပထမနှစ်နွေရာသီမှာ ကျွန်တော် က ထိုင်ပေ ကျုံးစန်လေယာဉ်ကွင်းရဲဌာနမှာ ဝင်ရောက်လုပ်ကိုင်ခဲ့ပါတယ်။ အဲဒီ နေရာက လေယာဉ်ကွင်းလုံခြုံရေးအတွက် တာဝန်ယူရတာမို့ တာဝန်အရမ်းကြီး

mgyoe.com

myoe.com

ပါတယ်။

တစ်နေ့မှာ အခြားရဲဝန်ထမ်းတစ်ဦးနဲ့ လေယာဉ်ကွင်းဘေးက လမ်းတွေမှာ ကျွန်တော်တို့ လှည့်လည်ကင်းစစ်ချိန် လေယာဉ်တစ်စီးဟာ ကျွန်တော်တို့ ခေါင်းကနေ ဖြတ်ကျော် ပျံသန်းသွားပါတယ်။ လေယာဉ်က မြေပြင်နဲ့ အရမ်းနီးကပ်ပါတယ်။ လေယာဉ်ကွင်း အနီးအနားက အိမ်တွေရဲ့ ခေါင်မိုးတွေနဲ့ ဘယ်လောက်မှ မခြားပါဘူး။ ကြည့်ရတာ ဓာတ်တိုင်ကို ဝင်တိုက်သွားမယ့်အတိုင်းပါပဲ။ အဲဒီနေရာမှာ အမြဲ ကင်းလှည့်တဲ့ရဲဝန်ထမ်းကို လေယာဉ်က ဘာလို့ ဒီလောက် နိမ့်နိမ့်ပျံသလဲလို့ ကျွန်တော်မေးကြည့်တော့ သူက ဒါဟာ ဖြစ်ရိုးဖြစ်စဉ်ပါ၊ ဒီက လေယာဉ်တွေက အဲဒီလိုပဲ နိမ့်နိမ့်ပျံကြတယ်လို့ ဆိုပါတယ်။

ရဲဝန်ထမ်းရဲ့ စကားမဆုံးခင်မှာ "ဝုန်း" ဆိုတဲ့ အသံတစ်သံကို ကျွန်တော်တို့ ကြားလိုက်မိတယ်။ တစ်ဆက်တည်းမှာပဲ အသံတွေ ဆက်တိုက်ထွက်ပေါ်လာခဲ့ပြီး ရှေ့က ဓာတ်တိုင်တွေဟာ ဓာတ်ကြိုးပွတ်တိုက်သံတွေနဲ့အတူ မီးပန်းမီးဖွားတွေနဲ့ လဲကျသွားတော့တယ်။ ကျွန်တော် ရှောင်ချိန် မရလိုက်ပါဘူး။ ကျွန်တော့် ရှေ့က ဓာတ်တိုင်တစ်တိုင်ဟာ ကျွန်တော့်ဘက်ကို ယိုင်လဲလာပါတယ်။ ဝုန်းဆိုတဲ့ အသံနဲ့အတူ ကျွန်တော်နဲ့ သိပ်မကွာတဲ့နေရာမှာ လဲသွားပြီး မီးပန်းဖွားတွေ အဆက်မပြတ် ဖွထွက်နေခဲ့ပါတယ်။ တစ်ဆက်တည်းမှာပဲ သိပ်မဝေးတဲ့နေရာကနေ အသံကြီးတစ်သံကို ကျွန်တော် ကြားလိုက်ပါတယ်။ ကြားရတဲ့အသံက ကမ္ဘာမြေကို တစ်ခုခု ဝင်တိုက်သွားသလိုပါပဲ။ မြေပြင်လည်း လှုပ်ခါသွားပါတယ်။ ရှေ့ကို ကျွန်တော် လှမ်းကြည့်လိုက်တော့ မြေပြင်ပေါ် ခေါင်းစိုက်ကျနေတဲ့ လေယာဉ်တစ်စီးကို ကျွန်တော် တွေ့လိုက်ပါတယ်။ လေယာဉ်ရဲ့အမြီးပိုင်းက အိမ်တချို့ပေါ်မှာ ဖိကျနေခဲ့ပြီး မီးခိုးတွေ တလူလူ ထွက်နေခဲ့ပါတယ်။ လေယာဉ်အောက်က အိမ်တွေလည်း ပိပြားနေခဲ့ပါတယ်။

ကျွန်တော်နဲ့အတူ ရဲဝန်ထမ်းတတွေဟာ စက္ကန့်ပိုင်းအတွင်း ဖြစ်ပျက်သွားတဲ့ အဖြစ်အပျက်ကို ကြည့်ပြီး အံ့သြတုန်လှုပ်နေခဲ့ပါတယ်။ သူက ချက်ချင်းပဲ အရေးပေါ်ဖုန်းကို ဆက်သွယ်လိုက်တယ်။ ရဲဌာနဘက် အခြေအနေတွေ သွားရောက်သတင်းပို့ဖို့ ကျွန်တော်တို့ ပြေးသွားချိန် လေယာဉ်ပေါ်က စာလုံးကို သေချာမြင်လိုက်ရပါတယ်။ ရဲဝန်ထမ်းက "ဟာ. . . ဒုက္ခပဲ ကြည့်ရတာ သမ္မတရဲ့ လေယာဉ်လား မသိဘူး" လို့ ဆိုပါတယ်။

လဲကျနေတဲ့ ဓာတ်တိုင်နဲ့ မီးပန်းဖွားတွေကို ကျွန်တော်တို့ ဂရုမစိုက်

mgyoe.com

နိုင်ကြပါဘူး။ လေယာဉ်ကိုယ်ထည်ထဲ ပြေးဝင်လိုက်ပါတယ်။ ညွှန်ကြားရေးရုံးချုပ်ဘက်က "မြန်. . . မြန်. . . အထဲကလူကို အမြန်ကယ်ထုတ်ကြပါ၊ မြန်မြန်. . . မြန်မြန်. . . " လို့ အမိန့်ပေးနေခဲ့ပါတယ်။

လေယာဉ်က မီးခိုးတွေ ထွက်နေပါတယ်။ အိမ်အများစုက ကျောက်တုံးနဲ့ ပိနေခဲ့ပါပြီ။ အထဲကို တိုးဝင်နိုင်ဖို့ လက်နှစ်ဖက်နဲ့ ကျွန်တော်တို့ တူးဆွကြပါတယ်။ ကျောက်တုံးကျောက်ခဲတွေကို အမြန်ဖယ်ကြပါတယ်။ ဓာတ်ဆီနံ့၊ ပလတ်စတစ်နံ့တွေက နှာခေါင်းထဲ စူးစူးဝါးဝါး တိုးဝင်လာနေတယ်။ ကျွန်တော်တို့ အချိန်လုရပါမယ်။ မီးပန်းနဲ့ ဓာတ်ဆီ ထိတွေ့သွားရင် လေယာဉ်ထဲကရော အိမ်ထဲက လူတွေကိုပါ ကျွန်တော်တို့ မကယ်တင်နိုင်သလို ကိုယ်တိုင်လည်း မီးထဲပါသွားနိုင်ပါတယ်။ အစွမ်းကုန်အားစိုက်ပြီး ကျောက်တုံးတွေကို ကျွန်တော် ဖယ်နေပါတယ်။ အခြား ကယ်ဆယ်ရေးအဖွဲ့၊ မီးသတ်တပ်ဖွဲ့တွေ ရှေ့ဆင့်နောက်ဆင့် ရောက်လာကြတယ်။ အားလုံး တက်ညီလက်ညီ ဝိုင်းကူကြတယ်။

အရပ်လေးမျက်နှာလုံး သွေးတွေ ပေပွနေပါတယ်။ လူတစ်ယောက်ကို ကျွန်တော် ဆွဲထူလိုက်တော့ သူ့တစ်ကိုယ်လုံးလည်း သွေးတွေ ပေနေပါတယ်။ သူ့မျက်နှာအကြောတွေ တင်းရင်းနေပြီး အံကြိတ်ထားပါတယ်။ ကြည့်ရတာ နာကျင်မှုကို တောင့်ခံနေသလိုပါပဲ။ ကျွန်တော် ဘာမှ ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ သူ့ကို ပွေ့ချီလိုက်ပါတယ်။ အဲဒီမှာ မထင်မှတ်ဘဲ သူက ကျွန်တော့်လက်ကို ဖျတ်ခနဲ လှမ်းဆွဲပြီး ကိုက်ထည့်လိုက်ပါတယ်။ သူ့ရဲ့ထက်မြက်တဲ့သွားက ကျွန်တော်လက်ထဲ မြုပ်ဝင်သွားပါတယ်။ ကျွန်တော် တစ်ချက်အော်လိုက်တယ်။ လာရောက်ကူညီတဲ့ ရဲဝန်ထမ်းတစ်ဦး အမြန်ရောက်လာမှ ကျွန်တော့်လက်ကို သူလွှတ်ပါတယ်။ လက်ပေါ်က သွေးတွေ မြင်မကောင်းပါဘူး။ ဒါပေမဲ့ အဲဒီဒဏ်ရာကို ကျွန်တော် ဂရုမစိုက်နိုင်ဘဲ အခြားရဲဝန်ထမ်းတွေနဲ့အတူ ထိခိုက်ဒဏ်ရာရသူတွေကို လေယာဉ်နဲ့ဝေးရာဆီ ဝိုင်းသယ်ခဲ့ပါတယ်။

လက်ကဒဏ်ရာကို ဖြစ်သလို စည်းနှောင်ပြီးနောက် အခင်းဖြစ်ရာဆီ ကျွန်တော် ရောက်သွားပြန်ပါတယ်။ ဒီသတင်းကို သတင်းထောက်တွေ မသိသေးဘူးဆိုပေမယ့် အနီးနားက လူတွေက လာရောက်ကြည့်ရှုနေကြပါပြီ။ တချို့က ကူညီဖို့ရောက်လာသလို၊ တချို့က မမြင်ဖူးလို့ လာရောက် ဝိုင်းအုံတာပါ။ ပျက်ကျတဲ့လေယာဉ်က သမ္မတလေယာဉ် ဖြစ်နိုင်တယ်လို့ လူတွေသိလိုက်ချိန် လာကြည့်သူတွေပိုများလာခဲ့ပါတယ်။ ကျောင်းက ကျောင်းဆရာတွေက အခင်းဖြစ်ရာနေရာကို

mgyoe.com

ထိန်းသိမ်းရမယ်လို့ အတန်းသားတွေကို အမြဲသင်ကြားပေးပါတယ်။ ထိန်းသိမ်းရေး အဖွဲ့ထဲ ကျွန်တော်ဝင်ရောက်ပြီး လာရောက်ကြည့်ရှုသူတွေကို စည်းတားလိုက်ပါတယ်။ အခင်းဖြစ်ရာဆီ အရင်ရောက်တဲ့ ရဲဝန်ထမ်းက လူတွေကို ကယ်တင်ရသလို အခင်းဖြစ်ရာနေရာကိုလည်း ထိန်းသိမ်းရတယ်ဆိုတာ အဲဒီအချိန်မှ ကျွန်တော်သိခဲ့ရတာပါ။

ဒါဟာ သမ္မတလေယာဉ်ဟုတ်ပေမယ့် လေယာဉ်ပေါ်မှာ သမ္မတ မပါခဲ့ကြောင်း အခြေအနေ တည်ငြိမ်သွားပြီးတဲ့နောက်မှ ကျွန်တော် သိရပါတယ်။ ကျွန်တော့်ကို ကိုက်လိုက်တဲ့သူက ဗိုလ်မှူးတစ်ဦးရဲ့ သားပါ။ ကျွန်တော်တို့ရဲ့ အင်တိုက်အားတိုက် အမြန်ကယ်ဆယ်နိုင်မှုကြောင့် ပြည်သူရော၊ လေယာဉ်ပေါ်ကလူတွေပါ အသက်ဆုံးရှုံးမှု မရှိခဲ့ပါဘူး။

အဲဒီအတွေ့အကြုံမျိုး ကြုံတွေ့ပြီးတဲ့နောက် ရဲအလုပ်ကို ကျွန်တော် ပိုလေးစားသွားမိပါတယ်။ အချိန်မရွေးပေါက်ကွဲနိုင်တဲ့ အခြေအနေမှာ ကိုယ့်အသက်ကို ပဓနမထားဘဲ တခြားလူ့အသက်ကို ဝိုင်းကယ်နေတာနဲ့ တစ်ပြိုက်နက် အခင်းဖြစ်ရာနေရာကို ထိန်းသိမ်းရသေးတယ်။ အစဉ်တကျဖြစ်ဖို့ လုပ်ဆောင်ရသေးတယ်။ ကိုယ့်အသက်အန္တရာယ်ကျရောက်နိုင်တဲ့ အခြေအနေမှာ အခြားလူ့အသက်ကို ကာကွယ်စောင့်ရှောက်ရတယ်။ ဒီအတွေ့အကြုံအပြီးမှာ ရဲဝန်ထမ်းဘဝကို ကျွန်တော် ပိုနှစ်သက်သွားခဲ့မိတယ်။ ရဲအရာရှိကျောင်းမှာ တက်ရောက်နေတဲ့ ကျွန်တော် သဘောထားကို သိမြင်ပြီးတဲ့နောက်မှာ အရင်တုန်းက ဒီရဲလောကထဲ ကျွန်တော် ဝင်ရောက်ခဲ့တာကို ဆန့်ကျင်တဲ့ အမေဟာ အမြင်တစ်မျိုးပြောင်းသွားခဲ့ပါတယ်။

အဲဒီနောက် ရဲကျောင်းသားဘဝ နှစ်နှစ်တာကာလမှာ နွေရာသီကျောင်းပိတ်ရက် ရောက်လာဖို့ကို ကျွန်တော် အမျှော်ကြီး မျှော်လင့်ခဲ့တော့တယ်။ တရားဝင်ရဲဝန်ထမ်းတွေနဲ့အတူ ကင်းလှည့်ရတာကို ကျွန်တော် အတော်နှစ်သက်ခဲ့တယ်။ သူတို့ဆီကနေ ကျွန်တော် မသိတဲ့အရာတွေကို သင်ယူနိုင်ခဲ့တယ်။ ရဲကျောင်းသုံးနှစ်တာကာလမှာ တစ်သက်တာအကောင်းဆုံး သူငယ်ချင်းတွေကို ကျွန်တော်ရခဲ့ပါတယ်။ ဘဝကို ကျွန်တော်တို့ အတူဖြတ်သန်းကြတယ်၊ အတူလေ့လာ သင်ယူကြတယ်၊ ထူထည်းတဲ့သံယောဇဉ်နဲ့ မိတ်ဆွေကောင်းအဖြစ် ကျွန်တော်တို့ တည်ဆောက်နိုင်ခဲ့ကြတယ်။ ကျောင်းက သင်ကြားပေးတဲ့ သင်ခန်းစာတွေအပြင် လူ့ဘဝနေထိုင်ရှင်သန်မှုဒဿနကိုလည်း ကျွန်တော် သင်ယူနိုင်ခဲ့ပြီး ကျွန်တော့်တစ်သက်တာ

mgyoe.com SAMPLE BOOK

ကို အကျိုးပြုခဲ့ပါတယ်။

ကျောင်းသားတိုင်းလိုလိုက မိသားစုရှိတော့ ကျောင်းပိတ်ရက်၊ နွေရာသီ ကျောင်းပိတ်ရက်တိုင်း အိမ်ပြန်ကြတယ်။ ကျွန်တော့်ညီအစ်ကိုမောင်နှမတွေက ကိုယ့်အလုပ်၊ ကိုယ့်ကျောင်းစာတွေနဲ့ အလုပ်များနေကြပြီး အမေက နိုင်ငံရပ်ခြားမှာမို့ ကျောင်းပိတ်ရက်တိုင်း အိမ်မပြန်ဘဲ ကျောင်းမှာပဲ အခြားကျောင်းသားတချို့နဲ့အတူ ကျွန်တော် ရှိနေခဲ့တယ်။ စာအတူကြည့်၊ အပြင်အတူထွက်လည်နဲ့ အခုချိန်မှာ ရာထူးကြီးကြီးရနေကြတဲ့ ထိုင်ပေရဲဌာန ဒုဌာနမှူး၊ ထိုင်ပေရဲဌာနမှူး စတာတွေက အဲဒီတုန်းက ကျွန်တော်တို့ အတူသွား အတူလာခဲ့ကြတဲ့ အတန်းဖော်တွေဖြစ်တယ်။ အပတ်စဉ် ၂၄ မှာ ကျောင်းပြီးခဲ့ကြတဲ့ ကျောင်းသား ၄၉ ယောက်မှာ လက်ရှိအထိ ၁၅ ယောက်လောက်က ရဲလောကမှာ တာဝန်ထမ်းဆောင်နေပါသေးတယ်။ အများစုက ရဲလောကမှာ ရာထူးကြီးတွေ ရနေခဲ့ပါပြီ။ ရဲလောကက ခွာပြီး အခြားနယ်ပယ်မှာ လုပ်ကိုင်နေကြသူတွေကလည်း ရာထူးကြီး၊ တော်ထက်တဲ့ လူတွေအဖြစ် ရပ်တည်နေခဲ့ကြပါတယ်။ ၃ နှစ်တာကာလ ရဲအရာရှိကျောင်းက သင်ကြားပို့ချပေးခဲ့တာတွေဟာ ကျွန်တော့်ဘဝ အခြေခံကောင်းအတွက် အုတ်မြစ်ချပေးခဲ့တာ ဖြစ်တယ်။ အထူးသဖြင့် ကျောင်းရဲ့ဆောင်ပုဒ်ဖြစ်တဲ့ 'ရိုးသားခြင်း' က ကျွန်တော့်တစ်သက်တာရဲ့ လက်စွဲ ဖြစ်ခဲ့ပါတယ်။

၁၉၆၀ ပြည့်နှစ်မှာ ဒုတိယအဆင့်နဲ့ ကျွန်တော် အောင်မြင်ခဲ့ပြီး ထိုင်ပေရဲဌာနမှာ တာဝန်ကျခဲ့ပါတယ်။ ကျွန်တော်ပထမဆုံး တာဝန်ယူရတာက အလောင်းဖျောက် လူသတ်မှုတစ်မှုဆိုတာကို ကျွန်တော် မှတ်မိနေပါသေးတယ်။ အသတ်ခံရသူရဲ့အလောင်းက အပိုင်းပိုင်းဖြတ်ခံထားရပြီး အိုးခြောက်လုံးထဲ ထည့်ထားပါတယ်။ အိုးတွေနား ကျွန်တော် အနီးကပ်သွားကြည့်တော့ အပုပ်နံ့ စူးစူးဝါးဝါး၊ အိုးထဲက မည်းညစ်နေတဲ့အသားစတွေနဲ့ လူသတ်သမား ချန်ထားခဲ့တဲ့ ရက်စက်မှုတွေကို တွေ့မြင်ရချိန် ကျွန်တော့်ရင်ဝကို တစ်ခုခုက လေးလေးလံလံ လာဖိထားသလို ခံစားခဲ့ရပါတယ်။ ပျို့အန်ချင်စိတ်တွေ ရှန်းထလာခဲ့ပေမယ့် ကျွန်တော် အောင့်အည်းခဲ့ပြီး အိမ်ပြင်ကို အမြန်ထွက် လတ်ဆတ်တဲ့လေကို တဝရှူပြီးမှ အခင်းဖြစ်ရာဆီ ပြန်ဝင်လာပြီး စစ်ဆေးမှုတွေ ပြုလုပ်ခဲ့ပါတယ်။

နောက်လ အတော်ကြာတဲ့အထိ ကျွန်တော့်မျက်စိထဲမှာ အဲဒီကြက်သီးထစရာကောင်းတဲ့ အသားစတွေကိုပဲ မြင်ယောင်နေခဲ့ပြီး လအတော်ကြာတဲ့အထိ အသားမစားရဲ ဖြစ်ခဲ့ပါတယ်။ နောက်ပိုင်းမှာတော့ အသတ်ခံရသူတွေရဲ့ မိသားစု

mgyoe.com

mgyoe.com SAMPLE BOOK

ဘက်ကနေ ဝင်ရောက်ခံစားကြည့်ပြီး သူတို့ဟာ တခြားလူတွေထက် ပိုထိခိုက်နာကျင်ကြမယ်၊ ကျွန်တော်ဟာ ရဲဝန်ထမ်းတစ်ဦးဖြစ်တာကြောင့် သူတို့အတွက် တရားမျှတမှုကို ရှာဖွေပေးရမယ်ဆိုတာကို တွေးတောမိတော့မှ အဲဒီအန်ချင်တဲ့ စိတ်တွေ တဖြည်းဖြည်း ပျောက်သွားခဲ့ပါတယ်။

နောက်ပိုင်း ဝန်ထမ်းဘဝ အနှစ် ၃၀ ကျော်အတွင်းမှာ အမှုပေါင်း ခြောက်ထောင်ကျော်ကို ကျွန်တော် စုံစမ်းဖော်ထုတ်နိုင်ခဲ့ပြီး အလောင်းပေါင်းများနဲ့ ထိတွေ့ခဲ့ရပါတယ်။ ဒါဟာ လူ့အဖွဲ့အစည်းအတွက် အမှန်တရားခံစားမှု၊ အသတ်ခံရသူမိသားစုတို့အတွက် တာဝန်ယူခံစားမှု စတဲ့ခံစားမှုတွေက ကျွန်တော့်ကို ရဲစွမ်းသတ္တိနဲ့ ပြည့်စေခဲ့ပါတယ်။ အသတ်ခံရသူကိုယ်စား သိပ္ပံနည်းပညာနဲ့ ကျွန်တော် အသံထွက်ပြီး မျှတမှုကို တောင်းယူကာ လူသတ်ကောင်ကို ဖော်ထုတ်မယ်။

၁၉၉၅ ခုနှစ် ကုလသမဂ္ဂရဲ့ဖိတ်ကြားမှုနဲ့ ဘောစနီးယားနိုင်ငံက လူမျိုးစုသတ်ဖြတ်ရေး အမှန်တရားကို ဖော်ထုတ်ဖို့ ကျွန်တော် ရောက်သွားခဲ့ပါတယ်။ အပြစ်မဲ့သူတွေမြှုပ်နှံထားတဲ့ နေရာအနှံ့မှာ မြေမြှုပ်မိုင်းတွေ ရှိပါတယ်။ မနီးမဝေးမှာလည်း အကြမ်းဖက်သမားတွေ ရှိတာကြောင့် အချိန်မရွေး အသက်အန္တရာယ်ရှိနိုင်ပါတယ်။ ဒါပေမဲ့ တစ်ချိန်တုန်းက တရုတ်ပြည်နန်ကျင်းမှာ တရုတ်လူမျိုးတွေကို ဂျပန်စစ်သားတွေ လူမျိုးသုဉ်းသတ်ဖြတ်ခဲ့တဲ့အဖြစ်ကို ကျွန်တော် တွေးမိတာနဲ့ ကြီးလေးတဲ့တာဝန်ကို ကျွန်တော် ထမ်းရွက်ရမယ်ဆိုတာကို သိလိုက်ပါတယ်။ တရုတ်ပြည်မှာဖြစ်ပျက်ခဲ့တဲ့ လူမျိုးသုဉ်းသတ်ဖြတ်မှုမျိုး ဆက်လက် မဖြစ်ပွားစေချင်တဲ့ဆန္ဒနဲ့ပဲ ပုပ်အက်အက် အနံ့စူးစူးဝါးဝါးရနေတဲ့၊ ကြည့်ရုံနဲ့တင် ကြက်သီးထကြောက်ရွံ့စေတဲ့အလောင်းတွေထဲ ကျွန်တော်တိုးဝင်ပြီး ဒီအလောင်းတွေကိုယ်စား အမှန်တရားကိုရှာဖို့ ကြိုးစားခဲ့ပါတယ်။

ထိုင်ပေ ရဲဌာနက အလုပ်တာဝန်ဟာ ကြီးလေးပေမယ့် အဓိပ္ပာယ်ရှိတဲ့ အလုပ်ဖြစ်တယ်။ အဲဒီတုန်းက ရဲစနစ်တစ်ခုလုံး ပြောင်းလဲတိုးတက်မှုတွေ လုပ်ဆောင်နေတာမို့ နည်းလမ်းအတော်များများကို ကိုယ်တိုင်ပဲ စမ်းတဝါးဝါး လုပ်ဆောင်ခဲ့ရပါတယ်။ နိုင်ငံခြားခေါင်းဆောင်တွေရဲ့ လုံခြုံရေးက အစ ရာဇဝတ်ကျူးလွန်မှု စုံစမ်းစစ်ဆေးရေးက အဆုံး လုပ်ကိုင်ရင်း၊ သင်ယူရင်းနဲ့ ကိုယ့်ကိုယ်ပိုင်နည်းတစ်ခု ရှိလာဖို့ ကြိုးစားခဲ့ရပါတယ်။

အဲဒီအချိန်တုန်းက ဗီယက်နန်စစ်ပွဲ စတင်ချိန်ဖြစ်တာမို့ ထိုင်ဝမ်ဟာ

mgyoe.com

mgyoe.com

အမေရိကန်စစ်တပ်ရဲ့ ဖြတ်သန်းရာ၊ ရိက္ခာသိုလှောင်ရာနေရာ ဖြစ်ခဲ့ပါတယ်။ ရဲဌာနက လုပ်ဆောင်ရမယ့်အမှုတွေ များသထက် များလာခဲ့ပါတယ်။ ဖြတ်သန်းသွားလာကြတဲ့ အမေရိကန်စစ်သားတချို့ဟာ ထိုင်ဝမ်မှာ ဘရုတ်ကျခဲ့ပါတယ်။ အမေရိကန်စစ်သားအများဟာ တရုတ်သမီးပျိုတွေကို မုဒိမ်းကျင့် သတ်ဖြတ်မှုတွေ ကျူးလွန်ကြတာကြောင့် အမေရိကန်ကောင်စစ်ဝန်ရုံးကို ပြည်သူအများဝိုင်းပြီး အမေရိကန်ဆန့်ကျင်ရေးတွေ ပြုလုပ်ခဲ့ကြတယ်။

တစ်နေ့မှာ အမေရိကန်စစ်သားတစ်ယောက်ဟာ အရက်မူးမူးနဲ့ တရုတ်အမျိုးသမီးတစ်ယောက်ကို ဆွဲလားရမ်းလား လုပ်ပါတော့တယ်။ လမ်းသွားလမ်းလာတွေ ဝိုင်းဆွဲသတ်ပုတ်တော့ အဲဒီစစ်သားဟာ ရဲစခန်းထဲ ပြေးဝင်လာပါတယ်။ အဲဒီတုန်းက ကျွန်တော်တာဝန်ကျနေချိန်မို့ တံခါးအပြင်ဘက်မှာ ဒေါသကြီးနေတဲ့ လူအုပ်ကို ကြည့်ပြီး တံခါးဖွင့်ပေးရင် လူအုပ်လက်ချက်နဲ့ သူ သေသွားနိုင်ပါတယ်။

သူတို့ရဲ့ တပ်သားကိုလာခေါ်ဖို့ အမေရိကန်စစ်တပ်ကို ကျွန်တော်အကြောင်းကြားတော့ အဲဒီအမေရိကန်စစ်သားဟာ ကျွန်တော်တို့ရဲဌာနနဲ့ ဌာနမှာရှိနေတဲ့ ရဲဝန်ထမ်းတွေကို ဆဲဆို ကြိမ်းမောင်းပါတော့တယ်။ ကျွန်တော် ဝင်တားပေမယ့် ကျွန်တော့်ကိုပါ ဆဲဆိုပါတယ်။ သူ့အဆဲကို ကျွန်တော် ဂရုမစိုက်တော့ သူက ပိုအတင့်ရဲပြီး ကျွန်တော့်မျက်နှာကို ကြည့်ပြီး "မင်းတို့ တရုတ်တွေအားလုံး ငတုံး. . . ငအတွေ. . . " လို့ ဆိုပါတယ်။

ရဲတွေကို သူ ဆဲသလို ကျွန်တော့်ကိုလည်း ဆဲတဲ့အပြင် လူမျိုးနဲ့ တိုင်းပြည်ကိုပါ ထိပါးလာတာမို့ ကျွန်တော် သည်းမခံနိုင်ခဲ့တော့ပါဘူး။ လက်သီးဆုပ်ပြီး "မင်း ပါးစပ်ကို ပိတ်မထားရင် ငါ့လက်သီးစာမိမယ်" လို့ သူ့မျက်နှာကိုကြည့်ပြီး ကျွန်တော် ကြိမ်းမောင်းလိုက်ပါတယ်။ သူက ကျွန်တော့်ကို တစ်ချက်စိုက်ကြည့်ပြီး စိန်ခေါ်တဲ့အသံနဲ့ "မင်းတို့တရုတ်လူမျိုးကိုပဲ ငါဆဲမှာ. . . ဆဲတော့ ဘာဖြစ်လဲ၊ ငါ့ကို ထိုးမယ်ဟုတ်လား။ သတ္တိရှိရင် မင်းထိုးလေ. . . ထိုး" လို့ ဆိုပါတယ်။

စိန်ခေါ်လာတဲ့သူ့ကို ရဲအရာရှိကျောင်းမှာသင်ယူခဲ့တဲ့ ကိုယ်ခံပညာနဲ့ ကျွန်တော်ထက် အရပ်ပိုမြင့်တဲ့ အဲဒီအမေရိကန်စစ်သားကို ကျွန်တော် အလဲထိုးပစ်လိုက်ပါတယ်။ ပြီးတော့ "ငါ့ကို မင်းဆဲလို့ရတယ်။ ဒါပေမဲ့ ငါ့လူမျိုးနဲ့ တိုင်းပြည်ကိုတော့ မထိနဲ့၊ ထိခဲ့ရင် ငါက လက်ပိုက်ကြည့်နေမှာ မဟုတ်ဘူး" လို့ ကြိမ်းပစ်ခဲ့ပါတယ်။

အခုချိန်မှာ ကျွန်တော်ဟာ အမေရိကန်နိုင်ငံသား ခံယူထားပေမယ့်

mgyoe.com

mgyoe.com

ကိုယ့်ခန္ဓာကိုယ်ထဲမှာ လည်ပတ်နေတဲ့သွေးတွေကိုတော့ မမေ့ခဲ့ပါဘူး။ တရုတ်လူမျိုးတစ်ယောက်အဖြစ်နဲ့ ကိုယ့်ကိုယ်ကိုယ် ဂုဏ်ယူနေခဲ့ပါတယ်။ အပြည်ပြည်ဆိုင်ရာအစည်းအဝေးပွဲတွေ တက်ရောက်ရတဲ့အခါ ဒါမှမဟုတ် အခြားလူမျိုးခြားတွေနဲ့အတူ လက်တွဲလုပ်ဆောင်ရတဲ့အခါ အရာရာမှာ ကျွန်တော် လေးလေးနက်နက်၊ ရိုးရိုးသားသား လုပ်ကိုင်ပြီး ကိုယ့်လူမျိုးရဲ့ဂုဏ်ကို မြှင့်တင်ခဲ့ပါတယ်။ ကိုယ့်လူမျိုးကို လူမျိုးရေးခွဲခြားတာမျိုး၊ နှိမ့်ချစော်ကားတာမျိုးနဲ့ ကြုံတွေ့တဲ့အခါ ကိုယ့်လူမျိုးအတွက် အမှန်တရားကို ကျွန်တော် ရယူခဲ့ပါတယ်။

♦ ♦ ♦

mgyoe.com

mgyoe.com SAMPLE BOOK

# ကျင့်မိန် (Kinmen) ကျွန်းတွင် တာဝန်ထမ်းဆောင်ခြင်း

သိပ်မကြာခင်မှာပဲ ကျင့်မိန်ကျွန်း ရှေ့တန်းနေရာမှာ ကျွန်တော် တာဝန်ကျပါတယ်။ ကျင့်မိန်က ထိုင်ပေနဲ့ မတူပါဘူး။ ကျင့်မိန်ရောက်တာနဲ့ ရှေ့တန်းတိုက်ခိုက်ရေး ပြင်ဆင်မှုအတွက် ကျွန်တော် စိတ်လှုပ်ရှားနေခဲ့ပါတယ်။ အဲဒီတုန်းက ၉၃ စစ်ပွဲပြီးတာ မကြာသေးတဲ့ကာလမို့ နေ့ခြားဆိုသလို အမြောက်သံတွေကြားနေရပါတယ်။ နေ့တိုင်း မနက် မိုးမလင်းခင်ကတည်းက အခြားရဲဘော်ရဲဖက်တွေနဲ့ ကျောက်ထမ်း၊ ဆောက်လုပ်ရေးတွေကို လုပ်ခဲ့ရတယ်။ ညဆိုရင် ကင်းစောင့်ပြီး ညနက်သန်းခေါင်းမှာ ကင်းလှည့်ရပါတယ်။ တစ်ယောက်တည်း သဲသောင်ပြင်မှာ ကင်းလှည့်ရတာပါ။ ညလေတဖြူးဖြူး လရောင်ဖွေးဖွေးအောက်က တစ်ဘက်ကမ်းကို အာရုံစိုက် ကြည့်နေရပါတယ်။ တစ်ခါတလေ အမြောက်သံတွေကို ကြားနေရတတ်ပါတယ်။ ဒီလို တိတ်ဆိတ် စိတ်လှုပ်ရှားစရာကောင်းတဲ့ ပတ်ဝန်းကျင်ကနေ လူ့ဘဝ ဒဿနပေါင်းများစွာကို ကျွန်တော် ဆင်ခြင်ခဲ့မိပါတယ်။

ရဲအရာရှိကျောင်းမှာ ပညာသင်ကြားစဉ်က ကျွန်တော်ဟာ စာရေးရတာကို နှစ်သက်ခဲ့တယ်။ စာမူတွေ အရွေးခံရတဲ့အခါ စာမူခတော်တော်များများရပါတယ်။ အဲဒီတုန်းက ကျပ်တည်းတဲ့ကာလမို့ ငှက်ပျောသီးတစ်ဖီးစားချင်စိတ်ကျွန်တော့်မှာ ရှိခဲ့ပါတယ်။ ပထမဆုံး စာမူခရတော့ ငှက်ပျောသီးတစ်ဖီး ဝယ်ပြီး ကျွန်တော် အားရပါးရ စားခဲ့မိပါတယ်။ အဲဒီနောက် စာမူပေးပို့ရတာကို ကျွန်တော်

mgyoe.com

SAMPLE BOOK

ပျော်လာခဲ့တယ်။ အက်ဆေးတွေကနေ ဝေဖန်ရေးဆောင်းပါးတွေအထိ ကျွန်တော် ဝါသနာပါခဲ့တယ်။ တဖြည်းဖြည်းနဲ့ စာရေးခြင်းဟာ ကျွန်တော့်အားလပ်ချိန်မှာ လုပ်တဲ့ ဝါသနာတစ်ခု ဖြစ်လာခဲ့ပါတယ်။ စာမူခနဲ့ သားရေဖိနပ်တစ်စုံကို ကျွန်တော် ဝယ်နိုင်ခဲ့တယ်၊ အဝတ်အစားတွေ ဝယ်နိုင်ခဲ့တယ်၊ ကျင့်မိန်ရှေ့တန်းကနေ ခံစားနားလည်ခဲ့မိတဲ့ လူ့ဘဝဒဿနတွေကို ကျွန်တော်ချရေးပြီး စာမူတွေပို့ခဲ့ပါတယ်။

ကျွန်တော်က ရဲဝန်ထမ်းဆိုပေမယ့် အဲဒီက စစ်သားတွေနဲ့ အတူတကွ ပေါင်းသင်းခဲ့ပါတယ်။ ဦးနှောက်ခြောက်စရာအဖြစ်တွေနဲ့လည်း ကြုံခဲ့ရပါတယ်။ ဥပမာ. . . တပ်ဖွဲ့မှာ နှစ်သစ်ကူးရင် ဝက်သတ်ပါတယ်။ ဝက်မှာ ခြေထောက်လေးချောင်းပဲ ရှိပြီး တပ်ဖွဲ့မှာ အဖွဲ့ငါးဖွဲ့ရှိတာမို့ ဘယ်လိုခွဲဝေရမှန်း မသိခဲ့ပါဘူး။ လူတိုင်းက ဝက်အသည်းနဲ့ ဝက်ကျောက်ကပ်ကို လိုချင်ခဲ့ကြတယ်။ တပ်ဖွဲ့မှူးက ဒါတွေကို စစ်သားတွေအတွက် ခွဲဝေပေးချင်တယ်။ ကျွန်တော်က ဒီဝက်သည်း၊ ဝက်ကျောက်ကပ်ကို ဝက်ခြေထောက်မရတဲ့သူတွေအတွက် ပေးလိုက်မှ ဝက်သားခွဲဝေရေးက တစ်စခန်း ရပ်သွားခဲ့တယ်။ ဒီလိုသေးမွှားတဲ့ကိစ္စရပ်ကနေ တန်းတူညီမျှမှုကို လိုလားတဲ့လူကို လူတိုင်း မနှစ်သက်ကြောင်း ကျွန်တော်တွေ့ရှိခဲ့ရတယ်။ ဒါပေမဲ့ ဒီလိုတန်းတူညီမျှမှု စိတ်ကို အစဉ်အမြဲ မွေးမြူနိုင်မှသာ ကိုယ့်လက်အောက်ငယ်သား၊ ကိုယ့်လုပ်ဖော်ကိုင်ဘက်တွေက ကိုယ့်ကို ယုံကြည်လာမှာဖြစ်တယ်။

ယုံကြည်မှု တည်ဆောက်နိုင်ပြီဆိုရင် ဘာလုပ်လုပ် လွယ်သွားပါတယ်။ တပ်ဖွဲ့မှာ ပြဿနာတစ်စုံတစ်ရာ ဖြစ်လာခဲ့ရင် ဖြေရှင်းရ ပိုလွယ်ကူလာပါတယ်။ တစ်ခါက အရာရှိတစ်ဦးဟာ စိတ်ဓာတ်ကျပြီး လက်ထဲမှာ လက်ပစ်ဗုံးတစ်လုံးနဲ့ သောင်းကျန်းပါတော့တယ်။ အိမ်ရှိရက်နဲ့ အိမ်မပြန်ရတဲ့သူ့အဖြစ်၊ အသက်ကြီးနေပြီမို့ သူ့အနာဂတ်ဟာ မသေချာ မရေရာကြောင်းတွေ ပြောပြီး တပ်ဖွဲ့မှူး၊ တပ်သားတွေနဲ့အတူ သေပွဲဝင်မယ်လို့ ဆိုပါတယ်။ တပ်ဖွဲ့မှူးက ကျွန်တော့်ကို ခေါ်ပြီး ဖျောင်းဖျခိုင်းပါတယ်။ ဒီအရာရှိနဲ့ ကျွန်တော်က ခါတိုင်းလည်း ခေါ်ခေါ် ပြောပြောရှိပြီး ကျွန်တော့်ကိုလည်း ယုံကြည်သူဖြစ်တာမို့ သူ့ကို ကျွန်တော် အေးအေးသာသာ၊ စိတ်ရှည်လက်ရှည်နဲ့ အားပေးစကားပြောခဲ့ပါတယ်။ ကျွန်တော်ရဲ့ အားပေးစကားတွေကြောင့် နောက်ဆုံးမှာ သူ့လက်က လက်ပစ်ဗုံးကိုချလိုက်မှ အားလုံးသက်ပြင်းချနိုင်ခဲ့ပါတယ်။

တစ်ခါကလည်း တပ်သားတစ်ယောက်ရဲ့ ပိုက်ဆံအိတ် အခိုးခံရပါတယ်။ တပ်သားအချင်းချင်း မယုံသင်္ကာ ဖြစ်ခဲ့ကြပါတယ်။ တပ်သားတစ်ယောက်က

mmyoe.com

mgyoe.com

တပ်ဖွဲ့မှူးကို "လီက ရဲအရာရှိဖြစ်တယ်။ ဘာဖြစ်လို့ သူ့ကို မစစ်ဆေးခိုင်းသလဲ" လို့ ဆိုတယ်။ တပ်ဖွဲ့မှူးက ကျွန်တော့်ကိုခေါ်ပြီး စမ်းကြည့်ဖို့ပြောတာနဲ့ အခိုးခံရသူရဲ့ အိပ်ခန်းကို ကျွန်တော် ချက်ချင်းပိတ်ပစ်လိုက်ပါတယ်။ အဲဒီနောက် ပိုက်ဆံအိတ်ထားတဲ့နေရာ အနီးနားက လက်ဗွေရာတွေကို ယူလိုက်ပါတယ်။ အဲဒီအိပ်ခန်းထဲ ဝင်ခဲ့ဖူးသူတိုင်းရဲ့ လက်ဗွေရာတွေကို ယူဖို့ တပ်ဖွဲ့မှူးကို ကျွန်တော် ပြောလိုက်ပါတယ်။ နောက်ပိုင်း လက်ဗွေရာချင်း နှိုင်းယှဉ်ကြည့်ပြီးနောက် အဲဒီလက်ဗွေရာဟာ တပ်သားတစ်ဦးရဲ့ လက်ဗွေရာနဲ့ ကိုက်ညီနေခဲ့ပါတယ်။ ဒါပေမဲ့ သူက အသေအလဲ ငြင်းပါတယ်။ နောက်ဆုံး လက်ဗွေရာနှိုင်းယှဉ်ပုံ ထုတ်ပြမှ သူ ခိုးယူခဲ့ကြောင်း ဝန်ခံပါတယ်။ သူ ခိုးယူခဲ့တဲ့ ပိုက်ဆံအိတ်ကို မြေမြုပ်မိုင်းရှိတဲ့နေရာမှာ ဝှက်ထားကြောင်း ဆိုပါတယ်။ သူ့အပြောကိုအတည်ပြုဖို့ မြေမြုပ်မိုင်းရှိရာဆီ ကျွန်တော်တို့ ရောက်လာခဲ့ကြပြီး သတိထားရှာဖွေကြမှ ပိုက်ဆံအိတ်ကို ပြန်ရခဲ့ပါတယ်။ အဲဒီနောက်ပိုင်း လက်ဗွေရာနဲ့ တရားခံဖော်ထုတ်နိုင်တာကို တပ်သားတွေအားလုံး အထူးအဆန်းသဖွယ် သိခဲ့ကြပါတယ်။

ရှေ့တန်း တစ်နှစ်တာကာလက စိတ်လှုပ်ရှားခြင်းတွေနဲ့ ပြီးဆုံးသွားခဲ့ပါတယ်။ တစ်နှစ်တာအတွင်းမှာ တပ်သားတွေ ထိခိုက်ဒဏ်ရာရတာ၊ သေဆုံးတာတွေကို ကြည့်ပြီး လူ့ဘဝရဲ့ရှင်သန်ခြင်း၊ သေဆုံးခြင်းဆိုတာ ကံတရားက သတ်မှတ်ထားသလားလို့ ကျွန်တော် တွေးခဲ့မိပါတယ်။ ဒီလောကထဲ အလျင်စလို ရောက်လာကြတာဟာ ဘာအတွက်လဲ၊ ဘာဖြစ်လို့ တချို့လူတွေဟာ အကျိုးအမြတ်အတွက် ငွေကြေးရဲ့ ကျေးကျွန်တွေဖြစ်ရတာလဲ၊ တချို့က နာမည်ရဖို့အတွက် မနားတမ်းလှုပ်ရှားနေကြရတယ်။ တချို့က အာဏာအတွက် ဦးနှောက်ကို အစွမ်းကုန် လှုပ်ရှားနေရတယ်။ တချို့က ငွေရှိ၊ နာမည်ရှိ၊ အာဏာ ရှိနေပေမယ့် အရာရာကို လက်မလွှတ်နိုင်ခဲ့ကြသေးဘူး။ လူတွေဟာ ဘာဖြစ်လို့ ဒီလောက် တစ်ကိုယ်ကောင်းဆန်ကြသလဲ။ ဒီလို တစ်ကိုယ်ကောင်းဆန်မှုတွေကြောင့် လူ့အဖွဲ့အစည်းမှာ ပြဿနာတွေ ဖြစ်ပွားခဲ့ရတယ်။ တကယ်လို့ လူတိုင်းကသာ တင်းတိမ်ရောင့်ရဲနိုင်ရင် လူ့ဘဝက ပိုကောင်းမွန်နိုင်မယ်လို့ ထင်ပါတယ်။

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

# တစ်သက်တာဖူးစာရှင်

ကျင့်မိန်ကျွန်းမှာ တာဝန်ထမ်းရွက်ပြီးနောက် နဂို ကျွန်တော် အလုပ်လုပ်ခဲ့တဲ့ ထိုင်ပေရဲဌာန နိုင်ငံခြားရေးရာမှာ ကျွန်တော် အလုပ်ဝင်ခဲ့ပါတယ်။ နိုင်ငံခြားသား ဝင်ရောက်ခွင့်တွေကို တာဝန်ယူ ဆောက်ရွက်ရပါတယ်။ ဒီအလုပ်မှာပဲ ကျွန်တော် ဇနီးဖြစ်လာမယ့် ဆုန့်မြောက်ကျွင့်(Song Miaojuan)နဲ့ ကျွန်တော် ရင်းနှီးခဲ့တယ်။

၁၉၆၁ ခုနှစ် တစ်နေ့မှာ ကျွန်တော် တာဝန်ကျနေတုန်း ခန္ဓာကိုယ်သေးသွယ်ပြီး မျက်နှာကြည်လင်တဲ့ ကျောင်းသူတစ်ဦးက နေထိုင်ခွင့်အတွက် လာရောက် ဆောက်ရွက်ပါတယ်။ သူ့လျှောက်လွှာကို ကြည့်လိုက်တော့ သူဟာ မလေးရှားဖွား တရုတ်လူမျိုးတစ်ဦး ဆိုတာကို သိလိုက်တယ်။ ထိုင်ဝမ်ဆရာအတတ်သင်ကျောင်းမှာ ကျောင်းတက်နေတာ ဖြစ်တယ်။ သူနဲ့ စကားပြောဆိုကြည့်တော့ သူဟာ တရုတ်စကားကို ပြေပြေပြစ်ပြစ် ပြောတတ်တာကို တွေ့လိုက်တယ်။ တစ်ယောက်တည်း ထိုင်ဝမ်မှာ ပညာလာသင်တာမို့ သူ့ရဲ့ ရဲရင့်ထက်မြက်မှုကို ကျွန်တော် လေးစားသွားမိပါတယ်။ ဆက်ပြီး စကားလက်ဆုံကျတော့ သူလည်း ဘတ်စကက်ဘောကစားတာကို ဝါသနာပါကြောင်း သိရပါပြီး သူဟာ ကျောင်းအဖွဲ့ ဘတ်စကက်ဘောကစားသမားဆိုတာ သိလိုက်ရတယ်။

ဘတ်စကက်ဘော ကစားသမားတစ်ယောက် ဖြစ်ဖို့ ကျွန်တော်စိတ်ဆန္ဒ

mgyoe.com

mgyoe.com

ဖြစ်မိပြန်ပါတယ်။ ဆုန့်မြောက်ကျွင့်လည်း ဘတ်စကက်ဘော ကစားသမား တစ်ယောက်ဆိုတာကို သိလိုက်ချိန် သူနဲ့ပြောစရာ စကားတွေက ပိုများလာခဲ့တယ်။ ကျွန်တော်တို့ ဖုန်းနံပါတ်လဲလိုက်ကြပါတယ်။ အရင်တုန်းက ကျွန်တော့်မှာ မိန်းကလေးသူငယ်ချင်း မရှိခဲ့ပါဘူး။ အဲဒီတုန်းက အထက်တန်းသူငယ်ချင်း ဝူတဲ့မင်ကလည်း ကြည်းတပ်အရာရှိကျောင်းမှာ ကျောင်းပြီးထားစမို့ အားလပ်တိုင်း ကျွန်တော်တို့ တွေ့ဆုံခဲ့ပါတယ်။ ဆုန့်မြောက်ကျွင့်ကို ပိုးပန်းဖို့ ကျွန်တော့်ကို သူ အကြံပေးခဲ့တာ ဖြစ်ပါတယ်။

ကျွန်တော်နဲ့ ဆုန့်မြောက်ကျွင့်ရဲ့ ဆက်ဆံရေးက တဖြည်းဖြည်း စိပ်လာခဲ့တယ်။ လိင်ကွဲသူငယ်ချင်းတစ်ယောက်အပေါ် ကျွန်တော် ဒီလိုတစ်ခါမှ ခံစားချက်မပြင်းခဲ့သလို ဝါသနာတူတဲ့ လိင်ကွဲသူငယ်ချင်းမျိုးနဲ့လည်း မပတ်သက်ခဲ့ဖူးပါဘူး။ ကျွန်တော်တို့ဟာ ဘတ်စကက်ဘောပွဲ အတူကြည့်ကြ၊ ရုပ်ရှင်အတူကြည့်ကြနဲ့ ချိုမြိန်တဲ့နေ့ရက်တွေကို အတူဖြတ်သန်းခဲ့ကြပါတယ်။

တစ်နေ့ညနက်မှာ ကျွန်တော်နဲ့ ရဲဝန်ထမ်းတချို့ ယာယီကင်းလှည့်ပြီး တရားခံကိုဖမ်းဖို့ အတူထွက်သွားပါတယ်။ ကျွန်တော်တို့ တံခါးဖွင့်လိုက်တာနဲ့ တရားခံက ထွက်ပြေးဖို့ကြိုးပါတယ်။ ကျွန်တော်တို့ ပတ်ပတ်လည်ဝန်းရံပိတ်ဆို့တော့ သူက ဓားထုတ်ပြီး မှောင်နက်နက်ထဲမှာ ဝှေ့ယမ်းပါတယ်။ ကျွန်တော့်ဘက်ကို သူကျော်ခိုင်းလိုက်တဲ့အချိန် သူ့ကို ကျွန်တော်ခုန်အုပ်လိုက်ပြီး သူ့လက်နှစ်ဖက်နဲ့ ခန္ဓာကိုယ်ကို တင်းတင်းချုပ်ထားလိုက်တယ်။ အခြားရဲဝန်ထမ်းတွေလည်း ရောက်လာပြီး သူ့ကို ဖမ်းချုပ်လိုက်ကြတယ်။ ရဲဝန်ထမ်းတစ်ဦးက ဓာတ်မီးနဲ့ နေရာအနှံ့ ထိုးကြည့်တော့ ကြမ်းပြင်ပေါ်မှာ သွေးတွေပေနေတာကို တွေ့လိုက်တယ်။ ရဲက အသံမြင့်နဲ့ "ဘယ်သူဒဏ်ရာရသွားသလဲ" လို့ မေးပါတယ်။

တခြားရဲသားတွေကို ကြည့်တော့ ဒဏ်ရာအနာတရ မတွေ့ပါဘူး။ ကိုယ့်ကိုယ်ကိုယ် ကျွန်တော်ငုံ့ကြည့်မိတော့ "ဟာ. . . ကျွန်တော်ထိသွားပြီ" လို့ အထိတ်တလန့် အော်မိပါတယ်။ ကျွန်တော့်လက်ဖဝါးပေါ်က ဓားဒဏ်ရာဟာ သွေးထွက်နေတာကို ကျွန်တော်တွေ့လိုက်ပါတယ်။ ရဲဝန်ထမ်းအကူနဲ့ အနာကို အမြန်ပတ်တီးစည်းလိုက်ပါတယ်။

ဆုန့်မြောက်ကျွင့်ကို ကျွန်တော် ဒီအဖြစ် မသိစေခဲ့ပါဘူး။ ဒါပေမဲ့ သူက ကျွန်တော့်ဒဏ်ရာကို တွေ့သွားပြီး "သားသမီးမြေးမြစ်တွေနဲ့ အိုမင်းတဲ့အထိ ကျွန်မ နေသွားလို့ ရပေမယ့် လူသေအလောင်းတစ်လောင်းနဲ့တော့ မနေသွားချင်ဘူး။

mgyoe.com

mgyoe.com

နောက်ဆိုရင် စားထိုးခံရ၊ ဒဏ်ရာရအောင် မလုပ်နဲ့နော်" လို့ ဆိုတယ်။ ရဲဝန်ထမ်းအလုပ်ကို ကျွန်တော်နှစ်သက်မှန်း သူသိပေမယ့် သူ့ရဲ့ဂရုစိုက်မှု၊ စိုးရိမ်မှုက ကျွန်တော့်ရင်ကို နွေးထွေးစေခဲ့တယ်။ တကယ်လို့ ကျွန်တော့်ကို ရွေးချယ်ခွင့်ပေးရင် ဆုန့်မြောက်ကျွင့်ကိုပဲ ကျွန်တော် ရွေးချယ်မှာပါ။

ထိုင်ပေကို ပြန်ရောက်ပြီးနောက် စာရေးခြင်းအလုပ်ကို ကျွန်တော် မစွန့်လွှတ်ခဲ့ပါဘူး။ အလုပ်အားလပ်ချိန်တွေမှာ နိုင်ငံခြားသတင်းစာ၊ ဆောင်းပါးတွေကို ကျွန်တော် ဖတ်ခဲ့တယ်။ ဗဟုသုတတွေလည်း တိုးခဲ့တယ်။ အဲဒီတုန်းက ရဲဝန်ထမ်းလစာက နည်းပါးသေးတာမို့ အပိုဝင်ငွေရအောင် ဖတ်ထားဖူးတဲ့ အင်္ဂလိပ်စာ ဆောင်းပါးတွေကို ထုတ်ပြီး ကျွန်တော် ဘာသာပြန်ရေးခဲ့ပါတယ်။ စာမူတိုင်း အရွေးခံခဲ့ရပါတယ်။ အဲဒီခေတ်စာမူခက နည်းတယ်ဆိုပေမယ့် အခုခေတ်နဲ့စာရင် များနေခဲ့ပါပြီ။ စာရေးလေ ကျွန်တော် စွဲလမ်းလေပါပဲ။ သိပ္ပံနည်းပညာ ဗဟုသုတတွေအပြင် ဝေဖန်ရေးဆောင်းပါးတွေလည်း ကျွန်တော် ရေးခဲ့ပါတယ်။ နိုင်ငံခြားစာပေနဲ့ ထိတွေ့ရင်းနှီးလာတော့ ကျွန်တော်သိတဲ့ ဗဟုသုတလောက်နဲ့ မလုံလောက်ဘူးဆိုတာ ကျွန်တော် သိလာခဲ့တယ်။ ဒါကြောင့် အမေရိကန်မှာ ကျောင်းဆက်တက်မယ့် စိတ်ကူးကို ရခဲ့ပါတယ်။ အမေက ကျွန်တော့်စိတ်ကူးကို ချက်ချင်း သဘောတူပါတယ်။ အမေရိကန်ရောက်နေတဲ့ အစ်မဆီ ချက်ချင်းစာရေးပြီး ကျွန်တော် ကျောင်းဆက်တက်ဖို့ လိုအပ်တာတွေ ကူညီခိုင်းခဲ့တယ်။ အမေရိကန်မှာ ကျောင်းသွားတက်ရင် ကျွန်တော်နှစ်သက်တဲ့ ရဲဝန်ထမ်းအလုပ်ကို စွန့်လွှတ်ရပါတော့မယ်။

ကျောင်းဆက်တက်ဖို့ ကျွန်တော်ဆုံးဖြတ်ပြီးနောက် ဆုန့်မြောက်ကျွင့်ကို ကျွန်တော်လက်ထပ်ယူဖို့ ဆုံးဖြတ်လိုက်ပါတယ်။ သူ့ကို ကျွန်တော်လက်ထပ်ယူမယ့် အစီအစဉ်တွေ သူ့မိဘကို ဆုန့်မြောက်ကျွင့် ပြောပြတော့ သူ့ဖခင်က အပြင်းအထန် ကန့်ကွက်ပါတယ်။ သူ့ဖခင်က ရဲဝန်ထမ်းအပေါ် အမြင်မကြည်ခဲ့လို့ ရဲတွေဟာ ပြည်သူတွေကိုပဲ ဖိနှိပ်တတ်တယ်ဆိုပြီး လုံးဝ သဘောမတူခဲ့ပါဘူး။ ကျွန်တော့်အမေကလည်း ကန့်ကွက်ပါတယ်။ မာစတာဘွဲ့ရမှ လက်ထပ်မယ်လို့ အရင်တုန်းက ကျွန်တော် ကတိပေးခဲ့တာမို့ ဘာဖြစ်လို့ အခုချိန်မှာ ချစ်သူထား၊ လက်ထပ်ချင်ရသလဲ ဆိုပြီး သဘောမတူခဲ့ပါဘူး။

သမီးဖြစ်သူက သူ့ဆုံးဖြတ်ချက်ကို မပြင်တာတွေ့တော့ ဆုန့်မြောက်ကျွင့်ရဲ့ အဖေဟာ ထိုင်ပေကို လိုက်လာပါတယ်။ သူ့အဖေနဲ့ ကျွန်တော် တွေ့တော့

mgyoe.com

mgyoe.com

မြောက်ကျွင့်အပေါ် ကျွန်တော် သစ္စာရှိချစ်ခင်မှုနဲ့ ကျွန်တော့်ရဲ့အကြံအစည်ကို ပြောပြပြီး ဖြည်းဖြည်းချင်း ကျွန်တော်တို့ ဆွေးနွေးခဲ့ကြတယ်။ ထိုင်ပေမှာ သူ နှစ်ပတ်ခန့် နေထိုင်ခဲ့တာမို့ ယနေ့ခေတ် ရဲဝန်ထမ်းတွေအပေါ် သူ့ အမြင်ပြောင်းလဲတာတွေ ရှိခဲ့ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ကို လက်ထပ်ဖို့ သူသဘောတူညီခဲ့တယ်။ မလေးရှားမှာလည်း လက်ထပ်ပွဲတစ်ခု ကျင်းပရမယ်လို့တော့ တောင်းဆိုခဲ့ပါတယ်။

ကျွန်တော့်အမေက အမေရိကန်ရောက်နေတာမို့ သူ့ကို စိတ်မပူဖို့ ကျွန်တော် စာရေးလိုက်ပါတယ်။ လက်ထပ်လိုက်လည်း အရင်ကပေးခဲ့တဲ့ကတိကို စွန့်လွှတ်မှာ မဟုတ်ကြောင်း၊ မာစတာဘွဲ့ရအောင် ကျွန်တော် သင်ယူမှာဖြစ်ကြောင်း စာရေးလိုက်ပါတယ်။ နောက်တော့ ကျွန်တော်တို့ရဲ့ လက်ထပ်ပွဲကို အမေ သဘောတူလိုက်ပါတယ်။ ၁၉၆၂ ခုနှစ် နွေဦးရာသီမှာ ထိုင်ပေမြို့မှာပဲ မြောက်ကျွင့်နဲ့ ကျွန်တော် လက်ထပ်စာချုပ် ချုပ်ဆိုခဲ့ပါတယ်။ နှစ်ဘက်မိဘတွေ ထိုင်ပေမှာ မရှိပေမယ့် ကျွန်တော့်လုပ်ဖော်ကိုင်ဖက်တွေက ရိုးရှင်းတဲ့၊ နွေးထွေးတဲ့ လက်ထပ်ပွဲတစ်ခု ဖြစ်မြောက်ဖို့ ကူညီခဲ့ကြပါတယ်။

လက်ထပ်ပြီးနောက်ပိုင်း ကျွန်တော်တို့ အိမ်ငယ်လေးတစ်လုံး ငှားလိုက်ကြတယ်။ အမှုလိုက်ရလို့ ကျွန်တော်က မနက်ထွက် ညနက်မှ အိမ်ပြန်ရပါတယ်။ တစ်ခါတလေ မုန့်တိုင်းဝင်ချိန်တောင် အလုပ်ဆင်းရပါတယ်။ ဒါအပြင် အဲဒီတုန်းက နိုင်ငံရပ်ခြားခေါင်းဆောင်တွေက ထိုင်ဝမ်ကို လာရောက်တွေ့ဆုံမေးမြန်းမှုတွေ မကြာခဏ ရှိခဲ့တာမို့ အလုပ်ပိုများရပါတော့တယ်။ မြောက်ကျွင့်က တက္ကသိုလ် တက်နေဆဲမို့ နှစ်ယောက်သား အလုပ်များကြပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ရဲ့ အိမ်ငယ်လေးထဲမှာ ပျော်ရွှင်မှုက အပြည့်ပါပဲ။ လူပျို အပျို သူငယ်ချင်းတွေက ကျွန်တော်တို့အိမ်မှာ မကြာခဏ လာရောက်စားသောက်ကြတာကြောင့် အနေဆင်းရဲပေမယ့် အိမ်က ရယ်သံတွေနဲ့ အမြဲပြည့်လျှံနေခဲ့ပါတယ်။

အဲဒီတုန်းက ရဲလောက အထက်အရာရှိတွေ ရာထူးတိုး ပြောင်းရွှေ့တာမျိုးတွေ ရှိခဲ့ပါတယ်။ ရဲအရာရှိကျောင်းဆင်းတွေ အလုပ်ကြိုးစားကြပေမယ့် နောက်ခံဘက်ကရောင်း မတူတာမို့ ရာထူးတိုးဖို့ အင်မတန် ခက်ခဲခဲ့ပါတယ်။ အစိုးရက ပြောင်းလဲလိုစိတ်ရှိပေမယ့် ကျွန်တော့်ဘဝတိုးတက်ဖို့အတွက် ကျွန်တော်ကိုယ်တိုင် စီမံရတော့မယ်လို့ ကျွန်တော် ထင်ခဲ့ပါတယ်။ မြောက်ကျွင့်လည်း ကျောင်းပြီးပြီမို့ ကျွန်တော် မာစတာတန်းဆက်တက်ပြီး လူ့ဘဝစာမျက်နှာအသစ်ကို ဖွင့်လှစ်ဖို့

mgyoe.com

အချိန်ကျရောက်လာပါတယ်။

ဒီလိုနဲ့ မြောက်ကျွင့်ကျောင်းပြီးတဲ့နောက် ရဲဝန်ထမ်းအလုပ်ကနေ ကျွန်တော် နုတ်ထွက်လိုက်ပါတယ်။ နှစ် ၂၀ ကျော် နေထိုင်ခဲ့တဲ့ ထိုင်ဝမ်ကို စွန့်ခွာပြီး မလေးရှားနိုင်ငံ ဆာရာဝပ်ကို ပြောင်းရွှေ့ခဲ့ပါတယ်။ မြောက်ကျွင့်ရဲ့အဖေက အဲဒီဒေသမှာ တရုတ်အကြီးအကဲမို့ လူတွေ ရိုသေလေးစားကြတယ်။ အဲဒီနေရာမှာ ကျွန်တော်တို့ မင်္ဂလာပွဲတစ်ပွဲ ထပ်ကျင်းပခဲ့ပါတယ်။ ထိုင်ဝမ်မှာက စာချုပ်လက်မှတ်ရေးထိုးခဲ့ပြီမို့ အခု မလေးရှားမှာ ထပ်မင်္ဂလာဆောင်တော့ မိတ်ဆွေတချို့က ကျွန်တော်ကို မိန်းမထပ်ယူတယ်လို့ နောက်ပြောင်ကြပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် နှစ်ကြိမ်စလုံးက ကိုယ်ချစ်တဲ့သူတစ်ယောက်နဲ့ပဲ ကျွန်တော်လက်ထပ်ခဲ့တာဖြစ်ပါတယ်။

မလေးရှားမှာ လက်ထပ်ပွဲကျင်းပပြီးရင် ကျောင်းဆက်တက်ဖို့ အမေရိကန်သွားမယ်လို့ ကျွန်တော်တို့ စီမံခဲ့ပါတယ်။ ဒါပေမဲ့ ဗီဇာချက်ချင်းမကျသေးတာမို့ မလေးရှားမှာပဲနေပြီး စောင့်ဖို့ ကျွန်တော်တို့ ဆုံးဖြတ်လိုက်ကြတယ်။ အိမ်မှာပဲ အားလပ်နေလို့လည်း မဖြစ်သေးတာမို့ ကျွန်တော် အလုပ်ထွက်ရှာခဲ့ပါတယ်။ မလေးရှားတရုတ်အများစုက ကွမ်တုံစကားပြောကြပြီး တရုတ်သတင်းစာတွေ ဖတ်ကြပါတယ်။

ဒီလိုနဲ့ အဲဒီဒေသက တရုတ်သတင်းစာတိုက်တစ်ခုမှာ ကျွန်တော် အလုပ်လျှောက်ခဲ့ပါတယ်။ သတင်းထောက်အဖြစ် ကျွန်တော် အလုပ်ရခဲ့တယ်။ သတင်းတွေအပြင် ဆောင်းပါးတွေပါ ကျွန်တော်ရေးတော့ သုံးလအကြာမှာ လက်ထောက်အယ်ဒီတာအဖြစ် ရာထူးတိုးခဲ့ပါတယ်။ ငါးလအကြာမှာ အယ်ဒီတာချုပ်ဖြစ်လာခဲ့ပါတယ်။ အရင်တုန်းက အားလပ်ချိန်တိုင်း စာရေးစာဖတ်လုပ်ခဲ့တဲ့ရလဒ်က ကျွန်တော့်ကို ကျွမ်းကျင်အယ်ဒီတာတစ်ဦးဖြစ်စေခဲ့မယ်လို့ မတွေးထင်ခဲ့မိပါဘူး။

❑

"ဒေါက်တာလီ. . . ဒေါက်တာလီ. . . ခင်ဗျားသက်သေထွက်ဆိုမယ့်အလှည့်ရောက်ပြီ"

တရားရုံးရဲက တံခါးတွန်းဖွင့်ဝင်လာပြီး ကျွန်တော့်ကို အတိတ်ကနေနိုးထဖို့ လှုပ်နိုးလိုက်ပါတယ်။

လက်ထဲကသတင်းစာကို ချပြီး နက်ခ်တိုင်ကို ကျွန်တော်အနည်းငယ်ပြင်ဆင်လိုက်တယ်။ စာရွက်စာတမ်းတစ်ပုံကြီးနဲ့ တရားရုံးထဲ ကျွန်တော်ဝင်ခဲ့တယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ရုံးထဲမှာ လူ ၁၂ ယောက်ပါတဲ့ ဂျူရီလူကြီးအဖွဲ့က ထိုင်ခုံပေါ် ထိုင်ပြီး ကျွန်တော့်ကို ကြည့်နေတယ်။ ရှေ့ဆုံးမှာထိုင်နေတဲ့ ဂျူရီအဖွဲ့ဝင်တစ်ဦးက ကျွန်တော်ကို အမှန်အကန် သက်သေထွက်ဆိုမယ့်အကြောင်း ကျမ်းကျိန်ဖို့ ညာလက် မြှောက်ခိုင်းပါတယ်။

ကျမ်းကျိန်ပြီးနောက် သူတို့ စမေးမြန်းပါတော့တယ်။

"ဒေါက်တာလီ. . . ရှေ့က အမှုစစ်ရဲတွေရဲ့ စုံစမ်းစစ်ဆေးမှုကို ကျွန်တော်တို့ ကြားနာပြီးပါပြီ။ ဒါပေမဲ့ ဒါဟာ တိုက်ဆိုင်မှုတစ်ခုလို ဖြစ်နေပါတယ်။ ရော်နာက ဂျိအန်နာကိုသတ်တဲ့ တကယ့်တရားခံ ဟုတ်,မဟုတ် ဆုံးဖြတ်ရခက်နေပါတယ်။ ဒါကြောင့် ရော်နာရဲ့ ပြစ်မှုကျူးလွန်ပုံကို ခင်ဗျား ဘာသက်သေ အထောက်အထားများ တင်ပြနိုင်မလဲဆိုတာ ကျွန်တော်တို့ ကြည့်ချင်ပါတယ်"

ပုံကြီးချဲ့ထားတဲ့ လူသတ်လက်နက်ဓားကို ကျွန်တော် ယူလိုက်ပါတယ်။ ဓားသွားပေါ်က သွေးစက်တွေကို ရေးရေး မြင်နေရပါတယ်။ ဘေးမှာထိုင်နေတဲ့ အစိုးရရှေ့နေ ချာလီက စပြီး မေးခွန်းထုတ်ပါတယ်။

"လူသတ်လက်နက်ပေါ်က သွေးရဲ့ ဓာတ်ခွဲအဖြေရလဒ်ကို ခင်ဗျား ပြောပြနိုင်မလား"

"လူသတ်လက်နက်ပေါ်က သွေးဟာ ဘီသွေး အမျိုးအစားဖြစ်ပါတယ်။ PMG အင်ဇိုင်းက ၂ - ၁ အမျိုးအစားဖြစ်ပါတယ်"

"တရားလိုတိုင်တန်းထားသူရဲ့ ကိုယ်ပေါ်မှာ ဘာသွေးအမျိုးအစားကို ခင်ဗျားရခဲ့သလဲ"

"မှုခင်းဖြစ်ပွားတဲ့နေရာမှာ ရခဲ့တဲ့ သက်သေနဲ့ အတူတူပါပဲ။ ဘီသွေး အမျိုးအစား၊ PMG အင်ဇိုင်းက ၂ - ၁ ဖြစ်ပါတယ်"

"သွေးအမျိုးအစား တူညီနိုင်မှုကရော. . ."

"လူဖြူတွေ အယောက် ၁၀၀ မှာ ၈ ယောက်၊ ၉ ယောက်လောက်က ဘီသွေးအမျိုးအစား ဖြစ်ပါတယ်"

"PMG အင်ဇိုင်းက ၂ - ၁ အမျိုးအစား အချိုးကျမှုကရော. . ."

"၅၈. ၉ ရာခိုင်နှုန်းပါ"

ချာလီက ကျွန်တော် အသင့်ပြင်ဆင်ပြသထားတဲ့ ဇယားပုံကိုကြည့်ပြီး ဇယားပေါ်က ကိန်းဂဏန်းကို ထိုးပြပြီး ဆက်မေးပါတယ်။

"ဒီလိုဆိုရင် ဘီသွေးအမျိုးအစားရှိပြီး PMG အင်ဇိုင်းက ၂ - ၁ အမျိုး

mgyoe.com

mgyoe.com

အစားလည်းရှိတဲ့ အချိုးကျမှုက ၇ ရာခိုင်နှုန်း အောက်မှာပဲ ရှိတာပေါ့"

"ဟုတ်ပါတယ်"

အဲဒီနောက် ချာလီက လူသတ်လက်နက် ဓားလက်ကိုင်ပေါ်က ရခဲ့တဲ့ လက်ဗွေရာဓာတ်ပုံကို ကြည့်ပြီး ရော်နာရဲ့လက်ဗွေရာနဲ့ နှိုင်းယှဉ်ကြည့်လိုက်တယ်။ ပြီးတော့ "ဒေါက်တာလီ. . . ဒီလက်ဗွေရာနှစ်ခုနဲ့ နှိုင်းယှဉ်မှုရလဒ်အကြောင်း ဂျူရီလူကြီးအဖွဲ့ကို ရှင်းပြပေးနိုင်မလား"

စာသင်ခန်းထဲမှာ ကျောင်းသားတွေကို လက်ဗွေရာ ရှင်းပြတဲ့အတိုင်းပဲ ရိုးရှင်းပြီး နားလည်ရလွယ်တဲ့နည်းနဲ့ လက်ဗွေရာနှစ်ခုကြား တူညီမှုကို ကျွန်တော် ရှင်းပြလိုက်တယ်။ ပြီးမှ "ဒီလက်ဗွေရာနှစ်ခုဟာ လူတစ်ယောက်တည်းရဲ့ လက်ဗွေရာ ဖြစ်တယ်" လို့ ရှင်းရှင်းလင်းလင်း ပြောလိုက်တယ်။

"လက်ဗွေရာတူညီမှုအချိုးက ဘယ်လောက်လဲ"

ချာလီက မေးတယ်။

"သုည ဖြစ်ပါတယ်။ လက်ဗွေရာတူတဲ့ လူနှစ်ယောက်ကို ယနေ့အထိ ရှာမတွေ့သေးပါဘူး"

ကျွန်တော်ဖြေတယ်။

အဲအချိန်ကျမှ ပင်ပန်းနွမ်းနယ်ပုံပေါက်နေတဲ့ ဂျူရီလူကြီးအဖွဲ့က ဓာတ်ပုံတွေကို သေသေချာချာ အသေးစိတ်ကြည့်ပါတော့တယ်။ ဆရာရဲ့ စမ်းသပ်မှုအဖြေကိုကြည့်နေတဲ့ ကျောင်းသားလေးတွေလို ကျွန်တော့် ရှင်းလင်း သရုပ်ပြမှုတွေကို စိတ်ဝင်တစား အာရုံစူးစိုက် နားထောင်နေကြတော့တယ်။

ဂျူရီလူကြီးအဖွဲ့က တရားလိုဘက်က သက်သေထွက်ဆိုမှုကို ပိုပိုစိတ်ဝင်စားလာတာကို ချာလီတွေ့တော့ အခွင့်ကောင်းကို ယူပြီး ဓာတ်ပုံတစ်ပုံကို ပုံကြီးချဲ့လိုက်ပါတယ်။ တဆက်တည်း "ဒေါက်တာလီ. . . ဒါက ဘာလဲ" လို့ မေးတော့တယ်။

"ဒါက ဂျိုအမ်နာအလောင်းဘေးမှာ တွေ့ခဲ့တဲ့ မီးခြစ်ဆံပါ" လို့ ကျွန်တော် ဖြေတယ်။

"ဒါကရော ဘာလဲ"

နောက်ဓာတ်ပုံတစ်ပုံကို အကြီးချဲ့ပြီး သူ မေးပြန်တယ်။

"ဒါက အခင်းဖြစ်ရာနေရာမှာတွေ့ခဲ့တဲ့ မီးခြစ်ဆံဘူးဖြစ်ပါတယ်"

ဓာတ်ပုံနှစ်ပုံကို ယှဉ်ထားပြီး သူမေးပြန်တယ်။

"ဒေါက်တာလီ ဒီပစ္စည်းနှစ်ခုရဲ့ဆက်စပ်မှုကို ရှင်းပြနိုင်မလား"

mgyoe.com

mgyoe.com
SAMPLE BOOK


အခင်းဖြစ်ပွားရာမှာ ရခဲ့တဲ့ မီးခြစ်ဆံဓာတ်ပုံကို မီးခြစ်ဘူးဓာတ်ပုံပေါ် ထပ်ပြီး ကျွန်တော် ရှင်းပြပါတယ်။

"ဒီမီးခြစ်ဆံရဲ့အောက်ခြေ စက္ကူအမျှင်၊ အစင်းကြောင်းနဲ့ ဆုတ်ဖြဲထားတဲ့ အရာကို ကြည့်ရင် ဒီမီးခြစ်ဆံဟာ မီးခြစ်ဘူးထဲက နံပါတ်သုံးချောင်းမြောက် မီးခြစ်ဆံ ကျိုးရာနဲ့ ဆက်လို့ရနေပါတယ်။ တဆင့်တက်ပြီး ဓာတ်ခွဲကြည့်တော့ စက္ကူအရည်အသွေးနဲ့ အက်စစ်ဓာတ်ကလည်း တူညီနေပါတယ်။ ဒါကြောင့် အခင်းဖြစ်ရာမှာရခဲ့တဲ့ မီးခြစ်ဆံဟာ ဒီကတ်ထူမီးခြစ်ဘူးထဲကနေ ချိုးယူလိုက်တဲ့ မီးခြစ်ဆံဖြစ်ပါတယ်"

ဂျူရီလူကြီးတွေ အာရုံစူးစိုက်နေတာကိုတွေ့တော့ ချာလီက ပိုစိတ်ပါ လက်ပါနဲ့ ပလတ်စတစ်အိတ်အကြည်ထဲ ထည့်ထားတဲ့ ဖိနပ်ကြိုးကိုပြပြီး "ဒေါက်တာ လီ. . . ဒီအိတ်ထဲက ဘာလဲ" လို့ မေးတယ်။

"ဒါက ဂျိုအန်နာ လက်ကို တုပ်ချည်ထားတဲ့ ဖိနပ်ကြိုးပါ"

"ဖိနပ်ကြိုးပေါ်က အနီရောင်အရာက ဘာလဲ"

"အဲဒီအရာက အနီရောင်သုတ်ဆေးတစ်မျိုး ဖြစ်ပါတယ်"

တဆက်တည်းမှာပဲ အခြားပလတ်စတစ် အကြည်အိတ်ကို ပြပြီး "ဒီအိတ် ထဲကရော ဘာလဲ" လို့ ချာလီ မေးပြန်တယ်။

"ဒါက ရော်နာတို့အိမ်မှာ ရဲတွေ သိမ်းဆည်းခဲ့တဲ့ အခြားဖိနပ်ကြိုး တစ်ခုပါ"

"အပေါ်က အနီရောင်ကရော ဘာလဲ"

"အဲဒါကလည်း အနီရောင် သုတ်ဆေးတစ်မျိုးပါပဲ"

"ဒီနှစ်ခုရဲ့ ဓာတုပါဝင်ပစ္စည်းကရော အတူတူပဲလား"

"ဟုတ်ပါတယ်"

ချာလီက ခဏရပ်ပြီး စကားဆက်ပါတယ်။

"ဒီသက်သေခံပစ္စည်းတွေကို နှိုင်းယှဉ်ကြည့်ခြင်းအားဖြင့် ဂျိုအန်နာကို သတ်တဲ့ တရားခံက ရော်နာပဲ ဆိုတာ ဟုတ်ပါသလား"

"သိပ္ပံစမ်းသပ်မှုရလဒ်အဖြေမှာ ဒီသက်သေခံပစ္စည်းအားလုံးက ရော်နာ နဲ့ သက်ဆိုင်နေပါတယ်"

တိကျပြတ်သားတဲ့အသံနဲ့ ကျွန်တော် ဖြေပါတယ်။

ဒီလိုနဲ့ အစိုးရရှေ့နေရဲ့မေးမြန်းမှုက ပြီးဆုံးသွားခဲ့တယ်။ ထိုင်ခုံပေါ်က

mgyoe.com

mgyoe.com

ဂျူရီလူကြီးအဖွဲ့က ကျွန်တော်ကို တရင်းတနှီး ခေါင်းညိတ်ပြရင်း နှုတ်ဆက် လိုက်ပါတယ်။

ကျွန်တော်ရဲ့သိပ္ပံစမ်းသပ်မှု ရှင်းလင်းချက်တွေကို သူတို့ နားလည်သဘော ပေါက်လိမ့်မယ်လို့ ကျွန်တော် တွေးလိုက်တယ်။

တရားရုံးအပြင်ထွက်လိုက်တာနဲ့ သတင်းထောက်တွေက ကျွန်တော့် အနား ဝိုင်းအုံလာကြပြီး သက်သေထွက်ဆိုချက်တွေကို သူ့ထက်ငါ အလုအယက် ဝိုင်းမေးကြတော့တယ်။ ပင်ပင်ပန်းပန်းရပ်စောင့်နေတဲ့ သတင်းထောက်တွေကို ကျွန်တော်ပြုံးပြပြီး "ဆောရီး. . . ခင်ဗျားတို့ကို အကြပ်ရိုက်တာတော့ မဟုတ်ပါ ဘူး၊ ဂျူရီလူကြီးအဖွဲ့ဆီ သက်သေထွက်ဆိုခဲ့တဲ့ ထွက်ဆိုမှုနဲ့ပတ်သက်ပြီး အပြင် ကို မပေါက်ကြားစေဘူးလို့ တရားခွင်မှာ ကျွန်တော် ကျမ်းကျိန်ခဲ့တဲ့အတွက် ခင်ဗျား တို့ကို ပြောပြဖို့ အဆင်မပြေပါဘူး" လို့ ပြောလိုက်တယ်။

ကျွန်တော့်ဆီက သတင်းမရတော့ သတင်းထောက်အဖွဲ့တွေ တဖြည်း ဖြည်း လူစုခွဲသွားကြတယ်။ တရားရုံးကနေ ကျွန်တော် ထွက်ခွာမယ်ပြင်တော့ အမျိုးသမီးသတင်းထောက်တစ်ဦးက ကျွန်တော်နောက်လိုက်ပြီး သူ့ကိုယ်သူ မိတ် ဆက်ပါတယ်။ သူက ကော်နက်တစ်ကပ်ပြည်နယ် 'Celebrity magazine' က သတင်းထောက်တစ်ဦး ဖြစ်တယ်။ တရားရုံးအပြင်မှာ သူစောင့်နေတာကြာပြီမို့ ကျွန်တော်က အားနာစွာနဲ့ "တကယ်ပဲ. . . ဒီနေ့အကြောင်းအရာကို ကျွန်တော် ပြောလို့ မဖြစ်ပါဘူး" လို့ ပြောလိုက်တယ်။

"ဒီနေ့အမှုနဲ့ ပတ်သက်တာကို ကျွန်မ မေးမှာ မဟုတ်ပါဘူး။ ဒေါက်တာလီ အကြောင်း စာတစ်ပုဒ် ရေးချင်လို့ပါ" လို့ သူက အားရဝမ်းသာ ဆိုတယ်။

"ကျွန်တော်က ဘာနာမည်ကြီးတဲ့သူမှ မဟုတ်တာ၊ ကျွန်တော့်အကြောင်း ရေးဖို့ မရှိပါဘူး"

"မဟုတ်ဘူး. . . ဒေါက်တာလီက ထိုင်ဝမ်ကနေ အမေရိကားကို ကျောင်း သားအဖြစ်နဲ့ ရောက်လာခဲ့တယ်။ အဲဒီနောက် ပါမောက္ခ ဖြစ်သွားတယ်။ ပါမောက္ခ ကနေ ပြည်နယ်အစိုးရဌာနရဲ့ ဓာတ်ခွဲခန်းညွှန်ကြားရေးမှူး ဖြစ်သွားပြန်တယ်။ ဒေါက်တာလီရဲ့ ရုန်းကန်လှုပ်ရှားခဲ့ရတဲ့ဘဝက စာအုပ်တစ်အုပ်စာ ရေးလို့ ရနိုင် ပါတယ်"

သတင်းထောက်အမျိုးသမီးက အကျိုးအကြောင်းတစ်ပုံကြီးနဲ့ ပြောလာ ခဲ့လို့ နောက်ဆုံးမှာ သူ့အင်တာဗျူးကို ငြင်းဆန်ရခက်တာကြောင့် တရားရုံးရှေ့က

mgyoe.com

mgyoe.com


ခုံတန်းမှာ သူနဲ့အတူထိုင်ချပြီး အမေရိကန်မှာ တွေ့ကြုံဖြတ်သန်းခဲ့ရတဲ့ ကျွန်တော့် ဘဝကို စတင်မိတ်ဆက်လိုက်ပါတယ်။

❑

ဂျီအန်နာရဲ့အမှုက ကော်နက်တစ်ကပ်ပြည်နယ်မှာ မျက်မြင်သက်သေ မရှိတဲ့ သိပ္ပံပညာနဲ့ ပထမဆုံးဖော်ထုတ်ခဲ့တဲ့ အမှုဖြစ်တယ်။ ဂျူရီလူကြီးအဖွဲ့က ရော်နာကို ဒီအမှုနဲ့ တရားဝင်စွဲချက် တင်,မတင် ဆိုတာကို လူတိုင်းစောင့်ကြည့် နေခဲ့ကြတယ်။

ရော်နာကို တရားဝင်စွဲချက်တင်ပြီလို့ ဂျူရီလူကြီးအဖွဲ့က မကြေညာခင် ရှေ့ရက်တွေမှာ ဒီအမှုကို ခုခံချေပမယ့် ရှေ့နေဆီက ဖုန်းကို ကျွန်တော် ရလိုက်ပါ တယ်။ သူက သူ့ကျွမ်းကျင်သက်သေကို ခေါ်ပြီး ရဲဌာနမှာရှိတဲ့ ဓာတ်ခွဲခန်းကို လာရောက်ကြည့်ရှုချင်ကြောင်း၊ စမ်းသပ်မှုရလဒ်အဖြေကို ဆွေးနွေးလိုကြောင်း ပြောပါတယ်။

အရင်တုန်းက ရဲဌာနဓာတ်ခွဲခန်းက အပြင်လူ ဝင်ခွင့်မရတဲ့နေရာပါ။ အပြင်လူ ဝင်ရောက်ကြည့်ရှုနိုင်အောင် တစ်ခါမှ ဖွင့်မပေးပါဘူး။ သံသယရှိသူ ဘက်က ခုခံချေပမယ့်ရှေ့နေလည်း ဝင်ခွင့်မရှိပါဘူး။

ဒါပေမဲ့ ဓာတ်ခွဲခန်းညွှန်ကြားရေးမှူးအဖြစ် ကျွန်တော် စတာဝန်ထမ်း ဆောင်ပြီးနောက် အပြင်လူတွေကို ဝင်လေ့လာခွင့် ပေးခဲ့ပါတယ်။ သံသယ ရှိသူ ဘက်က ရှေ့နေတွေကိုလည်း ဝင်ခွင့်ပေးခဲ့ပါတယ်။ ဒါမှ ဓာတ်ခွဲခန်းရဲ့ ယုံကြည်မှု အားကို အကျိုးရှိရှိ တည်ဆောက်နိုင်မှာဖြစ်တယ်။ အခုချိန်မှာ အမေရိကန် အနယ် နယ်အရပ်ရပ်က ရဲဌာနဓာတ်ခွဲခန်းတွေဟာ အပြင်လူဝင်ရောက်လေ့လာနိုင်ဖို့ ဖွင့်လှစ်ထားပြီး ဖြစ်ပါတယ်။

သံသယရှိသူဘက်က ရှေ့နေနဲ့ သူတို့ရဲ့ကျွမ်းကျင်သက်သေကို ဓာတ်ခွဲ ခန်းထဲ ကျွန်တော် ဦးဆောင်ခေါ်ခဲ့ပါတယ်။ ပြီးတော့ ဓာတ်ခွဲစမ်းသပ်မှုနဲ့ ရလဒ် အဖြေတွေ သူတို့ကို ရှင်းလင်းပြသပါတယ်။ တစ်ချိန်တည်းမှာပဲ ဓာတ်ခွဲရလဒ် အဖြေအားလုံးဟာ ရော်နာကိုပဲ ဦးတည်နေကြောင်း သူတို့ရဲ့ကျွမ်းကျင်သက်သေ နဲ့ ဆွေးနွေးခဲ့ပါတယ်။

အဲဒီရက်တွေ ကုန်လွန်တဲ့နောက် ရော်နာမှာ ပြစ်မှုကျူးလွန်နိုင်တဲ့ သက်သေအထောက်အထားတွေ ခိုင်လုံနေတာကြောင့် သူ့ကို အဓမ္မကျင့်လူသတ်မှု နဲ့ ဂျူရီလူကြီးအဖွဲ့က စတင် တရားဝင် တရားစွဲခဲ့ပါတယ်။ သံသယရှိသူဘက်က

mgyoe.com

mgyoe.com

လည်း ခိုင်လုံတဲ့သက်သေတွေကို ငြင်းဆန်ချေပလို့ရနိုင်မှာ မဟုတ်မှန်းသိတော့ အပြစ်ရှိကြောင်း ဝန်ခံခဲ့ပါတယ်။ ဒီလိုနဲ့ ဂျိုအန်နာကို အစမွှကျင့်သတ်ဖြတ်ခဲ့မှုနဲ့ ရော်နာကို ထောင်အနှစ် ၃၀ ချမှတ်လိုက်ပါတယ်။ ဒီအမှုကို တာဝန်ယူကိုင်တွယ်တဲ့ တရားသူကြီးက အမှုပြီးဆုံးချိန်မှာ ဒီအမှုနဲ့ပတ်သက်တဲ့ လူသတ်လက်နက်ကို ထိန်းသိမ်းပြသထားဖို့ တောင်းဆိုပါတယ်။

"ဒီဓားက သမိုင်းဝင်တဲ့ဓား ဖြစ်တယ်။ ဒီဓားဟာ ကော်နက်တစ်ကပ်ပြည်နယ်မှာ သိပ္ပံနည်းပညာရပ်နဲ့ ပထမဆုံး ဖော်ထုတ်နိုင်ခဲ့တဲ့အမှုမှာ အဓိက အရေးပါတဲ့ သက်သေဖြစ်တယ်" လို့ တရားသူကြီးက ဆိုပါတယ်။

အဲဒီနောက် ကျွန်တော်တို့ရဲ့ဓာတ်ခွဲခန်းက ထင်ရှားကျော်ကြားလာပြီး နောက်နှစ်ပေါင်းတွေထဲမှာ သိပ္ပံနည်းပညာရပ်နဲ့ အမှုပေါင်းများစွာကို ကျွန်တော်တို့ ဖော်ထုတ်နိုင်ခဲ့ကြပါတယ်။

ကော်နက်တစ်ကပ်ပြည်နယ်က သေဒဏ်နဲ့ အဆုံးစီရင်ဖို့ စောင့်ဆိုင်းနေတဲ့ တရားခံ ၈ ယောက် ရှိပါတယ်။ အဲဒီတရားခံ ၈ ယောက်လုံးဟာ တရားရုံးမှာ ကျွန်တော်တို့ဓာတ်ခွဲခန်းရဲ့ သက်သေထွက်ဆိုမှုကြောင့် အပြစ်ပေးခံခဲ့ရတဲ့သူတွေ ဖြစ်ပါတယ်။

♦ ♦ ♦

mgyoe.com